# မြန်မာ့အလင်း

၁၉၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက် | ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ ၁၅ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၀)၊ အမှတ် (၀၄၆)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် (၂၃) ကြိမ်မြောက် အာဆီယံအပေါင်းသုံး ထိပ်သီးအစည်းအဝေးနှင့် (၁၅)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးတို့သို့ ပါဝင်တက်ရောက်







နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပပြုလုပ်သည့် (၂၃) ကြိမ်မြောက် အာဆီယံအပေါင်းသုံး ထိပ်သီးအစည်းအဝေးသို့ ပါဝင်တက်ရောက်စဉ်။ သတင်းစဉ်

နေပြည်တော် နိုဝင်ဘာ ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပပြုလုပ်သည့် (၂၃)ကြိမ်မြောက် အာဆီယံအပေါင်းသုံး ထိပ်သီးအစည်းအဝေးနှင့် (၁၅) ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးတို့သို့ နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပါဝင်တက်ရောက်ခဲ့သည်။

(၂၃)ကြိမ်မြောက် အာဆီယံအပေါင်းသုံးထိပ်သီးအစည်းအဝေးတွင် အာဆီယံ၏ အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် Mr. Nguyen Xuan Phuc က သဘာပတိအဖြစ် ဆောင်ရွက်ပြီး၊ အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ ခေါင်းဆောင်များ ပါဝင်တက်ရောက်ခဲ့ကြသည်။ ထိပ်သီးအစည်းအဝေးတွင် ခေါင်းဆောင်များက အာဆီယံအပေါင်းသုံး နိုင်ငံများအကြား အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်မည့်အခြေအနေများနှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁*


**"လက်ရှိကာလနှင့် အနာဂတ်တွင် ကြုံတွေ့မည့် ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေကို ရင်ဆိုင်ဖြေရှင်းရာတွင် ပိုမိုအသင့်ရှိစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုစနစ်များကို ပြန်လည်ဆန်းသစ်ခိုင်မာစေရန် အရေးကြီးကြောင်း"**

## တက္ကသိုလ်ရာပြည့် ဘဝတစ်ကွေ့

ရန်ကုန်တက္ကသိုလ်နှစ်တစ်ရာပြည့် အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး


စာ - ၈၊၉


## နေအိမ်မှနေ၍ အလုပ်လုပ်သူများကို ပစ်မှတ်ထားသည့် ဆိုက်ဘာ တိုက်ခိုက်မှုများတိုးလာ


နိုင်ငံတကာသတင်း စာ - ၁၂


## ကမ္ဘာ့ပြည်သူတစ်ရပ်လုံး အာရုံစိုက်နေတဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေး


နိုင်ငံတကာရေးရာ စာ - ၁၄





# မြန်မာ့အလင်း

## ငြိမ်းချမ်းသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု

ပြည်သူ့ကိုယ်စားလှယ်များကို မဲပေးရွေးချယ်သည့် ငါးနှစ်တစ်ကြိမ် ရွေးကောက်ပွဲတွင် ပြည်သူတို့ မဲပေးပြီးခဲ့ပြီ။ ကချင်ပြည်နယ်မှ အချို့သော နေရာအနည်းငယ်မှလွဲလျှင် အခြားသော တိုင်းနှင့် ပြည်နယ်များရှိ မဲဆန္ဒနယ်မြေအားလုံး မဲရေတွက်မှုလုပ်ငန်းများ ပြီးဆုံးပြီဖြစ်ကာ ရွေးကောက်ပွဲရလဒ်များကိုလည်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ကြေညာပြီး ဖြစ်ပါသည်။

ရွေးကောက်ပွဲ အောင်မြင်မှုကိုရော၊ မဲအနိုင်ရရှိသော ပါတီကိုရော နိုင်ငံတကာက လေးစားသမှုဖြင့် ထုတ်ဖော်ပြောဆိုသည့် ဂုဏ်ပြုစကားများ၊ ပြည်တွင်းမှ မဲပေးသူတို့၏ ဝမ်းသာရွှင်မြူး အားရမှုများကြားတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အောင်လံတလူလူ လွှင့်ထူနိုင်ခဲ့ပြီ ဖြစ်ပါသည်။

ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် နှစ်ရပ်ပေါင်း ပြည်ထောင်စုလွှတ်တော်၏ အများစုသော မဲတို့ကို လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် မဲအများစုကို လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များက တိုင်းရင်းသားလူမျိုးများ လွှတ်တော်တို့တွင် လည်းကောင်း ပြတ်ပြတ်သားသား အနိုင်ရရှိခဲ့ပြီဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်အရ သိခဲ့ပြီဖြစ်ပါသည်။

ရွေးကောက်ပွဲကော်မရှင်၏ ကြေညာပြီးသလောက်နှင့်ပင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အစိုးရအဖွဲ့ ဖွဲ့စည်းနိုင်ပြီဟု သိရပြီ ဖြစ်ပါသည်။ ထိုသို့ ပေါ်ပေါက်လာမည့် လွှတ်တော်များနှင့် ပြည်သူ့အစိုးရတို့က မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေး မဏ္ဍိုင်တို့ကို ဆက်လက်တာဝန်ယူဆောင်ရွက်သွားမည်ဟု နားလည်ပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဆွဲကိုင်ထားသော အခြေခံမူများဖြစ်သည့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းပဋိပက္ခများ ချုပ်ငြိမ်းရေး၊ တိုင်းရင်းသားလူမျိုးစုများ တန်းတူညီမျှရေး၊ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု ထူထောင်ရေး၊ ဒီမိုကရေစီ စံနှုန်းများဖြင့် ကိုက်ညီသော အခြေခံဥပဒေအဖြစ် ပြင်ဆင်ရေးဆွဲရေး၊ ဥပဒေစိုးမိုးရေး စသည့်စသည့် နိုင်ငံရေးလုပ်ငန်းစဉ်များကို တစ်ဆင့်ချင်း တည်ဆောက်သွားမည်ဟု ရှုမြင်ပါသည်။

ယခု ရွေးကောက်ပွဲ မဲအနိုင်အရှုံးစာရင်းများ ကြေညာချက်အရ ပြည်သူ့အစိုးရအဖွဲ့အဖြစ် ဖွဲ့စည်းနိုင်တော့မည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ပထမဆုံးအနေဖြင့် နောင်အနာဂတ် မြန်မာနိုင်ငံအတွက် ရေးရှုရမည့် ပြည်ထောင်စုအရေးကိစ္စအဖြစ် တိုင်းရင်းသားနိုင်ငံရေးပါတီ ၄၈ ဖွဲ့သို့ ဦးတည်ပေးပို့ ထုတ်ပြန်ခဲ့ပါသည်။

ပေးပို့စာတွင်-

တိုင်းရင်းသားပါတီများသည် ပြီးခဲ့သော အထွေထွေရွေးကောက်ပွဲကြီးတွင် ပြည်နယ်အသီးသီးက တက်တက်ကြွကြွပါဝင်ဆင်နွှဲခဲ့ကြ၏။ အချို့သောပြည်နယ်များတွင် မျှော်မှန်းခဲ့သလောက် မဲမရရှိခဲ့သော်လည်း အချို့သော မဲဆန္ဒနယ်များတွင် ကျေနပ်ဖွယ်သော ရွေးကောက်ပွဲရလဒ်များရခဲ့၏။ မည်သို့သော အခြေအနေတွင်ဖြစ်စေ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု ပေါ်ထွန်းရေးကို မမိုတ်မသုန် ဆက်လက်ကြိုးပမ်းအကောင်အထည်ဖော်သွားမည်။ ထို့ကြောင့် တိုင်းရင်းသားပါတီများနှင့် အဖွဲ့ချုပ်၏ ရည်မှန်းချက်သည် တူညီကြသည့်အားလျော်စွာ တိုင်းရင်းသားလူမျိုးစုများ၏ ဆန္ဒကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အလေးထားဆောင်ရွက်သွားမည်ဖြစ်၏။ တိုင်းရင်းသားပါတီများကလည်း ထိုရည်မှန်းချက်ဖြစ်သည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုအရေးကို အဖွဲ့ချုပ်နှင့်အတူ တက်တက်ကြွကြွ ပူးပေါင်းပါဝင်ကြမည်ဟု မျှော်လင့်ကြောင်း စသည်ဖြင့် ဖြစ်ပါ၏။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ထာဝစဉ် ဆွဲကိုင်ခဲ့သော အမျိုးသားပြန်လည်သင့်မြတ်ရေး (အမျိုးသားရင်ကြားစေ့ရေး) ဟူသည်မှာ ပြည်ထောင်စုတစ်ဝန်းလုံးရှိ လူမျိုးစုတိုင်းရင်းသားများ၊ တပ်မတော်သားများ၊ တစ်နည်းဆိုသော် ပြည်သူလူထုတစ်ရပ်လုံး၏ အချင်းချင်းကြား စစ်ဘေးရန်မီး အရှိန်သတ်နိုင်ရေး၊ အမုန်း လျော့ပါးရေး၊ သင့်သင့်မြတ်မြတ်ဖြစ်ကြရေး၊ ဗြဟ္မစိုရ်တရားပွားများကာ စစ်မှန်သော ငြိမ်းချမ်းမှု တည်ဆောက်နိုင်ရေး ဖြစ်ပါသည်။

ယနေ့ ရွေးကောက်ပွဲများက ပေါ်ပေါက်လာမည်ဖြစ်သော ပြည်သူ့အစိုးရသည် ပြည်သူလူထု၏ဆန္ဒနှင့်အညီ မြန်မာနိုင်ငံတော် အမှန်တကယ် ငြိမ်းချမ်းရေးကို အမြန်ဆုံး အကောင်အထည်ဖော်နိုင်ပါစေသတည်း။ တိုင်းရင်းသားတို့ကြား တန်းတူညီမျှသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု အမြန်ဆုံးတည်ဆောက်နိုင်ပါစေ သတည်း။ ။



## ကျိုက်သလွံစေတီတော်မြတ်ကြီးအား သင်္ကန်းဆက်ကပ်လှူဒါန်းခြင်းနှင့် မျက်နှာကြက်တော် ဆက်ကပ်လှူဒါန်းပွဲကျင်းပ



မော်လမြိုင် နိုဝင်ဘာ ၁၄

မွန်ပြည်နယ် မော်လမြိုင်မြို့၏ ကျက်သရေဆောင် သမိုင်းဝင် ကျိုက်သလွံစေတီတော်မြတ်ကြီးအား သင်္ကန်းဆက်ကပ်လှူဒါန်းခြင်းနှင့် မျက်နှာကြက်တော် ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက် ၈ နာရီက အဆိုပါစေတီတော်မြတ်ကြီးရင်ပြင်တော်၌ ကျင်းပသည်။

ရှေးဦးစွာ ပင့်ဆရာတော် သံဃာတော်များနှင့် တက်ရောက်လာကြသူများက နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး မော်လမြိုင်မြို့ သာသနာ့မာရ်အောင် ဝဲပျံစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက (မဟာဂန္ထဝါစက ပဏ္ဍိတ) ဘဒ္ဒန္တနန္ဒဝံသထံမှ မွန်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် ဧည့်ပရိသတ်အပေါင်းတို့က ရှစ်ပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်သံဃာတော် အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူသည့် အန္တရာယ်ကင်း ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ကျိုက်သလွံစေတီတော်မြတ်ကြီးအား ဆက်ကပ်လှူဒါန်းမည့် သင်္ကန်း ခုနစ်စုံတို့ကို မွန်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ မော်လမြိုင်မြို့ သာသနာ့မာရ်အောင် ဝဲပျံစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက (မဟာဂန္ထဝါစက ပဏ္ဍိတ) ဘဒ္ဒန္တနန္ဒဝံသထံမှ အနုမောဒနာ တရားတော်မြတ်ကို နာယူကြည်ညိုကာ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် မွန်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများတို့သည် စေတီတော်မြတ်ကြီး၏ အရှေ့ဘက်၊ အနောက်ဘက်၊ တောင်ဘက်နှင့် မြောက်ဘက်ဝတ်ရှိ ဗုဒ္ဓဆင်းတုတော်များ၏ မျက်နှာကြက်တော်များကို ဆက်ကပ်လှူဒါန်းပြီး ကျိုက်သလွံစေတီတော်မြတ်ကြီးအား သင်္ကန်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

## ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့် ရာပြည့်သဘင်အထိမ်းအမှတ် ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ နောက်ဆုံးပွဲစဉ်ရိုက်ကူးမှုနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၄

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်တွင် ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာ ပြည့်မြောက်မည် ဖြစ်သောကြောင့် ရန်ကုန်တက္ကသိုလ်၏ နှစ် (၁၀၀) ပြည့် အကြိုအထိမ်းအမှတ် အစီအစဉ်များကို ကျင်းပလျက်ရှိသည်။



ရန်ကုန်တက္ကသိုလ်၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းပြီးမြှင့်တင်ရန် အဓိကဦးတည်ချက်များ၏ စွမ်းဆောင်မှုများကို ဖော်ထုတ်ခြင်း၊ တက္ကသိုလ်၏ ထင်ရှားကျော်ကြားခဲ့သော ပုံရိပ်များကို အောက်မေ့သတိရရန်နှင့် ရန်ကုန်တက္ကသိုလ်၏ အောင်မြင်မှုများကို အတုယူရင်း ပညာရေးအဆင့်အတန်းမြှင့်တင်ရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နိုင်ရန်စသည့် ရည်ရွယ်ချက်များဖြင့် ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀)ပြည့် ရာပြည့်သဘင်အထိမ်းအမှတ် ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ နောက်ဆုံးပွဲစဉ် ရိုက်ကူးမှုကို နိုဝင်ဘာ ၁၄ ရက်က ရန်ကုန်မြို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စတူဒီယို၌ ပြုလုပ်သည်။

နောက်ဆုံးပွဲစဉ်ရိုက်ကူးမှုအပြီးတွင် ဆုချီးမြှင့်ပွဲကျင်းပရာ ရမှတ် (၂၅)မှတ်ဖြင့် တောင်ငူအဖွဲ့မှ ပထမ၊ ရမှတ် (၂၂) မှတ်ဖြင့် ရာမညအဖွဲ့က ဒုတိယ၊ ရမှတ် (၂၁) မှတ်ဖြင့် ဒဂုံအဖွဲ့က တတိယ၊ ရမှတ် (၁၆) မှတ်ဖြင့် ပဲခူးအဖွဲ့က နှစ်သိမ့်ဆုများရရှိကြကြောင်း သိရသည်။ **ရန်ကုန်သတင်းဌာနခွဲ**

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ

## COVID-19 ရောဂါကုသရန် သွေးရည်ကြည်အလှူရှင်များဖိတ်ခေါ်ခြင်း

- ❖ COVID–19 ရောဂါပိုးကူးစက်ခံရပြီး ရောဂါပျောက်ကင်းသူများ၏ သွေးရည်ကြည်ထဲတွင် ကိုရိုနာဗိုင်းရပ်(စ်)ပိုး (severe acute respiratory syndrome coronavirus 2– SARS–CoV–2) ကို ခုခံကာကွယ်နိုင်သော ပဋိပစ္စည်း ( Antibody) များ ကျန်ရစ်သည့် ၎င်းတို့၏ သွေးရည်ကြည် (Convalescence Plasma) အား အသုံးပြု၍ COVID–19 ရောဂါ ပြင်းထန်သောလူနာများကို ကုသရာတွင် ရောဂါသက်သာ ပျောက်ကင်းရန် အထောက်အကူပြုကြောင်း တွေ့ရှိရပါသည်။
- ❖ ကိုရိုနာဗိုင်းရပ်(စ်)ပိုး (SARS–CoV–2) ကူးစက်ခံရပြီး (၂၈) ရက်တိတိ ပကတိ ပြန်လည်နေထိုင်ကောင်းလာသူများအနေနှင့် ၎င်းတို့၏ သွေးရည်ကြည်ကို လှူဒါန်းခြင်းဖြင့် ကိုဗစ်ရောဂါ ပြင်းထန်စွာ ခံစားနေသော လူနာများ၏အသက်ကို ကယ်တင်ပေးနိုင်မည်ဖြစ်သည်။
- ❖ သွေးရည်ကြည်အလှူရှင်ထံမှ သွေးရည်ကြည်ထုတ်ယူရာတွင် ယခုအခါ သွေးရည်ကြည်ထုတ်စက် (Apheresis machine) ကို အသုံးပြု၍ သွေးရည်ကြည် (၄၀၀) စီစီမှ (၆၀၀)စီစီအထိ ထုတ်ယူနိုင်၍ လူနာ(၂) ဦးမှ (၃)ဦးအတွက် အသုံးပြုနိုင်မည်ဖြစ်သည်။ သွေးရည်ကြည်လှူဒါန်းရာတွင် အလှူရှင်၏ သွေးနီဥများကို အလှူရှင်၏ ကိုယ်ခန္ဓာတွင်းသို့ စက်မှ တစ်ဆင့် ပြန်လည်သွင်းပေးခြင်းဖြင့် သွေးရည်ကြည် အလှူရှင်မှာ သွေးအား လျော့နည်းသွားခြင်းမရှိပါ။
- ❖ ဤကဲ့သို့ သွေးရည်ကြည်လှူဒါန်းခြင်းကို (၂)ပတ်မှ (၄)ပတ် တစ်ကြိမ် (၃)ကြိမ်ထိ လှူဒါန်းနိုင်၍ သွေးရည်ကြည်လှူဒါန်းသူတစ်ဦးမှ တစ်ဦးထက်မကသော ကိုဗစ် လူနာအသက်များကို ကယ်တင်နိုင်မည်ဖြစ်ပါသည်။
- ❖ သွေးရည်ကြည်အလှူရှင်သည် ကိုရိုနာဗိုင်းရပ်(စ်)ပိုး ( SARS–CoV–2) ကူးစက်ခံရပြီး (၂၈) ရက်ထက်မနည်း နေကောင်းနေသူ ဖြစ်ရပါမည်။ အသက်(၁၈)နှစ်မှ (၆၀)နှစ် ရှိရမည်။ ကိုယ်အလေးချိန် ပေါင် ၁၂၀ (ကျား) နှင့် ပေါင် ၁၁၀ (မ) အနည်းဆုံးရှိရပါမည်။ ကျန်းမာနေကောင်းရမည်။ သာမန်သွေးလှူရှင်များ၏ ကျန်းမာရေးကို မထိခိုက်စေရန် ဆောင်ရွက်သော စည်းကမ်းများအတိုင်း ဆောင်ရွက်ပေးမည်ဖြစ်သည်။ သွေးရည်ကြည်မလှူဒါန်းမီ ကျန်းမာရေးစစ်ဆေးပေးမည်ဖြစ်သည်။
- ❖ အမျိုးသားသွေးဌာနမှ COVID–19 ရောဂါမှ ပြန်လည်ကောင်းမွန်သူများ၏ သွေးရည်ကြည် စုဆောင်းသည့်လုပ်ငန်းကို ဆောင်ရွက်နေပြီး ရန်ကုန်မြို့၊ ဦးဝိစာရလမ်း၊ ဇီဝကလမ်းခွဲရှိ ဆေးသုတေသနဦးစီးဌာနတွင် သွေးရည်ကြည် လှူဒါန်းနိုင်ရန် သီးသန့်အခန်း ဖွင့်လှစ်ထားပါသည်။ COVID–19 ရောဂါ ပြင်းထန်သောလူနာများ၏ အသက်ကို ကယ်တင်နိုင်ရန် စေတနာရှင် သွေးရည်ကြည်အလှူရှင်များကို ဖိတ်ခေါ်အပ်ပါသည်။
- ❖ သွေးရည်ကြည်လှူဒါန်းရန် အောက်ပါဖုန်းနံပါတ်နှင့် Website တို့ကို ဆက်သွယ်လှူဒါန်းနိုင်ပါသည်။
  - ၀၉-၅၁၃၀၄၁၈
  - ၀၉-၅၄၀၂၀၉၈
  - ၀၉-၉၆၅၁၃၀၄၁၈
  - www.donatebloodmyanmar.org

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပပြုလုပ်သည့် (၁၅)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးသို့ ပါဝင်တက်ရောက်စဉ်။ သတင်းစဉ်

## “COVID-19 ကပ်ရောဂါကဲ့သို့သော စိန်ခေါ်မှုအကျပ်အတည်းများကြားမှ ရခိုင်ပြည်နယ်ရှိ အသိုက်အဝန်းအားလုံး၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ စိန်ခေါ်မှုများစွာ ရင်ဆိုင်နေရစေကာမူ တရားမျှတမှုနှင့် လူ့အခွင့်အရေးတို့နှင့် ပတ်သက်၍ နိုင်ငံတစ်ဝှမ်းလုံး၌ တိုးတက်မှုရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း”

❊ *ရှေ့ဖုံးမှ*

ခေါင်းဆောင်များက အဓိကမောင်းနှင်အားအဖြစ် အာဆီယံတည်ရှိသည့် အရှေ့အာရှအသိုက်အဝန်းတစ်ရပ် ထူထောင်ရေးဆိုင်ရာ ရေရှည်ရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အာဆီယံအပေါင်းသုံးနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုသည် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ ကူးစက်ရောဂါအလွန် ဒေသတွင်း ပြန်လည်နာလန်ထူရေးကို ဆောင်ရွက်ရာတွင် အာဆီယံ အပေါင်းသုံးနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးတက်ခိုင်မာစေရန်နှင့် COVID-19 ကူးစက်ရောဂါကို ထိရောက်စွာကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် အာဆီယံအပေါင်းသုံးနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုအခန်းကဏ္ဍကို ပိုမိုမြှင့်တင်ရန် လိုအပ်ကြောင်း ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် ခေါင်းဆောင်များက အရှေ့အာရှဒေသ၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို တိုးမြှင့်ဖော်ဆောင်ရာ၌ အာဆီယံအပေါင်းသုံးနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးကြောင်း ထုတ်ဖော်ပြောဆိုပြီး၊ လူကုန်ကူးမှု၊ အကြမ်းဖက်မှုနှင့် အစွန်းရောက်မှု စသည့် သမားရိုးကျမဟုတ်သော လုံခြုံရေးကိစ္စရပ်များကို ရင်ဆိုင်ဖြေရှင်းရာတွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်ခိုင်မာစေရန် ကတိကဝတ်ပြုခဲ့ကြသည်။

အာဆီယံအပေါင်းသုံး ထိပ်သီးအစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကူးစက်ရောဂါပျံ့နှံ့မှု၊ စီးပွားရေးအားပြိုင်မှုနှင့် ပထဝီမဟာဗျူဟာအခင်းအကျင်း ပြောင်းလဲမှုတို့ကို ရင်ဆိုင်နေကြရသည့်အချိန်တွင် အာဆီယံအပေါင်းသုံးနိုင်ငံများအကြား စည်းလုံးညီညွတ်မှု ပိုမိုတိုးတက်ခိုင်မာလျက်ရှိသည်ကို တွေ့မြင်ရသည့်အတွက် ဝမ်းမြောက်ကြောင်း၊ လက်ရှိကာလနှင့် အနာဂတ်တွင် ကြုံတွေ့မည့် ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေကို ရင်ဆိုင်ဖြေရှင်းရာတွင် ပိုမိုအသင့်ရှိစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုစနစ်များကို ပြန်လည်ဆန်းသစ်ခိုင်မာစေရန် အရေးကြီးကြောင်း၊ COVID-19 ကူးစက်ရောဂါဆိုင်ရာ လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ခြင်း၊ နိုင်ငံစုံပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ ချင်းမိုင်အစီအစဉ် (CMIM)ကို တိုးတက်ခိုင်မာစေခြင်း၊ မရှိမဖြစ်လိုအပ်သော ကုန်စည်များ ပို့ဆောင်ရေးလမ်းကြောင်းကို ပြန်လည်ဖွင့်လှစ်ခြင်းနှင့် ဒေသတွင်း ပုံမှန်ခရီးသွားလာမှုကို တဖြည်းဖြည်း ပြန်လည်စတင်ခြင်း စသည်တို့မှတစ်ဆင့် စီးပွားရေးနှင့် ဘဏ္ဍာရေးကြံ့ကြံ့ခံနိုင်စွမ်းရှိစေရေးအတွက် လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုနှင့် ခိုင်မာသည့် မူဝါဒဆိုင်ရာပေါင်းစပ်ညှိနှိုင်းမှုတို့ကို ဆက်လက်ဆောင်ရွက်သွားကြရန် အရေးကြီးကြောင်း၊ အာဆီယံအပေါင်းသုံးနိုင်ငံများအနေဖြင့် ကမ္ဘာ့ကူးစက်ရောဂါကို ရင်ဆိုင်ကျော်လွှားရေးနှင့် ကူးစက်ရောဂါအလွန် ပြန်လည်နာလန်ထူရေးတို့ကို ကြိုးပမ်းဆောင်ရွက်ရာတွင် ဒေသတွင်း တည်ငြိမ်အေးချမ်းမှုသည် များစွာအရေးကြီးသည်ဖြစ်၍ အာဆီယံအပေါင်းသုံးလုပ်ငန်းစဉ် (၂၀၁၈-၂၀၂၂)တွင် ပါရှိသည့် သမားရိုးကျမဟုတ်သော လုံခြုံရေးကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရာတွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်ခိုင်မာစေရန် လိုအပ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

(၁၅) ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးတွင် အာဆီယံ၏အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် Mr. Nguyen Xuan Phuc က သဘာပတိအဖြစ်ဆောင်ရွက်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ ဩစတြေးလျ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယ၊ ဂျပန်၊ နယူးဇီလန်၊ ကိုရီးယားသမ္မတနိုင်ငံ၊ ရုရှားနှင့် အမေရိကန်နိုင်ငံတို့မှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြသည်။ ထိပ်သီးအစည်းအဝေးတွင် ခေါင်းဆောင်များက အရှေ့အာရှထိပ်သီးအစည်းအဝေးအဖွဲ့ဝင်နိုင်ငံများအကြား အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်မည့် အခြေအနေများနှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အရှေ့အာရှထိပ်သီးအစည်းအဝေး ထူထောင်ခြင်း (၁၅)နှစ် ပြည့်မြောက်သည့် နှစ်ပတ်လည် အခါသမယတွင် ခေါင်းဆောင်များက အားလုံးနှင့်သက်ဆိုင်သည့် မဟာဗျူဟာ၊ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာကိစ္စရပ်များကို အတူတကွ ပူးပေါင်းဖြေရှင်းကြရာတွင် အရှေ့အာရှထိပ်သီးအစည်းအဝေးကို ခေါင်းဆောင်များဦးဆောင်သည့် အဓိကနေရာတစ်ခုအဖြစ် ပိုမိုတိုးတက်ခိုင်မြဲစေရန် ထပ်လောင်းကတိကဝတ်ပြုခဲ့ကြသည်။ ထို့ပြင် ခေါင်းဆောင်များက COVID-19 ကူးစက်ရောဂါကို ရင်ဆိုင်တုံ့ပြန်ရာတွင် ထိရောက်မှုရှိသည့် ကုသဆေးနှင့် ကာကွယ်ဆေးများကို အားလုံးက သာတူညီမျှ ခံစားရရှိရေး၏အရေးပါမှုကို အသိအမှတ်ပြုကြပြီး၊ ဘေးကင်းလုံခြုံမှုရှိ၍ အရည်အသွေးပြည့်ဝပြီး၊ ထိရောက်မှုရှိသည့် COVID-19 ကာကွယ်ဆေးများကို အားလုံးက လက်လှမ်းမီသည့်ဈေးနှုန်းဖြင့် သာတူညီမျှ ခံစားရရှိစေရေးကို ကြိုးပမ်းဆောင်ရွက်သွားကြမည့် ၎င်းတို့၏ ကတိကဝတ်ကို ထပ်လောင်းအတည်ပြုခဲ့ကြသည်။

အရှေ့အာရှထိပ်သီးအစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နှစ်ဦးနှစ်ဖက်အကျိုးစီးပွားနှင့် စိုးရိမ်ပူပန်မှုများရှိသည့် နယ်ပယ်များ၌ မဟာဗျူဟာဆွေးနွေးမှုနှင့် လက်တွေ့ပူးပေါင်းဆောင်ရွက်မှုများကို အကောင်အထည်ဖော်ခြင်းအားဖြင့် အာဆီယံနှင့် ဒေသပြင်ပ၏ တည်ငြိမ်အေးချမ်းရေးနှင့် သာယာဝပြောရေးကို တိုးမြှင့်ဆောင်ရွက်ရာတွင် အရှေ့အာရှထိပ်သီးအစည်းအဝေး၏ အရေးပါသည့်အခန်းကဏ္ဍကို အသိအမှတ်ပြုကြောင်း၊ အပြန်အလှန်ယုံကြည်မှုနှင့် အပြန်အလှန်နားလည်မှုတို့ကို တိုးမြှင့်တည်ဆောက်ရန်အတွက် အရှေ့အာရှထိပ်သီးအစည်းအဝေးအဖွဲ့ဝင်နိုင်ငံများအကြား ရင်းနှီးပွင့်လင်းစွာ လွတ်လွတ်လပ်လပ် တိုင်ပင်ဆွေးနွေးသည့် အပြုသဘောဆောင်သော အနေအထားကို ပိုမိုတိုးတက်ခိုင်မာစေရန် အရေးကြီးကြောင်း၊ COVID-19 ကူးစက်ရောဂါမှ ဆောလျင်စွာ ပြန်လည်နာလန်ထူနိုင်ရေးနှင့် အနာဂတ်တွင် ကြုံတွေ့မည့် အကျပ်အတည်းများကို ရေရှည်ကြံ့ကြံ့ခံနိုင်စွမ်းရှိစေရေးတို့အတွက် လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုများကို အရှေ့အာရှထိပ်သီးအစည်းအဝေး၏ မနီလာလုပ်ငန်းစဉ်အောက်မှ တိုးမြှင့်ဖော်ဆောင်သွားကြရန် လိုအပ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ ခေါင်းဆောင်အချို့၏ ပြောကြားချက်ကို တုံ့ပြန်ရာတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ၎င်းတို့နည်းတူ မိမိအနေဖြင့်လည်း ယင်းကိစ္စနှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်မှုရှိသည်ကို ပြောကြားလိုပါကြောင်း၊ COVID-19 ကပ်ရောဂါကဲ့သို့သော စိန်ခေါ်မှုအကျပ်အတည်းများကြားမှ ရခိုင်ပြည်နယ်ရှိ အသိုက်အဝန်းအားလုံး၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ စိန်ခေါ်မှုများစွာ ရင်ဆိုင်နေရစေကာမူ တရားမျှတမှုနှင့် လူ့အခွင့်အရေးတို့နှင့် ပတ်သက်၍ နိုင်ငံတစ်ဝှမ်းလုံး၌ တိုးတက်မှုရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် ဒေသအတွင်းနှင့် တစ်ကမ္ဘာလုံး၏ တည်ငြိမ်အေးချမ်းရေးနှင့် သာယာဝပြောရေးအတွက် အရှေ့အာရှထိပ်သီးအစည်းအဝေး အဖွဲ့ဝင်နိုင်ငံအားလုံးနှင့် နီးကပ်စွာ အတူတကွ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ကိုယ်စား ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် အာဆီယံအပေါင်းသုံးနိုင်ငံ ခေါင်းဆောင်များနှင့် အရှေ့အာရှစီးပွားရေးကောင်စီ၏ကိုယ်စားလှယ်များ တွေ့ဆုံသည့် အခမ်းအနားသို့ ပါဝင်တက်ရောက်ဆွေးနွေးခဲ့သည်။ အလားတူ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် (၈)ကြိမ်မြောက် အာဆီယံ-အမေရိကန် ထိပ်သီးအစည်းအဝေး၊ အာဆီယံ-နယူးဇီလန်အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးနှင့် ဒုတိယအကြိမ်မြောက် အာဆီယံ-ဩစတြေးလျ ထိပ်သီးအစည်းအဝေးတို့သို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ကိုယ်စား ပါဝင်တက်ရောက်ဆွေးနွေးခဲ့သည်။ ဆွေးနွေးဖက်နိုင်ငံများနှင့် ကျင်းပပြုလုပ်သည့် ထိပ်သီးအစည်းအဝေးများတွင် ခေါင်းဆောင်များက အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်မည့်အခြေအနေများနှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

(၈)ကြိမ်မြောက် အာဆီယံ-အမေရိကန် ထိပ်သီးအစည်းအဝေးတွင် အမေရိကန်နိုင်ငံက အာဆီယံနိုင်ငံမှ ကျောင်းသူ ကျောင်းသားများ အမေရိကန်နိုင်ငံတွင် ပညာသင်ကြားမည့်အခွင့်အလမ်း ပိုမိုရရှိစေမည့် Billion Future Scholars’ အစီအစဉ်ကို ထုတ်ပြန်ကြေညာခဲ့သည်။ အလားတူ အာဆီယံ-နယူးဇီလန်အထိမ်းအမှတ် ထိပ်သီးအစည်းအဝေး၌ နယူးဇီလန်နိုင်ငံက အာဆီယံ၏ COVID-19 တုံ့ပြန်ရေးရန်ပုံငွေသို့ ဒေါ်လာ ၁ သန်း၊ ကူးစက်ရောဂါတုံ့ပြန်ရေးကို ကူညီပံ့ပိုးရန် ဒေါ်လာ ၁၂ သန်း၊ ဒေသတွင်း အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ကူညီပံ့ပိုးပေးရန် ဒေါ်လာ ၂၄ သန်း၊ ရာသီဥတုဒဏ်ကို ကြံ့ကြံ့ခံနိုင်သည့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် ဒေါ်လာ ၁၀ သန်းနှင့် ရေအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် မဲခေါင်ကော်မရှင်သို့ ဒေါ်လာ ၅ သန်း ကူညီထောက်ပံ့မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။ ထို့ပြင် အာဆီယံ-ဩစတြေးလျ ထိပ်သီးအစည်းအဝေးတွင် ဩစတြေးလျနိုင်ငံက အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသတွင် ဘေးကင်းလုံခြုံမှုရှိပြီး ထိရောက်သည့် COVID-19 ကာကွယ်ဆေးများကို အားလုံးက ရရှိခံစားနိုင်ရန်အတွက် ဒေါ်လာ သန်း ၅၀၀ ကူညီထောက်ပံ့မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ (၂၃)ကြိမ်မြောက်အာဆီယံအပေါင်းသုံး ထိပ်သီးအစည်းအဝေးနှင့် (၁၅) ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးတို့သို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်တို့လည်း ပါဝင်တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့်အတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ လာအိုနိုင်ငံနှင့် ဘူတန်နိုင်ငံ ဝန်ကြီးချုပ်တို့က ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့

နေပြည်တော် နိုဝင်ဘာ ၁၄

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက အနိုင်ရရှိခဲ့သည့်အတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ လာအိုနိုင်ငံနှင့် ဘူတန်နိုင်ငံ ဝန်ကြီးချုပ်တို့ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့ခဲ့ကြသည်။

အဆိုပါ သဝဏ်လွှာအပြည့်အစုံမှာ-

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဝန်ကြီးချုပ် မစ္စတာ ထောင်လွှန်း ဆီဆုလစ်ထံမှ ပေးပို့သည့်သဝဏ်လွှာ

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲ၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ သောင်ပြိုကမ်းပြို အနိုင်ရရှိခဲ့ခြင်းအတွက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံအစိုးရကိုယ်စား မိမိအနေဖြင့် နွေးထွေးစွာဂုဏ်ယူ ဝမ်းမြောက်ရကြောင်းကို ပြောကြားလိုပါကြောင်း။

အဆွေတော်၏ အမြော်အမြင်ရှိသည့် ဦးဆောင်မှုနှင့် အတွေ့အကြုံ ကြွယ်ဝမှုတို့ဖြင့် မြန်မာနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသည့် COVID-19 ကပ်ရောဂါကို နှိမ်နင်း၊ ထိန်းချုပ်ရေးနှင့် လာမည့်နှစ်များတွင် မြန်မာပြည်သူများအတွက် ပိုမိုတိုးတက်သာယာဝပြောစေရေးရှေးရှုလျက် စီးပွားရေးကဏ္ဍတွင်လည်း ပြန်လည်ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် မြန်မာအစိုးရ၏ ကြိုးပမ်းအားထုတ်မှုများတွင် ကြီးမားသည့် အောင်မြင်မှုများရရှိမည်ဟု ယုံကြည်ပါကြောင်း၊ မိမိအနေဖြင့် နှစ်နိုင်ငံပြည်သူများ၏ အပြန်အလှန်အကျိုးစီးပွားဖော်ဆောင်သွားရေးအတွက် လာအိုနှင့် မြန်မာနိုင်ငံတို့အကြား ရင်းနှီးချစ်ကြည်သည့် ဆက်ဆံရေးနှင့် ကောင်းမွန်သည့် ပူးပေါင်းဆောင်ရွက်မှုများကို အဆွေတော်နှင့် နီးကပ်စွာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အဆွေတော် ကျန်းမာရွှင်လန်းစေရန်နှင့် တာဝန်ဝတ္တရားများထမ်းဆောင်ရာတွင် အောင်မြင်မှုများ ပိုမိုရရှိစေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း။

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ ဘူတန်နိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ လိုတေး ရှာရင်း ထံမှ ပေးပို့သော ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲ၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အနိုင်ရရှိခဲ့ခြင်းအတွက် ဘူတန်နိုင်ငံအစိုးရကိုယ်စား မိမိအနေဖြင့် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ရပါကြောင်း အဆွေတော်ထံသို့ နှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ အဆွေတော်နှင့် NLD ပါတီတို့၏ အောင်မြင်မှုသည် အဆွေတော်အနေဖြင့် NLD ပါတီအား ထက်မြက်တက်ကြွစွာ ဦးဆောင်နိုင်ခဲ့မှုနှင့် အဆွေတော်၏ မဲဆန္ဒနယ်ရှိ ပြည်သူများအပါအဝင် မြန်မာလူထုက အဆွေတော့်အပေါ် ယုံကြည်ကိုးစားမှုကို ထင်ဟပ်ပြသခဲ့ခြင်းပင် ဖြစ်ပါကြောင်း။

NLD ပါတီ၏ ဥက္ကဋ္ဌအဖြစ် မြန်မာပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားအတွက် အရေးကြီးသော နိုင်ငံ့တာဝန်များ အောင်မြင်စွာ ဆက်လက်သယ်ပိုးနိုင်ပါစေရန် မိမိအနေဖြင့် ဆုမွန်ကောင်းပို့သအပ်ပါကြောင်း။

မိမိတို့နှစ်နိုင်ငံအကြား သမိုင်းကာလရှည်ကြာစွာ တည်တံ့လျက်ရှိသည့် နွေးထွေးချစ်ကြည် ရင်းနှီးသော ဆက်ဆံရေးရှိကြသည်ဖြစ်ရာ ယင်းနီးကပ်သည့် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မြဲလာမည်ဟု မျှော်လင့်ပါကြောင်း။

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ပြည်ထောင်စုနယ်မြေအတွင်း တည်ဆောက်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၄

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအတွင်းရှိ ကုမုဒြာရေကန်၌ ဝန်ထမ်းများစိတ်အပန်းဖြေနိုင်ရေးအတွက် တံတားတည်ဆောက်ရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။**



ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ကုမုဒြာရေကန်၌ ဝန်ထမ်းများစိတ်အပန်းဖြေနိုင်ရေးအတွက် တံတားတည်ဆောက်ရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် တံတားဝန်းကျင်အနီး အပန်းဖြေနားနေနိုင်ရန်အတွက် ထိုင်ခုံများထားရှိ ဆောင်ရွက်ရန်၊ ကုမုဒြာရေကန်ဝန်းကျင် သာယာလှပရေးအတွက် ပန်းအလှပင်များ စိုက်ပျိုးဆောင်ရွက်ရန်၊ အပန်းဖြေလျှောက်လမ်း တံတားကြံ့ခိုင်မှုရှိစေရေး စိစစ်ဆောင်ရွက်ရန်၊ တံတားချဉ်းကပ်လမ်းကို ရေတိုက်စားမှုမဖြစ်စေရေးထည့်သွင်း စဉ်းစားဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အဆိုပါရုံးဇရိယာအတွင်း အာစီသုံးထပ်ရုံးအဆောက်အအုံသစ်အား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တည်ဆောက်ရေး ၂၊ အဆောက်အဦအထူးအဖွဲ့ ၄ က တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးရာ တည်ဆောက်ရေးလုပ်ငန်း တာဝန်ရှိသူများက အဆောက်အဦဆောက်လုပ်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ရုံးအဆောက်အအုံသစ်အတွက် ရေနှင့်လျှပ်စစ်မီးလိုအပ်ချက်၊ လျှပ်စစ်မီးတပ်ဆင်ရာတွင်လည်း စွမ်းအင်အနည်းဆုံး အသုံးပြု၍ အလင်းရောင်လိုအပ်ချက်ဖြည့်ဆည်းနိုင်ရေး စီမံဆောင်ရွက်ရန်၊ ဝန်ထမ်းများအား ရုံးခန်းနေရာချထားရာတွင်လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်၊ ရုံးအသုံးအဆောင်နှင့် ပရိဘောဂပစ္စည်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ရန်အတွက် ရန်ပုံငွေလိုအပ်ချက်တို့ကို အချိန်နှင့်တစ်ပြေးညီ တင်ပြတောင်းခံ ဆောင်ရွက်ရန်တို့ကို ဆွေးနွေးမှာကြားသည်။

### ဆွေးနွေးမှာကြား

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဥတ္တရသီရိမြို့နယ်အတွင်း ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ မိုးရာသီလူထုသစ်ပင်စိုက်ပျိုးပွဲ ဆောင်ရွက်၍ စိုက်ပျိုးထားရှိသည့် စိုက်ခင်းများ၏ ရှင်သန်အောင်မြင်မှုအခြေအနေနှင့် ၂၀၂၁ ခုနှစ် မိုးရာသီလူထုသစ်ပင်စိုက်ပျိုးရေးအတွက် ရွေးချယ်ထားရှိသည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး မိုးရာသီသစ်ပင်စိုက်ပွဲဖြင့် စိုက်ပျိုးဆောင်ရွက်ခဲ့သည့် စိုက်ခင်းများ၏ နှစ်အလိုက် စိုက်ပျိုးရှင်သန်အောင်မြင်မှုကို မှတ်တမ်းထားရှိရန်၊ စိုက်ပင်များ ရှင်သန်ကြီးထွားမှု ရှိစေရေးအတွက် သစ်တောပြုစုထိန်းသိမ်းရေး လမ်းညွှန်ချက်များနှင့်အညီ ပြုစုဆောင်ရွက်ရန်၊ စိုက်ခင်းအလိုက် စိုက်ပျိုးသည့် သစ်မျိုးများ၏ အမြင့်နှင့် ကြီးထွားမှုတို့ကို တိုင်းတာမှတ်တမ်းတင်ထားရန်တို့ကို ဆွေးနွေးမှာကြားသည်။

### ပေါင်းစပ်ညှိနှိုင်း

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ညီညီကျော်နှင့်အတူ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်၌ တည်ဆောက်လျက်ရှိသော ကျောင်းသူကျောင်းသားများ အပန်းဖြေနားနေနိုင်ရန်အတွက် ဦးပိန်တံတားပုံစံ ရေကန်ဖြတ်လျှောက်တံတား တည်ဆောက်မှုကို ကြည့်ရှုစစ်ဆေး၍ ရေကန်ပတ်ဝန်းကျင်တွင် စိမ်းလန်းစိုပြည် သာယာလှပရေးအတွက် သစ်ပင်စိုက်ပျိုးရန်၊ ရေကန်ပတ်လည်တွင် ခုံတန်းများ ထားရှိဆောင်ရွက်ရန်၊ ရေကန်ပေါင်တွင် မြေဆီလွှာထိန်းသိမ်းနိုင်ရေးအတွက် ဗာတီဗာမြက်စိုက်ပျိုးဆောင်ရွက်ရန်တို့ကို ဆွေးနွေးမှာကြား၍ လိုအပ်ချက်များအား ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၁၄

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တို့တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၂၆၀ /၂၀၂၀ )
၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်
(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၄ ရက်)

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၉(ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များ၏ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ ဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| | **ကချင်ပြည်နယ်** | | | |
| (၁) | ဦးချန်တန်ခင် | ၁/နမန(နိုင်)၀၀၃၇၆၃ | နောင်မွန်း(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂) | ဦးမလောင်အောင်ရမ် | ၁/ပတအ(နိုင်)၀၃၉၉၈၅ | နောင်မွန်း(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| | **ရှမ်းပြည်နယ်** | | | |
| (၃) | ဒေါက်တာအောင်နိုင်ဝင်း | ၁၂/ကမရ(နိုင်)၀၄၂၀၈၃ | ဗမာ တိုင်းရင်းသား | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄) | ဦးဇုတ်ဒေါင် | ၁၃/လရန(နိုင်)၀၉၇၂၄၈ | ကချင် တိုင်းရင်းသား | တစ်သီးပုဂ္ဂလ |
| (၅) | ဒေါ်ခင်စန်းမြင့်(ခ) ယာန်ချိမ်း | ၁၃/နဆန(နိုင်)၀၃၇၇၅၁ | လီဆူ တိုင်းရင်းသား | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆) | ဦးယောသပ် | ၁၃/လရန(နိုင်)၀၂၁၄၈၂ | လားဟူ တိုင်းရင်းသား | လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ |
| (၇) | ဦးလှိုင်(ခ) ဦးထွန်းလှိုင်(ခ) ဒေါက်တာထွန်းလှိုင် | ၁၃/ညရန(နိုင်)၀၀၄၄၅၁ | အင်းသား တိုင်းရင်းသား | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၈) | ဦးယာကုပ် | ၁၃/တခလ(နိုင်)၀၀၀၅၂၆ | အာခါ တိုင်းရင်းသား | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၉) | ဦးတင်နု | ၁၃/ပလန(နိုင်)၀၈၈၀၃၆ | ကယန်း(ခ)ပဒေါင် တိုင်းရင်းသား | ကယန်းအမျိုးသားပါတီ |

(ပုံ) လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၂၆၁ / ၂၀၂၀ )
၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်
(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၄ ရက်)

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ အမည်စာရင်းကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၉ (ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်အရ အောက်ဖော်ပြပါပုဂ္ဂိုလ်သည် ယှဉ်တွဲပါ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက် တင်မြှောက်ခံရသူဖြစ်ကြောင်း ကြေညာလိုက်သည်-

| အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ |
|---|---|---|---|
| **ကချင်ပြည်နယ်** | | | |
| ဦးဆင်ဆုန်း | ၁/ပတအ(နိုင်)၀၀၈၉၈၅ | ခေါင်လန်ဖူး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |

(ပုံ) လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၂၆၂ / ၂၀၂၀ )
၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်
( ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၄ ရက် )

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ အမည်စာရင်းကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၉ (ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်အရ အောက်ဖော်ပြပါပုဂ္ဂိုလ်သည် ယှဉ်တွဲပါ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်၏ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူဖြစ်ကြောင်း ကြေညာလိုက်သည်-

| အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ |
|---|---|---|---|
| **ကချင်ပြည်နယ်** | | | |
| ဦးရခွီဖုန်(RAKWI PUNG) | ၁ / မကန(နိုင်)၀၁၄၈၇၈ | အမှတ် ( ၁ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |

(ပုံ) လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**ထူးခြားသည့် အခြေအနေ**

နေပြည်တော် နိုဝင်ဘာ ၁၄
ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း "ဗမ်ကို"သည် ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့၏ အရှေ့ဘက် ရေမိုင် ၁၂၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ တိုင်ဖွန်းမုန်တိုင်း "ဗမ်ကို"သည် အနောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနက ခန့်မှန်းထားသည်။
မြန်မာ့အလင်း

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၂၆၃ / ၂၀၂၀ )
၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်
(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၄ ရက်)

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၉(ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါတိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များ၏ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ ဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| ကချင်ပြည်နယ် | | | | |
| (၁) | ဦးရွှေလေး | ၁/ခဘဒ(နိုင်)၀၀၁၈၇၆ | ခေါင်လန်ဖူး(၁) | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ |
| (၂) | ဦးဖီရမ်ဆားရ် | ၁/ပတအ(နိုင်)၀၄၁၃၃၅ | ခေါင်လန်ဖူး(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |

(ပုံ) လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ၉-၁၁-၂၀၂၀ မှ ၁၄-၁၁-၂၀၂၀ ရက်နေ့ ည ၈:၀၀ နာရီအထိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အတည်ပြုထုတ်ပြန်သည့် အနိုင်ရပါတီစာရင်း

| စဉ် | အနိုင်ရပါတီ | ပြည်သူ့လွှတ်တော် | အမျိုးသားလွှတ်တော် | တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော် | တိုင်းဒေသကြီး/ပြည်နယ် (တိုင်းရင်းသားလူမျိုးများ) လွှတ်တော် |
|---|---|---|---|---|---|
| ၁။ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၂၅၈ ဦး | ၁၃၈ ဦး | ၅၀၁ ဦး | ၂၀ ဦး |
| ၂။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၆ ဦး | ၇ ဦး | ၃၈ ဦး | - |
| ၃။ | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁၃ ဦး | ၂ ဦး | ၂၇ ဦး | - |
| ၄။ | ရခိုင်အမျိုးသားပါတီ | ၄ ဦး | ၄ ဦး | ၇ ဦး | - |
| ၅။ | မွန်ညီညွတ်ရေးပါတီ | ၂ ဦး | ၃ ဦး | ၆ ဦး | ၁ ဦး |
| ၆။ | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၃ ဦး | ၁ ဦး | ၇ ဦး | - |
| ၇။ | တအာင်း(ပလောင်)အမျိုးသားပါတီ | ၃ ဦး | ၂ ဦး | ၇ ဦး | - |
| ၈။ | ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ | ၂ ဦး | ၃ ဦး | ၃ ဦး | - |
| ၉။ | ရခိုင်ဦးဆောင်ပါတီ | ၁ ဦး | - | ၂ ဦး | - |
| ၁၀။ | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၁ ဦး | - | ၃ ဦး | - |
| ၁၁။ | ‘ဝ’အမျိုးသားပါတီ | ၁ ဦး | - | ၂ ဦး | - |
| ၁၂။ | ဒီမိုကရေစီပါတီသစ်(ကချင်) | - | ၁ ဦး | ၁ ဦး | - |
| ၁၃။ | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | - | - | ၁ ဦး | - |
| ၁၄။ | ကရင်ပြည်သူ့ပါတီ | - | - | ၁ ဦး | - |
| ၁၅။ | ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | - | - | ၁ ဦး | - |
| ၁၆။ | လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | - | - | ၁ ဦး | ၁ ဦး |
| ၁၇။ | ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁ ဦး | - | ၁ ဦး | - |
| ၁၈။ | ကယန်းအမျိုးသားပါတီ | - | - | - | ၁ ဦး |
| ၁၉။ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | - | - | ၁ ဦး | - |
| ၂၀။ | တစ်သီးပုဂ္ဂလ | - | - | ၂ ဦး | ၂ ဦး |
| | စုစုပေါင်း | ၃၁၅ ဦး | ၁၆၁ ဦး | ၆၁၂ ဦး | ၂၅ ဦး |

# ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်စာရင်းချုပ်(ပါတီအလိုက်)
## [ ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲ]

(ည ၈:၀၀ နာရီ) ၁၄-၁၁-၂၀၂၀

| စဉ် | ပါတီအမည် | ပြည်သူ့လွှတ်တော် | အမျိုးသားလွှတ်တော် | တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် | | စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | | တိုင်း/ပြည်နယ် လွှတ်တော် | တိုင်းရင်းသားလူမျိုး | | |
| ၁။ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၂၅၈ | ၁၃၈ | ၅၀၁ | ၂၀ | ၉၁၇ | |
| ၂။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၆ | ၇ | ၃၈ | - | ၇၁ | |
| ၃။ | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁၃ | ၂ | ၂၇ | - | ၄၂ | |
| ၄။ | ရခိုင်အမျိုးသားပါတီ | ၄ | ၄ | ၇ | - | ၁၅ | |
| ၅။ | တအာင်း(ပလောင်)အမျိုးသားပါတီ | ၃ | ၂ | ၇ | - | ၁၂ | |
| ၆။ | မွန်ညီညွတ်ရေးပါတီ | ၂ | ၃ | ၆ | ၁ | ၁၂ | |
| ၇။ | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၃ | ၁ | ၇ | - | ၁၁ | |
| ၈။ | ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ | ၂ | ၃ | ၃ | - | ၈ | |
| ၉။ | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၁ | - | ၃ | - | ၄ | |
| ၁၀။ | ရခိုင့်ဦးဆောင်ပါတီ | ၁ | - | ၂ | - | ၃ | |
| ၁၁။ | 'ဝ' အမျိုးသားပါတီ | ၁ | - | ၂ | - | ၃ | |
| ၁၂။ | လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | - | - | ၁ | ၁ | ၂ | |
| ၁၃။ | ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁ | - | ၁ | - | ၂ | |
| ၁၄။ | ဒီမိုကရေစီပါတီသစ် (ကချင်) | - | ၁ | ၁ | - | ၂ | |
| ၁၅။ | ကယန်းအမျိုးသားပါတီ | - | - | - | ၁ | ၁ | |
| ၁၆။ | ကရင်ပြည်သူ့ပါတီ | - | - | ၁ | - | ၁ | |
| ၁၇။ | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | - | - | ၁ | - | ၁ | |
| ၁၈။ | ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | - | - | ၁ | - | ၁ | |
| ၁၉။ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | - | - | ၁ | - | ၁ | |
| ၂၀။ | တစ်သီးပုဂ္ဂလ | - | - | ၂ | ၂ | ၄ | |
| | စုစုပေါင်း | ၃၁၅ | ၁၆၁ | ၆၁၂ | ၂၅ | ၁၁၁၃ | |

# အနိုင်ရပါတီများကိုယ်စားလှယ်လောင်းဦးရေစာရင်းချုပ်

| စဉ် | ပါတီအမည် | အရေအတွက် |
|---|---|---|
| ၁။ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၉၁၇ ဦး |
| ၂။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၇၁ ဦး |
| ၃။ | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၄၂ ဦး |
| ၄။ | ရခိုင်အမျိုးသားပါတီ | ၁၅ ဦး |
| ၅။ | မွန်ညီညွတ်ရေးပါတီ | ၁၂ ဦး |
| ၆။ | တအာင်း(ပလောင်)အမျိုးသားပါတီ | ၁၂ ဦး |
| ၇။ | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၁၁ ဦး |
| ၈။ | ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ | ၈ ဦး |
| ၉။ | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၄ ဦး |
| ၁၀။ | ရခိုင့်ဦးဆောင်ပါတီ | ၃ ဦး |
| ၁၁။ | 'ဝ'အမျိုးသားပါတီ | ၃ ဦး |
| ၁၂။ | ဒီမိုကရေစီပါတီသစ်(ကချင်) | ၂ ဦး |
| ၁၃။ | ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၂ ဦး |
| ၁၄။ | လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂ ဦး |
| ၁၅။ | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁ ဦး |
| ၁၆။ | ကရင်ပြည်သူ့ပါတီ | ၁ ဦး |
| ၁၇။ | ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁ ဦး |
| ၁၈။ | ကယန်းအမျိုးသားပါတီ | ၁ ဦး |
| ၁၉။ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁ ဦး |
| ၂၀။ | တစ်သီးပုဂ္ဂလ | ၄ ဦး |
| | စုစုပေါင်း | ၁၁၁၃ ဦး |

# တက္ကသိုလ်ရာပြည့် ဘဝတစ်ကွေ့

## ခင်ဆန်းဦး (မြန်မာစာ)

"ရန်ကုန်တက္ကသိုလ်" ဟု ကြားလိုက်သည်နှင့် လှုတိုင်းရင်ထဲတွင် ကြည်နူးသွားစေပါသည်။ မြန်မာနိုင်ငံ၏ ပထမဆုံးတက္ကသိုလ်အဖြစ် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ပေါ်ထွန်းလာခဲ့သော ရန်ကုန်တက္ကသိုလ်သည် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် နှစ် ၁၀၀ ပြည့်မြောက်တော့မည် ဖြစ်ပါသည်။ ရန်ကုန်တက္ကသိုလ် နှစ် ၁၀၀ ပြည့်ခရီးတွင် ပါဝင်ခွင့်ရခဲ့သည့် မိမိ၏ဘဝခရီးအတွက် ဝမ်းမြောက်နှစ်သက်ခဲ့ရပါသည်။

ရန်ကုန်တက္ကသိုလ်သည် ကျွန်မဘဝအတွက် ဘဝတစ်ကွေ့သာမက ဘဝအချိုးအကွေ့များစွာဖြင့် တက္ကသိုလ်အရိပ်ကို ခိုလှုံခွင့်ရခဲ့ပါသည်။ မဟာဝိဇ္ဇာကျောင်းသူဘဝ၊ နည်းပြ ဆရာမဘဝ၊ လက်ထောက်ကထိကဘဝ၊ ကထိကဘဝ၊ ပါမောက္ခဘဝ၊ ပါမောက္ခ (ဌာနမှူး) ဘဝတို့ဖြင့် ရန်ကုန်တက္ကသိုလ်ဝယ် ရာထူးအဆင့်ဆင့်ဖြင့် ကျင်လည်ကာ ဘဝခရီးကို ပျော်ရွှင်စွာ ဖြတ်သန်းခဲ့ရပါသည်။ ကျောင်းသူဘဝတွင်လည်း စာများသင်ယူရင်း ရန်ကုန်တက္ကသိုလ်ကျောင်းသူဘဝကို ကျေနပ်ဂုဏ်ယူမိပါသည်။ ရန်ကုန်တက္ကသိုလ်သို့ တက်ချင်လွန်းလှသော ဆန္ဒမှာ မဟာဝိဇ္ဇာတန်းတက်မှ ပြည့်ဝရပါသည်။

### ဝေးရလေပြီ ရန်ကုန်တက္ကသိုလ်

ကျွန်မ၏ဖခင်မှာ နိုင်ငံ့ဝန်ထမ်းဖြစ်သောကြောင့် အနယ်နယ်အရပ်ရပ်သို့ ပြောင်းရွှေ့နေရသဖြင့် ၁၀ တန်းကို ရန်ကုန်မြို့ လသာ အ.ထ.က (၂) ၌ ဘော်ဒါနေကာ ၁၀ တန်းအောင်လျှင် သူငယ်ချင်းများနှင့်အတူ ရန်ကုန်တက္ကသိုလ်တက်မည်ဟု အားခဲထားမိသည်။ ၁၀ တန်း အောင်တော့လည်း ဖခင်မှာ မြစ်ကြီးနားမြို့တွင် တာဝန်ထမ်းဆောင်နေရသဖြင့် ပထမနှစ်ဝက်ကို မြန်မာစာအဓိကဘာသာရပ်ဖြင့် မြစ်ကြီးနားကောလိပ်တွင် တက်ခဲ့ရပါသည်။ တစ်ဖန် ဖခင်သည် ပုသိမ်မြို့သို့ ပြောင်းရပြန်သဖြင့် ဖခင်ပြောင်းရွှေ့ရာ ပုသိမ်မြို့ရှိ ပုသိမ်ဒီဂရီကောလိပ်တွင် ပထမနှစ်၏ ဒုတိယနှစ်ဝက်ကို ဆက်လက်တက်ကာ အင်းလျားကန်အစား ကန်သုံးဆင့်ဖြင့်သာ တင်းတိမ်နေလိုက်ရပါတော့သည်။ ပုသိမ်ဒီဂရီကောလိပ်မှ ဝိဇ္ဇာဘွဲ့ (မြန်မာစာ) ရခဲ့သဖြင့် သူငယ်ချင်းများနှင့်လည်းဝေး၊ ရန်ကုန်တက္ကသိုလ်ကြီးနှင့်လည်း ဝေးခဲ့ရလေပြီ။



ရန်ကုန်တက္ကသိုလ် (၁၁၅) ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားတက်ရောက်စဉ်။

### ရန်ကုန်တက္ကသိုလ် ကျောင်းသူဘဝ

ရန်ကုန်တက္ကသိုလ်တက်ချင်လွန်းလှသော ဆန္ဒကြောင့် ပုသိမ်ဒီဂရီကောလိပ် စတုတ္ထနှစ်အောင်စာရင်းတွင် မဟာဝိဇ္ဇာတန်းကို ဆက်တက်ခွင့်ရသဖြင့် မြကျွန်းညိုညို တက္ကသိုလ်ကျောင်းသူကြီးဖြစ်ကာ အလွန်ပီတိဖြစ်ခဲ့ရပါသည်။ မဟာဝိဇ္ဇာပထမနှစ်၌ပင် လုပ်သားများကောလိပ်၌ အချိန်ပိုင်းနည်းပြဆရာမ အလုပ်ရသဖြင့် ကျောင်းသူတစ်ဖြစ်လဲ ဆရာမလေးဖြစ်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်တွင် မဟာဝိဇ္ဇာကျောင်းသူဘဝရောက်မှ ရန်ကုန်တက္ကသိုလ်၏အရသာကို အပြည့်အဝခံစားခွင့်ရခဲ့ပါသည်။

၁၉၇၄– ၁၉၇၅ ခုနှစ်ကာလက ရန်ကုန်တက္ကသိုလ်၏အလှမှာ အလွန်ရိုးရှင်းလှပါသည်။ အဆောက်အအုံများ ကင်းမဲ့နေသော အင်းလျားကန်ရေပြင်မှာလည်း အလွန်ကျယ်ပြောလှပါသည်။ သရက်ပင်အိုတို့၏ အရိပ်ကောင်းကောင်းအောက်ခြေ၌ စားပွဲဝိုင်းလေးများဖြင့် အကြော်စုံစားရင်း အင်းလျားရေပြင်မှ တိုက်ခတ်လာသော လေနုအေးအေးလေးများကို ရှူရှိုက်ရသည်မှာ အလွန်ကြည်နူးဖွယ်ကောင်းလှပါသည်။ "မိန်းမလှကျွန်း" ဟု နာမည်ကျော်ကြားလှသော စီးပွားရေးတက္ကသိုလ်မှာလည်း လှုစည်ကားလှပါသည်။

ထိုစဉ်က ရန်ကုန်တက္ကသိုလ်မှာ အခမ်းအနားပွဲလုပ်တိုင်း အတီး၊ အမှုတ်၊ အဆို၊ အက၊ ပြဇာတ်၊ အငြိမ့်တို့ဖြင့် စည်စည်ကားကား၊ ခမ်းခမ်းနားနား ကျင်းပလေ့ရှိသည်မှာ တက္ကသိုလ်၏ အစဉ်အလာတစ်ခုပင်။ မေဂျာပေါင်းစုံက သီချင်းတိုက်၊ ဇာတ်တိုက်နှင့် အာစီခေါ် အပန်းဖြေရိပ်သာကြီးမှာလည်း ဆိုင်းသံ၊ ဗုံသံ၊ ပတ္တလားသံတို့ဖြင့် အမြဲညံနေတော့သည်။ အနာဂတ်၏ အနုပညာရှင်များ ဆုံစည်းရာနေရာပင် မဟုတ်ပါလား။

တက္ကသိုလ် အားကစားရုံနှင့် အားကစားကွင်းမှာလည်း အားကစားမောင်မယ်တို့၏ အားကစားလေ့ကျင့်ရာ၊ ယှဉ်ပြိုင်ရာ၊ အားကစားလူရည်ချွန်များ မွေးထုတ်ပေးရာနေရာ ဖြစ်ပေသည်။ မေဂျာအလိုက် ဘောလုံးပြိုင်ပွဲများကျင်းပလျှင်လည်း အားတက်သရော သွားရောက်အားပေးခဲ့ရသည်မှာ အသံများပင် နာနေပေပြီ။ အားကစားနှင့် ပတ်သက်၍ ရန်ကုန်တက္ကသိုလ်ကြီး၏ ကျေးဇူးတင်ထိုက်သော ဂုဏ်ထူးဝိသေသတစ်ခုပင် မဟုတ်ပါလော။

စာအုပ်စာပေနှင့် ပတ်သက်၍လည်း ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်၊ တက္ကသိုလ်များဗဟိုစာကြည့်တိုက်ကိုသာ အားထားကာ စာပေများ လေ့လာဖတ်ရှုကြရပါသည်။ မဟာဝိဇ္ဇာတန်းတက်စဉ် မြန်မာစာဌာန တောင်ငူဆောင်မှ ဘွဲ့နှင်းသဘင်ကို မျက်နှာမူကာ အဓိပတိလမ်းပေါ်မှ လမ်းလျှောက်လျက် အာစီထဲမှ ထွက်ပေါ်လာသော ပတ္တလားသံလေးကို နားဆင်ရင်း စာကြည့်တိုက်သို့ အခါခါရောက်ခဲ့ရပါသည်။ သည်လိုနှင့် မဟာဝိဇ္ဇာပထမနှစ်အတန်းကို အောင်မြင်စွာ ဖြတ်ကျော်ခဲ့ပြီး ရန်ကုန်တက္ကသိုလ်ကျောင်းသူဘဝနေလို့မှ မဝလိုက်သေး၊ ၁၉၇၇ ခုနှစ်၌ ဒေသကောလိပ်များ စတင်ဖွင့်လှစ်ရာ ရခိုင်ပြည်နယ်ဒေသကောလိပ်၌ အလုပ်လျှောက်လိုက်ပါသည်။



ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့ကြသော ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်ကြီးများ၏ မှတ်တမ်းဓာတ်ပုံများနှင့် စာရေးသူ။



### စာရေးသူ၏ အတ္ထုပ္ပတ္တိအကျဉ်း

- အမည်ရင်း – ဒေါက်တာ ခင်ဆန်းဦး ပါမောက္ခ၊ ဌာနမှူး (ငြိမ်း) မြန်မာစာဌာန ရန်ကုန်တက္ကသိုလ်ဖြစ်သည်။
- ၁၉၇၃ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ကို ပုသိမ်ဒီဂရီကောလိပ်မှ ရရှိခဲ့သည်။
- ၁၉၈၆ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့ကို ရန်ကုန်တက္ကသိုလ်မှ ရရှိခဲ့သည်။
- ၂၀၀၅ ခုနှစ်တွင် ပါရဂူဘွဲ့ကို ရန်ကုန်တက္ကသိုလ်မှ ရရှိခဲ့သည်။
- ၁၉၇၇ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ လုပ်သက် ၃၆ နှစ်ကာလအတွင်း ရခိုင်ပြည်နယ် ဒေသကောလိပ် (စစ်တွေ)၊ ရန်ကုန်တက္ကသိုလ်၊ စစ်တွေဒီဂရီကောလိပ်၊ ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)၊ မန္တလေးတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ မုံရွာတက္ကသိုလ်၊ ပင်လုံတက္ကသိုလ်၊ မအူပင်တက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ် (ဒုတိယအကြိမ်)တို့တွင် အမှုထမ်းခဲ့သည်။
- ရေးသားခဲ့သည့်စာအုပ်များမှာ ရွှေစည်းခုံမွန်ကျောက်စာလေ့လာချက်၊ မြကန်မွန်ကျောက်စာလေ့လာချက်၊ ရွှေတိဂုံမွန်ကျောက်စာလေ့လာချက်၊ တက္ကသိုလ်ဝင်တန်းမြန်မာစာပို့ချချက်များဖြစ်သည်။
- ယခုလက်ရှိတွင် ရန်ကုန်တက္ကသိုလ်ပါရဂူအကြိုသင်တန်းတွင် မွန်ကျောက်စာ သင်ကြားပို့ချပေးလျက် ရှိသည်။
- ပါရဂူသင်တန်း ဦးစီးကော်မတီအဖွဲ့ဝင်အဖြစ်လည်း ဆောင်ရွက်လျက်ရှိပါသည်။

အလုပ်ခန့်စာရ၍ နည်းပြဘဝနှင့် တက္ကသိုလ်ဘဝခရီးကို စတင်ခရီးနှင်ခဲ့ရလေပြီ။

### ရန်ကုန်တက္ကသိုလ်နှင့် ဘဝခရီး

ရန်ကုန်တက္ကသိုလ်ကြီး၏ အရိပ်ကို နားခိုလိုက်၊ နယ်ပြောင်းလိုက်နှင့် အနှစ် ၃၀ ကျော်ခရီးကို ဘယ်လိုကုန်သွားသည်ဟူ၍ မသိလိုက်တော့ပေ။ ဘဝခရီးနောက်ဆုံးအချိုးအကွေ့ဖြစ်သည့်ကာလ။ ၂၀၀၇ ခုနှစ် ဇူလိုင်လတွင် ရန်ကုန်တက္ကသိုလ်သို့ ပါမောက္ခအဖြစ် ပြောင်းရွှေ့ခွင့်ရသဖြင့် အလွန်ဝမ်းသာမိပါသည်။ အမိတက္ကသိုလ်ကြီး၏ ရင်ခွင်သို့ နားခိုခွင့်ရပြီး ပင်စင်ယူသည်အထိ ရန်ကုန်တက္ကသိုလ်ကြီးကို လုပ်ကျွေးပြုစုတော့မည်ဟု ခံယူထားလိုက်ပါသည်။ ထိုစဉ်က ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန၌ ဆရာမကြီးဒေါက်တာဒေါ်ခင်ဆွေမြင့်က ပါမောက္ခ (ဌာနမှူး) တာဝန်ထမ်းဆောင်နေသဖြင့် မမဆွေထံမှ ဌာန တာဝန်တွေ သင်ယူဦးမည်ဟုဆုံးဖြတ်ကာ ပေါ့ပေါ့ပါးပါးနှင့် ကျေနပ်မိပါသည်။

ရန်ကုန်တက္ကသိုလ်သို့ရောက်၍ သုံးလအကြာ၌ မမဆွေအငြိမ်းစားယူသွားသဖြင့် ကျွန်မမှာ ပါမောက္ခ (ဌာနမှူး) ရာထူးခန့်အပ်ခြင်းခံရသဖြင့် ကြောက်လိုက်သည့်ဖြစ်ခြင်း။ ဒီရာထူး၊ ဒီနေရာကို မျှော်လည်းမမျှော်၊ မှန်းလည်းမမှန်းရဲပါ။ ဤနေရာ၊ ဤရာထူးမှာ ကျွန်မတို့

*စာမျက်နှာ ၉ သို့*

# ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့်အထိမ်းအမှတ်ဆောင်းပါး



*စာမျက်နှာ ၈ မှ*

အလွန်ချစ်ကြောက် ရိုသေလေးစားခဲ့ရသည့် ဆရာကြီး ဆရာမကြီးများ နေသွားသောနေရာဖြစ်၍ အလွန်ကြောက်ခဲ့ပါသည်။ မမဆွေက အတင်းလက်ဆွဲ၊ သူ့ရုံးခန်းထဲဆွဲသွင်းပြီး ထိုင်ခိုင်းလို့သာ ထိုင်နေရသော်လည်း ဘာလုပ်ရမှန်းမသိအောင် ကြောက်နေမိပါသည်။ မမဆွေထံမှ မသိတာတွေ မေးမြန်းအဖြေရှာရင်း မိမိတာဝန်ကို အောင်မြင်အောင် အစွမ်းကုန်ကြိုးစားလုပ်မည်ဟု စိတ်ဆုံးဖြတ်လိုက်မိပါသည်။ နယ်တက္ကသိုလ်တွေမှာ ပါမောက္ခဌာနမှူးတာဝန်ကို အောင်မြင်စွာ ထမ်းဆောင်လာနိုင်ခဲ့သော်လည်း ရန်ကုန်တက္ကသိုလ် ပါမောက္ခ (ဌာနမှူး) ဆိုသည့် အရှိန်ကား အလွန်ကြီးလှပါသည်။ အပဟန့်ကောင်းလွန်းလှပါသည်။ အိပ်မက်ပင် မမက်ရဲခဲ့သောနေရာသို့ ရောက်ခဲ့ရလေပြီ။

## တာဝန်အသွယ်သွယ် ကြိုးစားဆောင်ရွက်မယ်

ထိုစဉ်က ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်ကား ဆရာကြီး ဒေါက်တာထွန်းခင်ဖြစ်ပါသည်။ ရန်ကုန်တက္ကသိုလ်မြန်မာစာဌာန၏ ပါမောက္ခ (ဌာနမှူး) အသစ်စက်စက် ကျွန်မကိုခေါ်၍ လမ်းညွှန်သြဝါဒဆုံးမစကားပြောကြားပါသည်။ အရေးကြီးကိစ္စများ ဆောင်ရွက်ရန်အတွက် လိုအပ်သည်များကို လေ့လာသင်ကြားထားရန်၊ ပြင်ဆင်ထားရန်၊ အခက်အခဲရှိက မေးမြန်းရန်၊ အကူအညီတောင်းရန်၊ တိုင်ပင်ညှိနှိုင်းရန် အားပေးစကားပြောကြားသဖြင့် အလွန်စိတ်ချမ်းသာရပါသည်။ စိတ်သဘောထားပြည့်ဝပြီး အေးချမ်းတည်ငြိမ်သော ဆရာကြီးဒေါက်တာထွန်းခင်၏ အုပ်ချုပ်မှုအောက်တွင် တာဝန်ထမ်းဆောင်ရမည်မှာ အလွန်ကံကောင်း လှသည်ဟု တဖြည်းဖြည်းနှင့် သိလာရပါသည်။ ဆရာကြီးအား အလွန်ကျေးဇူးတင်ပြီး ကြည်ညို လေးစားမိပါသည်။

ပါမောက္ခဌာနမှူးဆိုတာ ရန်ကုန်တက္ကသိုလ်ကြီးအတွက် နေ့ညမဟူ၊ အချိန်မရွေး ခေါ်ခိုင်းလျှင်၊ အရေးပေါ်အစည်းအဝေးလုပ်လျှင် ချက်ချင်းလာနိုင်အောင် ရန်ကုန်တက္ကသိုလ်ဝင်းထဲမှာနေမှသာ အဆင်ပြေမည်ဟုဆိုပြီး ကျွန်မနေထိုင်ရန်အတွက် ဆရာကြီးက အ.ဆ.ည မှာ အိမ်တောင်းပေးပါသည်။ အမှတ် (၃) ပုဂံလမ်းအိမ်မှာ အိမ်ရသဖြင့် ချက်ချင်းပြောင်းရွှေ့နေထိုင်လိုက်ပါသည်။ သည်အချိန်မှစ၍ ရန်ကုန်တက္ကသိုလ်ကြီးအတွက် မိမိဘဝကို လုံးဝပုံအပ်လိုက်ပါသည်။ ပင်စင်ယူရန် ခြောက်နှစ်ကျန်သေးသဖြင့် ရန်ကုန်တက္ကသိုလ်ကြီးအတွက် အစွမ်းကုန်ကြိုးစားလုပ်ဆောင်မည်ဟု ဆုံးဖြတ်ချက်ချလိုက်ပါသည်။

မကြာမီ တက္ကသိုလ်ဝင်တန်းစာမေးပွဲကိစ္စနှင့် ပတ်သက်၍ လာတော့မည်ဖြစ်သဖြင့် ရန်ကုန်တက္ကသိုလ်မြန်မာစာ - စာစစ်မှူးချုပ်အသစ်စက်စက် ကျွန်မရင်ခုန်ရပါတော့သည်။ မုံရွာတက္ကသိုလ်မှာ စာစစ်မှူးချုပ် သုံးနှစ်ဆောင်ရွက်လာခဲ့ရပြီး အတွေ့အကြုံများ ရရှိခဲ့သော်လည်း အဖြေလွှာမှာ သောင်းဂဏန်းလောက်ရယ်သာ။

ယခုရန်ကုန်မှာက တစ်သိန်းကျော်မို့ ကြောက်လန့်မိတာ အမှန်ပင်။ ထိုစဉ်က တက္ကသိုလ်ဝင်တန်းစာမေးပွဲကိစ္စနှင့် ပတ်သက်၍ ဝန်ကြီး ကြီးမှူးကျင်းပမည့် အစည်းအဝေးတက်ရန် ဘာသာရပ်ဆိုင်ရာ စာစစ်မှူးချုပ်များ နေပြည်တော်သို့ သွားကြရမည်ဖြစ်ရာ ဒဂုံတက္ကသိုလ်မှ စာစစ်မှူးချုပ်များနှင့် ပေါင်းကာ မီးရထားဖြင့် နေပြည်တော်သို့ ချီတက်ကြရလေသည်။ ယခု ပညာရေးဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးလည်းပါရဲ့။ ဒဂုံတက္ကသိုလ်သချ်ာ ပါမောက္ခ(ဌာနမှူး)ဘဝတုန်းကပါ။ မီးရထား တစ်တွဲလုံး ကျွန်မတို့ ဆရာ ဆရာမတွေချည်းပဲဆိုတော့ ပြောကြ၊ ဆိုကြ၊ ရယ်ကြ၊ မောကြနှင့် ကျွက်ကျွက်ကိုညံလို့ ပျော်လိုက်ကြတာ လွန်ပါရော။ ဒီလိုကြီးလေးတဲ့ တာဝန်တွေကို ပျော်ပျော်ရွှင်ရွှင် ဆောင်ရွက်ခဲ့ကြတာတွေဟာ ဘဝတစ်ကွေ့ရဲ့ မှတ်တမ်းလေးတွေပါ။

## နာဂစ်နှင့် စာစစ်

၂၀၀၈ ခုနှစ် ဧပြီလတွင် တက္ကသိုလ်ဝင်တန်း စာစစ်ကိစ္စ ပထမအဆင့်ကို အောင်မြင်စွာ ပြီးမြောက်သွား၍ ဒုတိယ အဆင့် Code ဖြေရန်ကိစ္စမလုပ်ရသေးချိန်၊ ၂၀၀၈ ခုနှစ် မေလ ၂ ရက်နေ့ ညမှစ၍ နာဂစ်မုန်တိုင်းကြီး တက္ကသိုလ်နယ်မြေထဲသို့ ကြမ်းတမ်းစွာ တိုက်ခတ်ပါတော့သည်။ ကျွန်မအိမ် ပုဂံလမ်းခြံထဲရှိ အပင်အိုကြီးများမှာလည်း တဖုန်းဖုန်းနှင့် ပြိုလဲသံများ ကြားရပါတော့သည်။ ထွက်လည်းမကြည့်ရဲ၊ သို့သော် ကျွန်မစိုးရိမ်တာက ကျွန်မအသက်ထက် ဌာနတွင် သိမ်းဆည်းထားသော Code ဖြေရမည့် တက္ကသိုလ်ဝင်တန်းမြန်မာစာ အဖြေလွှာများပင်။ အဖြေလွှာလေးတွေ အပျက်အစီးမရှိ အကောင်းပကတိ ရှိကြပါစေလို့ ဆုတောင်းနေမိတာ အခါခါ။

နံနက်မိုးလင်းလို့ ပတ်ဝန်းကျင်ကို ထွက်ကြည့်လိုက်ရာ အိမ်ရှေ့က သစ်ပင်အိုကြီးတွေ တုံးလုံးပက်လက်လဲလို့။ အိမ်ဘေး၊ အိမ်နောက်ရှိသမျှ အပင်ကြီးတွေ လဲနေလိုက်တာ မြင်မကောင်း။ အိမ်ကိုရှောင်ကွင်းပြီး လဲပေးလို့၊ အိမ်မှာ အထိအခိုက်မရှိလို့ ကျေးဇူးတင်ရပေသည်။ ဌာနကို ပြေးကြည့်ချင်သော်လည်း လမ်းတွေကပိတ်နေ၍ သွားလို့မရ။ မုန်တိုင်းအပြီး နှစ်ရက်ကျော်လောက်မှ သွားလို့ရသဖြင့် ဌာနသို့ အမြန်သွားကြည့်လိုက်ရာ အပျက်အစီးများက ဆီးကြိုနေကြပါတော့သည်။

သို့သော် ဘုရားခန်း၊ ကျွန်မ ရုံးခန်းနှင့် အဖြေလွှာများထားသည့် အခန်းတို့မှာ လုံးဝ မပျက်စီးပေ။ ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။ အဖြေလွှာ စာအုပ်လေးများမှာ ကြန္ဒြေရစွာ အိပ်မောကျလျက်။ ရင်မောစရာဘဝတစ်ကွေ့ မှတ်တိုင်လေးများပါတကား။

## ပါရဂူများ မွေးထုတ်ပေးရာမြေ

ကျွန်မ တာဝန်ထမ်းဆောင်စဉ်ကာလ၌ ရန်ကုန်တက္ကသိုလ်မှာ ကျောင်းသားဆို၍ ပါရဂူ သင်တန်းသူ သင်တန်းသားများသာ ရှိပါသည်။ ပါရဂူ ဝင်ခွင့်ဖြေဆို အောင်မြင်ပြီး တစ်နှစ်ပါရဂူအကြိုသင်တန်းတက်ပြီး စာမေးပွဲဖြေဆိုအောင်မြင်ပါက စာတမ်းတစ်နှစ်တစ်စောင် ဖတ်ကြားတင်သွင်းပြီး လေးနှစ်ပြီးမြောက်ပါက ကျမ်းရေးတင် ကျမ်းစစ်ဆေးပြီး အရည်အချင်းပြည့်မီသောကျမ်းဖြစ်ပါက ပါရဂူဘွဲ့ ချီးမြှင့်ပါသည်။ ကျွန်မ ခြောက်နှစ်တာကာလ တာဝန်ထမ်းဆောင်စဉ် ပါရဂူဘွဲ့ရသူ ၂၀၀ ခန့် မွေးထုတ်ပေးနိုင်ခဲ့ပါသည်။ ပါရဂူဘွဲ့ယူရန် တက်လှမ်းလာသော ပါရဂူများကို ဘွဲ့နှင်းသဘင် စင်မြင့်ပေါ်မှ ဝမ်းသာပီတိဖြင့် ကြိုဆိုမိပါသည်။ ပါရဂူဘွဲ့နှင့် ပတ်သက်၍ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဆရာကြီး ဒေါက်တာထွန်းခင်က ကျွန်တော် ပါရဂူဘွဲ့ရသည့်အခါ "ငါဘာမှမသိသေးပါလားဆိုတာ စသိလိုက်ရပါတယ်" ဟူသောစကားကို သဘောကျလွန်း၍ ပါရဂူဘွဲ့ယူမည့် တပည့်များကို အမြဲပြောပြခဲ့ပါသည်။ ဘာသာရပ်အသီးသီးမှ ပါရဂူများ နှစ်စဉ်ပေါ်ထွက်လျက်ရှိသည့် ရန်ကုန်တက္ကသိုလ်ကြီးသည် ဂုဏ်ယူစရာကောင်းလှပါသည်။



ရန်ကုန်တက္ကသိုလ်ဝင်းအတွင်း အမှတ်(၃) ပုဂံလမ်းရှိ ဆရာဇော်ဂျီနေသွားသော အိမ်နှင့် စာရေးသူ၏ အမှတ်တရ။

## သုတေသနနှင့် ပညာရပ်တာဝန်

သုတေသနဟူသည် တက္ကသိုလ်၏ အသက်ပင် မဟုတ်ပါလား။ ပညာရပ်ဆိုင်ရာ သုတေသနတို့ ရှင်သန်နေသမျှ တက္ကသိုလ်ကြီးလည်း ရှင်သန်နေပေမည်။ ရန်ကုန်တက္ကသိုလ်၌ နှစ်စဉ် အောက်တိုဘာလတွင် ဝိဇ္ဇာ၊ သိပ္ပံပညာရှင် သုတေသနစာတမ်းဖတ်ပွဲများ ကျင်းပလျက်ရှိသည်မှာ ယခုနှစ်ဆိုလျှင် အကြိမ် ၂၀ မြောက် ရှိပေပြီ။ ဖတ်ကြားတင်သွင်းသော စာတမ်းများမှ အကောင်းဆုံး သိပ္ပံစာတမ်းဆု၊ ဝိဇ္ဇာစာတမ်းဆုနှင့် တင်သွင်းခဲ့သည့် ပါရဂူကျမ်းများမှ အကောင်းဆုံးဝိဇ္ဇာကျမ်းဆု၊ သိပ္ပံကျမ်းဆုတို့ကို ချီးမြှင့်ပေးခြင်းဖြင့် သုတေသနပညာရှင်များကို မွေးထုတ်ပေးလျက်ရှိပါသည်။

ဘာသာရပ်ဆိုင်ရာ ပါမောက္ခ၊ ဌာနမှူးများက ဦးဆောင်ကာ မြန်မာနိုင်ငံ ဝိဇ္ဇာ၊ သိပ္ပံပညာရှင်အဖွဲ့ သုတေသနစာတမ်း ဖတ်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက် ပေးခြင်းဖြင့် အစဉ်အလာကောင်းများကို ထိန်းသိမ်း နိုင်ခဲ့ကြပေသည်။

ဘာသာရပ်ဆိုင်ရာ သင်ရိုးနှင့်ပတ်သက်၍ ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခ၊ ဌာနမှူးများကို ဖိတ်ခေါ်ကာ ရန်ကုန်တက္ကသိုလ်က ဦးဆောင်၍ သင်ကြားရေးဆိုင်ရာ အခက်အခဲများ၊ ပြဿနာများကို ဆွေးနွေးကြစေပြီး အများသဘောတူ ပြင်ဆင်ဖြည့်စွက်ခြင်းများ ပြုလုပ်ကာ သင်ကြားရေး အဆင်ပြေကောင်းမွန်စေရန် ဆောင်ရွက်ကြရပါသည်။

ဤသို့ဖြင့် ဘာသာရပ်ဆိုင်ရာ သင်ရိုး အစည်းအဝေးကို တစ်နှစ် နှစ်ကြိမ် အစည်းအဝေး ကျင်းပပြုလုပ်ခြင်းဖြင့် ရန်ကုန်တက္ကသိုလ်ကြီး၏ အစဉ်အလာ ကောင်းများကို ထိန်းသိမ်းနိုင်ခဲ့ကြပါသည်။ သို့ဖြစ်ရာ မိမိကိုယ်မိမိလည်း ရန်ကုန်တက္ကသိုလ်ကြီးအတွက် တာဝန် ကျေပွန်သူအဖြစ် ခံယူမိပါသည်။

ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန၌ ပါမောက္ခ (ဌာနမှူး)အဖြစ် တာဝန်ထမ်းဆောင်စဉ်ကာလမှာ မိသားစုစိတ်ဓာတ်အပြည့်ဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော ဒေါက်တာအောင်မြင့်ဦး၊ ပါမောက္ခ (ဌာနမှူး) (ငြိမ်း)နှင့် တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများနှင့် နည်းပြများအပြင် ရုံးဝန်ထမ်းများကို အထူးပင်ကျေးဇူးတင်လျက်ရှိပါသည်။ သက်ပြည့်အငြိမ်းစားယူခဲ့သော်လည်း မြန်မာစာဌာန အကျိုးနှင့် ရန်ကုန်တက္ကသိုလ်၏အကျိုးကို ယနေ့တိုင် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

ရန်ကုန်တက္ကသိုလ်ကြီး "ရာပြည့်မှသည် ကမ္ဘာတည်သရွေ့" တည်တံ့ခိုင်မြဲပါစေဟု ဆုမွန်ကောင်းတောင်းလျက်။ ။

**"သုတေသနဟူသည် တက္ကသိုလ်၏ အသက်ပင် မဟုတ်ပါလား။ ပညာရပ်ဆိုင်ရာ သုတေသနတို့ ရှင်သန်နေသမျှ တက္ကသိုလ်ကြီးလည်း ရှင်သန်နေပေမည်။ ရန်ကုန်တက္ကသိုလ်၌ နှစ်စဉ် အောက်တိုဘာလတွင် ဝိဇ္ဇာ၊ သိပ္ပံပညာရှင်သုတေသနစာတမ်းဖတ်ပွဲများ ကျင်းပလျက်ရှိသည်မှာ ယခုနှစ်ဆိုလျှင် အကြိမ် (၂၀) မြောက်ရှိပေပြီ။ ဖတ်ကြားတင်သွင်းသော စာတမ်းများမှ အကောင်းဆုံးသိပ္ပံစာတမ်းဆု၊ ဝိဇ္ဇာစာတမ်းဆုနှင့် တင်သွင်းခဲ့သည့် ပါရဂူကျမ်းများမှ အကောင်းဆုံးဝိဇ္ဇာကျမ်းဆု၊ သိပ္ပံကျမ်းဆုတို့ကို ချီးမြှင့်ပေးခြင်းဖြင့် သုတေသနပညာရှင်များကို မွေးထုတ်ပေးလျက်ရှိပါသည်။ ဘာသာရပ်ဆိုင်ရာ ပါမောက္ခ၊ ဌာနမှူးများက ဦးဆောင်ကာ မြန်မာနိုင်ငံ ဝိဇ္ဇာ၊ သိပ္ပံပညာရှင်အဖွဲ့ သုတေသနစာတမ်းဖတ်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်ပေးခြင်းဖြင့် အစဉ်အလာကောင်းများကို ထိန်းသိမ်းနိုင်ခဲ့"**

# အားလုံးက ပူးပေါင်းဆောင်ရွက်တဲ့အတွက်ကြောင့် အခုရွေးကောက်ပွဲကြီးက ချောမောအောင်မြင်စွာ ပြီးစီးခဲ့တာဖြစ်တယ်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်နှင့် တွေ့ဆုံမေးမြန်းခြင်း

### တွေ့ဆုံမေးမြန်း- မျိုးမင်းနိုင်၊ ဓာတ်ပုံ-စိုးဝင်းထွန်း

**၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာ ၈ ရက်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီး မဲရုံများအလိုက် ရေတွက်ရရှိသည့် ဆန္ဒမဲစာရင်းများကို သတ်မှတ်ချက်များနှင့်အညီ စာရင်းပြုစု၍ နိုဝင်ဘာ ၉ ရက်မှစတင်ကာ ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ကြေညာပေးလျက်ရှိသည်။**

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြီးစီးမှု၊ အနိုင်ရ လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းထုတ်ပြန်ကြေညာမှုနှင့် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်နှင့် တွေ့ဆုံမေးမြန်းခဲ့မှုများကို ရေးသားဖော်ပြလိုက်ပါသည်။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်။

**မေး ။ ။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ခဲ့မှုနဲ့ ပတ်သက်ပြီး သုံးသပ်ပြောကြားပေးစေလိုပါတယ်။**

ဖြေ ။ ။ ရွေးကောက်ပွဲကတော့ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါပြီ။ အခုက ကိုဗစ် - ၁၉ ရောဂါ ကာလအတွင်း ကျင်းပတဲ့ ရွေးကောက်ပွဲ ဖြစ်ပါတယ်။ ဒါပေမယ့် မဲဆန္ဒရှင်တွေဟာ မျှော်မှန်းထားတာထက်ပိုပြီးတော့ လာရောက်ဆန္ဒမဲပေးခဲ့ကြတယ်။ မဲရုံတွေအနေနဲ့လည်း ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနက ညွှန်ကြားထားတဲ့ စံ၊ လုပ်ငန်း၊ လမ်းညွှန် ပြဋ္ဌာန်းချက်တွေနဲ့အညီ မဲရုံအခင်းအကျင်းတွေကို ဆောင်ရွက်ပေးခဲ့တဲ့အတွက် မဲဆန္ဒရှင်တွေဟာ စိတ်ချမ်းသာ ပျော်ရွှင်စွာနဲ့ပဲ လာရောက်ဆန္ဒမဲပေးခဲ့ကြပါတယ်။

**မေး ။ ။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှာ အမျိုးသမီးများ ပါဝင်မှု ရာခိုင်နှုန်းနဲ့ ရွေးကောက်ပွဲရဲ့ထူးခြားတဲ့ အချက်အလက်တွေကိုလည်း သိပါရစေ။**

ဖြေ ။ ။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးမှာတော့ အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်လောင်းတွေ ပါဝင်မှုက ယခင် ၂၀၁၅ ခုနှစ်ကထက် များပြားတာကို တွေ့ရပါတယ်။ ရွေးကောက်တင်မြှောက်ခံရတဲ့ အရေအတွက်ကလည်း များပါတယ်။ ၂၀၁၅ မှာဆိုရင် အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်လောင်းတွေအနေနဲ့ ပြည်သူ့လွှတ်တော်မှာဆိုရင် ၂၃၃ ဦး ဝင်ရောက်ယှဉ်ပြိုင်တယ်၊ ၄၄ ဦး ရွေးကောက်တင်မြှောက်ခံရတယ်။ အမျိုးသားလွှတ်တော်မှာဆိုရင် အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်လောင်း ၁၂၀ ဝင်ရောက်ယှဉ်ပြိုင်တယ်၊ ၂၃ ဦး ရွေးကောက်တင်မြှောက်ခံရတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်တွေမှာဆိုရင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်း ၄၄၆ ဦးဝင်ရောက်ယှဉ်ပြိုင်တယ်၊ ၈၃ ဦး ရွေးကောက်တင်မြှောက်ခံရတယ်။ စုစုပေါင်းဆိုရင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်းက ၂၀၁၅ ခုနှစ်မှာ ၇၉၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ပြီး ၁၅၁ ဦး ရွေးကောက်တင်မြှောက်ခံရတယ်။

အခု ၂၀၂၀ မှာဆိုရင် ပြည်သူ့လွှတ်တော်မှာ အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်လောင်း ၂၄၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ရာမှာ ၈၆ ဦး ရွေးကောက်တင်မြှောက်ခံရတယ်။ အမျိုးသားလွှတ်တော်မှာဆိုရင် အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်လောင်း ၁၃၆ ဦး ဝင်ရောက်ယှဉ် ပြိုင်တယ်၊ ၂၄ ဦး ရွေးကောက်တင်မြှောက်ခံရတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်တွေမှာဆိုရင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်း ၅၁၄ ဦး ဝင်ရောက်ယှဉ်ပြိုင်တယ်၊ ၁၀၉ ဦး ရွေးကောက်တင်မြှောက်ခံရပါတယ်။ စုစုပေါင်း အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်း ဝင်ရောက်ယှဉ်ပြိုင်တာ ၈၉၀ ရှိပြီး ၂၁၉ဦး ရွေးကောက်တင်မြှောက်ခံရတယ်။ ဒါကြောင့် အမျိုးသမီးတွေရဲ့အခန်းကဏ္ဍ မြင့်မားလာပြီး အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်တွေ များပြားလာတာကို တွေ့ရပါတယ်။

**မေး ။ ။ အခုအချိန်က ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေတဲ့အချိန်ဖြစ်တဲ့အတွက် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲနဲ့ ယခု ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကြားမှာ ဘယ်လိုကွာခြားမှုရှိပါသလဲ။**

ဖြေ ။ ။ ၂၀၁၅ ခုနှစ်တုန်းက ဒီလို ကပ်ဘေးရောဂါမရှိဘူး။ အခု ၂၀၂၀ ပြည့်နှစ်ကျတော့ ကိုဗစ် - ၁၉ ရောဂါကာလအတွင်း ကျင်းပရတဲ့အတွက် လုပ်ငန်းပမာဏက ပိုများပြားတယ်။ မဲရုံတွေရဲ့ အခင်းအကျင်းကအစ ပိုပြီးကျယ်ကျယ်ဝန်းဝန်းလုပ်ရတယ်။ ယာယီမဲရုံတွေကိုလည်း အများအပြား တည်ဆောက်ပေးရတယ်။ မဲရုံအတွင်းမှာ မဲရုံမှူးတွေ၊ မဲရုံ အဖွဲ့ဝင်တွေ၊ ရွေးကောက်ပွဲလေ့လာသူတွေကို နေရာထိုင်ခင်းထားတာကအစ စည်းကမ်းတကျ ခြောက်ပေအကွာ ထားရတယ်။ နောက်ပြီး မဲဆန္ဒရှင်တွေအနေနဲ့လည်း ၂၀၁၅ ခုနှစ်တုန်းကဆိုရင် တိုးဝှေ့ပြီးမဲရုံထဲကို ဝင်ကြတယ်။ အခု ၂၀၂၀ ပြည့်နှစ်ကျတော့ စည်းကမ်းတကျပဲ မဲဆန္ဒရှင်တွေရဲ့နေရာတွေကို ခြောက်ပေအကွာ အမှတ်အသား စက်ဝိုင်းတွေနဲ့ ဝိုင်းပြထားပြီး စနစ်တကျ တန်းစီပြီး ဝင်တယ်။ ၂၀၂၀ ရွေးကောက်ပွဲရဲ့ အခင်းအကျင်းကတော့ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသော်လည်း များစွာစနစ်ကျတာကို တွေ့ရတယ်။ ဒီအခင်းအကျင်းပုံစံမျိုးပဲ နောင်လာမယ့်ရွေးကောက်ပွဲတွေမှာ ဒီလိုဖြစ်ရင် ကောင်းမယ်။ ၂၀၁၅ တုန်းကဆိုရင် အိမ်တိုင်ရာရောက် ဆန္ဒမဲသွားယူရတဲ့ လူတွေက နည်းတယ်။ မကျန်းမာသူတွေ၊ သက်ကြီးရွယ်အိုတွေ၊ မီးဖွားနေသူတွေ၊ အနာကြီး ရောဂါစွဲကပ်နေသူတွေနဲ့ အသက် ၆၀ နဲ့အထက် ရှိတဲ့သူတိုင်းကို အိမ်တိုင်ရာရောက် သွားရောက်ပြီး ဆန္ဒမဲတွေ သွားရောက်ယူရတဲ့အတွက် အလုပ်များသွားတယ်။ အောက်တိုဘာလ ၂၉ ရက်နေ့ကနေ နိုဝင်ဘာ ၇ ရက်နေ့အထိ ကြိုတင်ဆန္ဒမဲတွေယူခဲ့တယ်။ စည်းကမ်းသတ်မှတ်ချက်နဲ့ ကိုက်ညီပြီး အသက် ၆၀ နဲ့အထက်ရှိသူတွေအနေနဲ့လည်း ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲရုံးကိုလာပြီး ကြိုတင်ဆန္ဒမဲတွေ ပေးနိုင်ခဲ့ကြတယ်။ ဒါကတော့ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲရဲ့ ထူးခြားချက်ဖြစ်ပါတယ်။

**မေး ။ ။ ဆန္ဒမဲလက်မှတ်ရေတွက်ရာမှာ ၂၀၁၅ ခုနှစ်တုန်းက ဆယ်ရက်ကျော် ကြာခဲ့တယ်။ အခုက တစ်ပတ်အတွင်းပြီးမယ်ဆိုပြီး ပြောထားတော့ အဲဒီအပေါ်မှာ ဘာများပြောကြားလိုပါသလဲ။**

ဖြေ ။ ။ ၂၀၁၅ တုန်းက ရွေးကောက်ပွဲရလဒ် ထုတ်ပြန်တာ ဆယ်ရက်လောက်ကြာတယ်။ အခုတော့ တစ်ပတ်လောက်နဲ့ ပြီးစီးသွားသလောက် ဖြစ်သွားတယ်။ အခုဆိုရင် ပြည်သူ့လွှတ်တော်မှာ ရွေးကောက်တင်မြှောက်ခံရသူ ၃၁၅ ဦးကြေညာခဲ့ပြီး အားလုံးကြေညာပြီး ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်အတွက် ရွေးကောက်တင်မြှောက်ခံရတဲ့ ကိုယ်စားလှယ်လောင်းတွေ ၁၆၁ ဦးကြေညာခဲ့ပြီး အားလုံးကြေညာပြီး ဖြစ်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်အတွက် ၆၁၂ ဦး ကြေညာခဲ့ပြီး အားလုံးကြေညာပြီးဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်တွေအတွက်မှာပဲ ၂၅ ဦးကြေညာခဲ့ပြီး ၄ ဦးပဲ ကြေညာဖို့ ကျန်ပါတော့တယ်။

အခုကြေညာဖို့ကျန်ရှိတဲ့ ကိုယ်စားလှယ်တွေဟာဆိုရင်လည်း ကချင်ပြည်နယ် ခေါင်လန်ဖူးမြို့နယ်အတွက်ပဲ ကျန်တော့တယ်။ ခေါင်လန်ဖူးမြို့နယ်ဟာဆိုရင် သွားလာရတာ ငါးရက် ခြေကျင်လျှောက်လာရတယ်။ အဲဒီတစ်မြို့နယ်ပဲ ကျန်တယ်။ ဒါကလည်း မကြာမီ ကြေညာနိုင်တော့မှာပါ။

**မေး ။ ။ တိုင်းဒေသကြီးနဲ့ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွေက သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် အနိုင်ရ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ မဲရလဒ် ကြေညာပေးနေတဲ့အခြေအနေကို ပြောပြပေးပါဦး။**

ဖြေ ။ ။ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်တွေရဲ့ အနိုင်၊ အရှုံးရလဒ်ကို ဥပဒေအရ တိုင်းဒေသကြီးနဲ့ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွေက ကြေညာပေးရတယ်။ ဒါကိုလည်း ဥပဒေအရ ပြဋ္ဌာန်းထားတယ်။ သူတို့မှာကြေညာပိုင်ခွင့်ရှိတယ်။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ကြေညာတာက တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ သိအောင် ကြေညာပေးနေတာ ဖြစ်တယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွေက ကြေညာရာမှာ ရွေးကောက်တင်မြှောက်ခံရတဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေကို ကြေညာတာနဲ့ တစ်ပြိုင်တည်း ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်အရွေးချယ်ခံတဲ့ ကိုယ်စားလှယ်လောင်းတွေအားလုံးအတွက် ရရှိတဲ့ သူတို့အတွက် ဆန္ဒမဲက ဘယ်လောက်လာပေးသလဲ၊ ဘယ်လောက်အရေအတွက်ရရှိသလဲ၊ ဘယ်ရာခိုင်နှုန်းရရှိသလဲဆိုတာ တစ်ဦးစီအတွက် သေချာတွက်ချက်ပြီးတော့ ကြေညာရတာဖြစ်တဲ့အတွက် အချိန်ကြာရခြင်းဖြစ်တယ်။

အနိုင်ရတဲ့ လွှတ်တော်ကိုယ်စားလှယ်ကိုပဲ ကြေညာရင် မကြာဘူး။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ကြေညာတာကတော့ အနိုင်ရတဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေကိုပဲ တစ်နိုင်ငံလုံး သိရှိအောင် ကြေညာတာ ဖြစ်တယ်။ ဒါကြောင့်အခုက မျှော်မှန်းထားတဲ့အချိန်အတိုင်း မျှော်မှန်းထားတဲ့အချိန်အတွင်းမှာ ပြီးစီးအောင် ကြေညာနိုင်ခြင်းဖြစ်တယ်။

**မေး ။ ။ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပြီးစီးနိုင်ဖို့အတွက် ပူးပေါင်းကူညီဆောင်ရွက်ပေးကြတဲ့ ဌာနဆိုင်ရာအသီးသီးက ဝန်ထမ်းတွေကို ဘာများပြောကြားလိုပါသလဲ။**

ဖြေ ။ ။ ရွေးကောက်ပွဲလုပ်ငန်းက ကျယ်ပြန့်ပါတယ်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားနေတဲ့အချိန်အတွင်း ကျင်းပတာဖြစ်တဲ့အတွက် လုပ်ငန်းတွေက ပိုပြီးများပြားပါတယ်။ လုပ်ငန်းတွေများပြားတဲ့အတွက် ဌာနဆိုင်ရာဝန်ထမ်းတွေက သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ကြတယ်။ ဥပမာ- မဲပေးတဲ့အချိန်ဆိုရင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဝိုင်းဝန်းပြီးလာကူညီပေးကြတယ်။ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနကလည်း ကျန်းမာရေးနဲ့ပတ်သက်တဲ့ပစ္စည်းတွေ ဝေငှတာတွေ လုပ်ရတယ်။ လုံခြုံရေးအတွက်ဆိုရင်လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့က အထူးရဲတွေနဲ့ စောင့်ရှောက်ပေးတယ်။ ဝေးလံခေါင်းပါးတဲ့ ဒေသတွေမှာ မဲလက်မှတ်တွေ အချိန်မီရောက်ရှိဖို့ ကာကွယ်ရေးဝန်ကြီးဌာနက ကူညီဆောင်ရွက်ပေးတယ်။ ရွေးကောက်ပွဲနဲ့ပတ်သက်တဲ့ မဲလက်မှတ်တွေရိုက်နှိပ်တာ၊ အသိပညာပေးလှုံ့ဆော်ချက်တွေ၊ နိုင်ငံရေးပါတီတွေရဲ့ ဟောပြောမှုတွေကို ထုတ်လွှင့်ပေးတာတွေကို ပြန်ကြားရေးဝန်ကြီးဌာနက ကူညီဆောင်ရွက်ပေးတယ်။ ဒါကြောင့် ဌာနပေါင်းစုံက ဝန်ထမ်းတွေဟာ ရွေးကောက်ပွဲအောင်မြင်စွာ ပြီးစီးဖို့အတွက် ကဏ္ဍစုံက ကူညီဆောင်ရွက်ပေးခဲ့ကြတယ်။

ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ဖွဲ့စည်းတဲ့အခါမှာလည်း ဌာန ကိုးခုက ဝန်ထမ်းတွေပါတယ်။ အားလုံးက ပူးပေါင်းဆောင်ရွက်တဲ့အတွက်ကြောင့် အခု ရွေးကောက်ပွဲကြီးက ချောမောအောင်မြင်စွာ ပြီးစီးခဲ့တာဖြစ်တယ်။ ပညာရေးဝန်ကြီးဌာနက ဆရာ ဆရာမတွေကတော့ အထူးကျေးဇူးတင်စရာကောင်းပါတယ်။ မဲရုံမှူးနဲ့ မဲရုံအဖွဲ့ဝင်တွေအဖြစ် စေတနာအား၊ ဉာဏ်အားကို အဓိကထားပြီး ဆောင်ရွက်ပေးကြတယ်။ ကျန်းမာရေးဝန်ထမ်းတွေကလည်း မဲရုံမှာလာရောက်ပြီး ကျန်းမာရေးဆိုင်ရာကိစ္စတွေကို စောင့်ရှောက်ပေးကြတယ်။ ဒါကြောင့် ပူးပေါင်းဆောင်ရွက်တဲ့ ဝန်ကြီးဌာန အားလုံးက ဝန်ထမ်းတွေအားလုံးကို အထူးကျေးဇူးတင်ရှိပါတယ်။ နောက်ပြီး စေတနာ့ဝန်ထမ်းအနေနဲ့ လာရောက်ကူညီတဲ့သူကိုလည်း ကျေးဇူးတင်ပါတယ်။ သတင်းမီဒီယာတွေအနေနဲ့လည်း လာရောက်သတင်းတွေရယူပြီး ပြည်သူတွေသိရှိအောင် ဆောင်ရွက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ လေ့လာစောင့်ကြည့်တဲ့အဖွဲ့တွေလည်း ကျေးဇူးတင်ပါတယ်။ ရွေးကောက်ပွဲနဲ့ ပတ်သက်တဲ့ သက်ဆိုင်သူအားလုံးကို ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။

**မေး ။ ။ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲမှာ မဲပေးပိုင်ခွင့်ရှိသူ ၃၇ သန်းကျော်လို့ သိထားပါတယ်။ လက်ရှိ အမှန်တကယ် လာရောက်မဲပေးတဲ့သူ အရေအတွက် အတိအကျ ထွက်လာပြီလားဆိုတာ သိပါရစေ။**

ဖြေ ။ ။ မဲပေးပိုင်ခွင့်ရှိသူ ၃၇ သန်းကျော်ကို ပထမတစ်ကြိမ် ကပ်ထားတယ်။ နောက်တစ်ခါ ဒုတိယအကြိမ် ကပ်တဲ့အချိန်ကျတော့ ပုံစံ (၃)တွေ လာလျှောက်တဲ့သူတွေရှိတယ်။ မဲလာပေးတဲ့သူတွေကို တွက်ချက်နေတုန်းဆိုတော့ မကြာခင်ပြီးတော့မှာပါ။ အခုဆို တိုင်းဒေသကြီး/ပြည်နယ်တွေက လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းစီမှာ ဘယ်လောက်လာပေးသလဲ၊ ဘယ်လောက်ရသလဲဆိုတဲ့ စာရင်းတွေကို စာရင်းအားလုံး ချုပ်နေပါပြီ။ စာရင်းချုပ်ပြီးသွားရင် လူဦးရေဘယ်လောက် မဲလာပေးတယ်။ ရာခိုင်နှုန်း ဘယ်လောက်ရတယ်ဆိုတာတွေ အဖြေထွက်တော့မှာဖြစ်ပါတယ်။ မကြာခင်အချိန်မှာ တိတိကျကျ သိရှိရမှာပါ။

**မေး ။ ။ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်တဲ့ နိုင်ငံရေးပါတီ အရေအတွက်နဲ့ အနိုင်ရပါတီအရေအတွက်ကို ပြောပြပေးပါ။**

ဖြေ ။ ။ နိုင်ငံရေးပါတီတွေ ၉၁ ပါတီက ဝင်ရောက်ယှဉ်ပြိုင်တယ်။ ဒါပေမယ့် ရခိုင်ပြည်နယ်ဘက်မှာ ရွေးကောက်ပွဲမကျင်းပဖြစ်တဲ့အတွက် ၄ ပါတီနုတ်လိုက်တော့ ၈၇ ပါတီ ဝင်ရောက်ယှဉ်ပြိုင်တယ်။ ၈၇ ပါတီဝင်ရောက်ယှဉ်ပြိုင်တဲ့အခါ ရွေးကောက်တင်မြှောက်ခံရတဲ့ ပါတီကတော့ ဒီနေ့ကြေညာပြီးတဲ့အထိ ၁၉ ပါတီရှိတယ်။ အဲဒီပါတီတွေကတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ရခိုင်အမျိုးသားပါတီ၊ မွန်ညီညွတ်ရေးပါတီ၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ၊ တအာင်း(ပလောင်) အမျိုးသားပါတီ၊ ကယားပြည်နယ် ဒီမိုကရက်တစ်ပါတီ၊ ရခိုင့်ဦးဆောင်ပါတီ၊ ကချင်ပြည်နယ် ပြည်သူ့ပါတီ၊ ‘ဝ’ အမျိုးသားပါတီ၊ ဒီမိုကရေစီပါတီသစ် (ကချင်)၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ၊ ကရင်ပြည်သူ့ပါတီ၊ ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ကယန်းအမျိုးသားပါတီ၊ လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီနဲ့ တစ်သီးပုဂ္ဂလက လေးဦး ရွေးကောက်တင်မြှောက်ခံရပါတယ်။

**မေး ။ ။ အခု ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး ဖြည့်စွက်ပြောကြားလိုတာရှိရင်လည်း သိပါရစေ။**

ဖြေ ။ ။ ရွေးကောက်ပွဲ ကျင်းပရာမှာ စေ့စပ်ညှိနှိုင်းရေးကော်မတီတွေ ဆိုပြီး မြို့နယ်၊ ခရိုင်၊ တိုင်းနဲ့ ဗဟိုအဆင့်အထိ ဖွဲ့စည်းထားပါတယ်။ အဲဒီကော်မတီတွေမှာ ရွေးကောက်တင်မြှောက်မယ့် နိုင်ငံရေးပါတီတွေက ကိုယ်စားလှယ်တွေပါတယ်။ အများယုံကြည်တဲ့ ပုဂ္ဂိုလ်တွေပါတယ်။ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်က ပုဂ္ဂိုလ်တွေလည်းပါတယ်။ အဲဒီစေ့စပ်ညှိနှိုင်းရေးကော်မတီတွေက ရွေးကောက်ပွဲကာလမှာ အငြင်းပွားတာတွေကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ရာမှာ တော်တော်များများ ဆောင်ရွက်ပေးနိုင်ခဲ့တယ်။ ဒါကြောင့် စေ့စပ်ညှိနှိုင်းရေးကော်မတီမှာပါတဲ့ နိုင်ငံရေးပါတီအသီးသီးက ကိုယ်စားလှယ်တွေကို ကျေးဇူးတင်ပါတယ်။ ကူညီကြတဲ့ NGO အဖွဲ့တွေကိုလည်းကျေးဇူးတင်တယ်။ နိုင်ငံရေးပါတီတွေ အားလုံးက ပူးပေါင်းပါဝင်ပြီးတော့ ယှဉ်ပြိုင်အရွေးခံခဲ့ကြပြီး ချောချောမွေ့မွေ့ အောင်မြင်စွာ ရွေးကောက်ပွဲကျင်းပနိုင်ခဲ့တယ်။ တချို့ပါတီကလည်း ရွေးကောက်ပွဲအောင်မြင်ကြောင်းကို ကြိုဆိုထောက်ခံကြောင်း ပြောကြပါတယ်။ ရွေးကောက်ပွဲမှာ လိုအပ်တဲ့ အသိပညာပေးလုပ်ငန်းတွေ၊ လိုအပ်တဲ့ ရွေးကောက်ပွဲဆိုင်ရာပစ္စည်းတွေ၊ နည်းပညာတွေ ကူညီထောက်ပံ့ပေးတဲ့အတွက် နိုင်ငံတကာအဖွဲ့အစည်းတွေကို အထူးကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ။

# ဟိုပုံးမြို့နယ်တွင် ငွေကျပ် သိန်း ၈၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၄**

ဟိုပုံးမြို့နယ် ဟိုတင့်ကျေးရွာအနီး မော်တော်ယာဉ်များအား ရပ်တန့်ရှာဖွေရာ ငွေကျပ်သိန်း ၈၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းထုတ်ပြန်ချက်၌ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၁၂ ရက် ညနေ ၅ နာရီခွဲခန့်တွင် လွိုင်လင်မြို့အထွက် လွိုင်လင်-တောင်ကြီးကားလမ်း ဟိုတင့်ကျေးရွာအနီးတွင် လွိုင်လင်ဘက်မှ တောင်ကြီးဘက်သို့ မောင်းနှင်လာသော ခဲရောင်မော်တော်ယာဉ်တစ်စီးမှာ ရှာဖွေစစ်ဆေးသည့်နေရာသို့ မရောက်မီ မသင်္ကာဖွယ်ရပ်တန့်သွားသည်ကို တွေ့ရှိသဖြင့် သွားရောက်စစ်ဆေးမည်ပြုစဉ် Revo အမျိုးအစားမော်တော်ယာဉ်နှင့် Ford အမျိုးအစား မော်တော်ယာဉ်တို့ ထပ်မံရောက်ရှိလာပြီး အဆိုပါမော်တော်ယာဉ် သုံးစီးမှာ ဟိုတင့်ကျေးရွာအတွင်းသို့ မောင်းနှင်ထွက်ပြေးသွားသဖြင့် နောက်မှထက်ကြပ်မကွာလိုက်၍ ဖမ်းဆီးရမိရေးအတွက် အဖွဲ့များခွဲ၍ ဆောင်ရွက်ခဲ့ရာ ည ၇ နာရီ ၂၅ မိနစ်ခန့်တွင် ဟိုပုံးမြို့အဝင် ဆီဆိုင်အနီးတွင် ရှေ့ပြေးယာဉ်ဖြစ်သော စိုင်းဝမ်းလျန်း မောင်းနှင်ပြီး စိုင်းဆန်ကို လိုက်ပါလာသည့် Platana အမျိုးအစား ခဲရောင်ယာဉ်အား စတင်ဖမ်းဆီးရမိသည်။ ယင်းနောက် ည ၇ နာရီခွဲခန့်တွင် လွိုင်လင်-တောင်ကြီးကားလမ်း၊ မိုင်တိုင် (၁၀၁/၀)အနီးတွင် Ford အမျိုးအစားမော်တော်ယာဉ်အား ပိတ်ဆို့တားဆီးစဉ် နောက်ပြန်လှည့် မောင်းပြေးသဖြင့် သတိပေးပစ်ခတ်သော်လည်း မော်တော်ယာဉ်မှာ လမ်းဘေးလျှိုအတွင်းထိုးကျသွားပြီး ယာဉ်ပေါ်ပါသူ နှစ်ဦးမှာ ထွက်ပြေးလွတ်မြောက်သွားခဲ့၍ အဆိုပါယာဉ်အား စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀,၀၀၀ သိမ်းဆည်းရမိခဲ့ကြောင်း။



မနန်းဆိုင်ထွေး၊ မောင်သန်း (ခ) ကျော်ခင်၊ စိုင်းဆန်ကို (ခ) စိုင်းကွမ်ခေး နှင့် စိုင်းဝမ်းလျန်း တို့အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

တစ်ချိန်တည်းမှာပင် ဟိုပုံးမြို့အဝင် ရေထွက်အနီး၌ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ မနန်းဆိုင်ထွေးနှင့် ၎င်း၏ခင်ပွန်းမောင်သန်း(ခ) ကျော်ခင်တို့အား Revo အမျိုးအစား မော်တော်ယာဉ်နှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးချက်များအရ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်လာသည့် မော်တော်ယာဉ်ပေါ်မှ ထွက်ပြေးလွတ်မြောက်သွားသူ နှစ်ဦးမှာ စိုင်းယဉ်နှင့်စိုင်းနော်ခမ်းတို့ဖြစ်ကြောင်း သိရှိရသဖြင့် မနန်းဆိုင်ထွေး (၃၅) နှစ်၊ မောင်သန်း (ခ) ကျော်ခင်(၂၇) နှစ်၊ စိုင်းဝမ်းလျန်း (၂၀) နှစ်၊ စိုင်းဆန်ကို (ခ) စိုင်းကွမ်ခေး (၂၅) နှစ်၊ စိုင်းယဉ် (တိမ်းရှောင်) နှင့် စိုင်းနော်ခမ်း (တိမ်းရှောင်) တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်တရားခံများဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## ဖျာပုံမြို့နယ် အမှတ် (၃) ရပ်ကွက်၌ ဝိုင်ယာကြိုး အပူလွန်ကဲရာမှ ဈေးဆိုင်ခန်းတစ်လုံး မီးလောင်မှုဖြစ်

**ဖျာပုံ နိုဝင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် အမှတ် (၃) ရပ်ကွက်၌ ဝိုင်ယာကြိုး အပူလွန်ကဲရာမှ ဈေးဆိုင်ခန်းတစ်လုံး နိုဝင်ဘာ ၁၄ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖျာပုံမြို့ အမှတ် (၃) ရပ်ကွက်၊ အောင်သစ္စာလမ်းနှင့် လမ်းထောင့်နေ ဒေါ်မြင့်ရွှေ၏ နေအိမ်တွင် သွယ်တန်းထားသော ဝိုင်ယာကြိုးများ အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားရာ ၎င်း၏နေအိမ်ရှေ့ရှိ ဈေးဆိုင်ခန်းကိုပါ မီးလောင်ခဲ့သည်။

အဆိုပါမီးလောင်ရာသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်စခန်းမှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ပွဲတင်သံလူမှုကူညီရေးအသင်းမှ တာဝန်ရှိသူများနှင့် ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ရာ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်ခန့်တွင် လုံးဝမီးငြိမ်းသွားသည်။ ယင်းဖြစ်စဉ်ကြောင့် ဒေါ်မြင့်ရွှေအား ဖျာပုံမြို့နယ်ရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းနိုင် (ခရိုင်ပြန်/ဆက်)**

## ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ်လ ၁ ရက်နေ့တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၁၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စု လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၀၇ စီး၊ သွင်းကုန် ၂၆၁ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်သွင်းကုန် ၁၄၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၃ ရက်တွင် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု တစ်မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀ ဒသမ ၇၃၅ သန်း တန်ဖိုးရှိ ခြံကြီးကျောင်းကွေ့အနီးတွင် စုပုံထားသော တရားမဝင်ကန့်သတ် ကုန်ပစ္စည်းဖြစ်သည့် ဆေးဝါး ၂၆ မျိုးအား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




## အင်အားအသင့်အတင့်ရှိ မြေငလျင်လှုပ်

**နေပြည်တော် နိုဝင်ဘာ ၁၄**

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၁၄ ရက်နေ့၊ မြန်မာစံတော်ချိန် ၁၅ နာရီ ၂၀ မိနစ် ၂၆ စက္ကန့်အချိန်တွင် တမူးမြေငလျင်စခန်းမှ တောင်-အရှေ့တောင်ဘက် ၄၉ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မော်လိုက်မြို့၏ အရှေ့တောင်ဘက် ၁၄ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၃.၅၆ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄.၆၀ ဒီဂရီ၊ အနက် ၈၂ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၁ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ **မိုး/ဇလ**

# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်အတွင်းမှ ရွှေတုံးများနှင့် နိုင်ငံခြားငွေများ ခိုးမှုကျူးလွန်သူများကို ဖမ်းဆီးရမိ

**ရန်ကုန် နိုဝင်ဘာ ၁၄**

ဒဂုံမြို့သစ်(မြောက်ပိုင်း) (၃၄)ရပ်ကွက်၊ ဦးဝိစာရလမ်းရှိ ရွှေဆိုင်သို့ နိုဝင်ဘာလ ပထမပတ်က လူနှစ်ဦးက ရွှေတုံး တစ်တုံးလျှင် ၁၀ ကျပ်သားခန့်ရှိ ရွှေတုံးနှစ်တုံးအား ပိုင်ဆိုင်မှုအထောက်အထားမရှိဘဲ လာရောက်ရောင်းချနေကြောင်း ဖုန်းဖြင့် ဆက်သွယ်အကြောင်းကြားသဖြင့် ရဲတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်၊ (၅) ရပ်ကွက်၊ တပင်ရွှေထီးလမ်း (ကျူး) နေ ကျော်နိုင် (ခ) ကျော်ကျော်နိုင်နှင့် ၎င်း၏ဇနီး မီးမီး (ခ) ခိုင်ဇင်ဝင်း တို့ဖြစ်ပြီး အဆိုပါ ရွှေတုံးနှစ်တုံးအား ၎င်းတို့၏ တူ အောင်ကျော်မြင့်က ရောင်းခိုင်းခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ချက်အရ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့မရဲစခန်း၌ အမှုဖွင့်အရေးယူခဲ့သည်။



ဖြစ်မှုကျူးလွန်သူများအား သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ဝင်များက လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်၊ (၅) ရပ်ကွက်၊ တပင်ရွှေထီးလမ်း (ကျူး) နေ အောင်ကျော်မြင့် အား အမှုဖြင့် ဖမ်းဆီးစစ်ဆေးရာ ရွှေတုံးများအား ညီဖြစ်သူ ဖြိုးဝေမင်းနှင့် ၎င်း၏သူငယ်ချင်း ခိုင်မြဲ တို့ နှစ်ဦးက ခိုးယူခဲ့ခြင်းဖြစ်ကြောင်း၊ ခိုးယူရရှိသော ရွှေတုံးခြောက်တုံးအား ကျော်နိုင် (ခ) ကျော်ကျော်နိုင်နှင့် ရန်နိုင်စိုး တို့အား ရောင်းခိုင်းခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆိုချက်အရ ဖြိုးဝေမင်း၊ ခိုင်မြဲနှင့် ရန်နိုင်စိုး တို့ သုံးဦးအား အမှုဖြင့် ဖမ်းဆီးစစ်ဆေးခဲ့သည်။

၎င်းတို့က လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်၊ (၅) ရပ်ကွက်ရှိ နေအိမ်တစ်အိမ်အတွင်းမှ ခိုးယူခဲ့ခြင်းဖြစ်ကြောင်း၊ ရွှေတုံး ရောင်းချရငွေများဖြင့် ဖြိုးဝေမင်း၏ မိခင် ဒေါ်သန်းသန်းအေးက ဦးစီး၍ ခိုင်မြဲ၊ အောင်ကျော်မြင့် တို့သည် သန်လျင်မြို့နယ်၌ မြေကွက်တစ်ကွက်အား ငွေကျပ်သိန်း ၈၀ ဖြင့်လည်းကောင်း၊ ရွှေထည်ပစ္စည်း ခုနစ်မျိုးနှင့် လက်ကိုင်ဖုန်းသုံးလုံးအားလည်းကောင်း၊ ဝယ်ယူထားရှိကြောင်းနှင့် ကျန်ရှိရွှေတုံး ၃၉ တုံးနှင့် အမေရိကန် ဒေါ်လာ ၁၀၀ တန် ၅၂ ရွက်အား ခိုင်မြဲ ၏ နေအိမ် (ကျူး) တဲရှိ အမှိုက်များ ထားသောနေရာတွင် သိမ်းဆည်းထားခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သည်။

အမှုမှ သက်သေခံပစ္စည်း ရွှေတုံး တစ်တုံးလျှင် ၁၀ ကျပ်သားခန့်ရှိ ရွှေတုံး ၄၅ တုံး၊ အမေရိကန်ဒေါ်လာ ၁၀၀ တန် ၅၂ ရွက်၊ အင်ဒိုနီးရှား ငွေစက္ကူ ၃၆,၀၀၀၊ ရွှေတုံးရောင်းရငွေဖြင့် ဝယ်ယူထားသည့် ရွှေထည်ပစ္စည်း ခုနစ်မျိုး၊ လက်ကိုင်ဖုန်း သုံးလုံးတို့ကို ပြန်လည်သိမ်းဆည်းရရှိပြီးဖြစ်၍ ဖြစ်မှုကျူးလွန်သူ အောင်ကျော်မြင့်ပါ ခုနစ်ဦးကို ဥပဒေနှင့်အညီ အမြန်တရားစွဲတင်ပို့နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

# ဖိလစ်ပိုင်နိုင်ငံတွင် တိုင်ဖွန်းမုန်တိုင်း ဗမ်ကို ဝင်ရောက်မှုကြောင့် ၅၃ ဦး သေဆုံးပြီး ၂၂ ဦး ပျောက်ဆုံးနေ



ဖိလစ်ပိုင်နိုင်ငံတွင် မုန်တိုင်းကြောင့်ရေကြီးသည့်နေရာများမှ ဒေသခံပြည်သူများကို ကယ်ဆယ်ရေးဆောင်ရွက်စဉ်။

မနီလာ နိုဝင်ဘာ ၁၄

**ဖိလစ်ပိုင်နိုင်ငံတွင် ယခုရက်သတ္တပတ်အတွင်း ဝင်ရောက်ခဲ့သည့် တိုင်ဖွန်းမုန်တိုင်း ဗမ်ကိုကြောင့် သေဆုံးသူအရေအတွက် ၅၃ ဦး အထိရှိလာကြောင်း ဖိလစ်ပိုင်နိုင်ငံရဲတပ်ဖွဲ့က နိုဝင်ဘာ ၁၄ ရက်တွင် ပြောကြားခဲ့သည်။**

ဖိလစ်ပိုင်နိုင်ငံ လူဇုန်ကျွန်းတစ်လျှောက် နိုဝင်ဘာ ၁၂ ရက်မှ ၁၃ ရက်အထိ ဝင်ရောက်ခဲ့သည့် မုန်တိုင်းကြောင့် ရုတ်တရက်ရေကြီးမှုနှင့် မြေပြိုမှုများဖြစ်ပွားခဲ့မှုအတွင်း ပျောက်ဆုံးနေသူ ၂၂ ဦးရှိကြောင်း ရဲတပ်ဖွဲ့က ပြောသည်။ ကယ်ဆယ်ရေးအဖွဲ့များက ပျောက်ဆုံးနေသူများကို ဆက်လက်ရှာဖွေနေသည့်အတွက် သေဆုံးသူအရေအတွက် တိုးလာနိုင်ကြောင်း သိရသည်။

ဖိလစ်ပိုင်မြောက်ပိုင်းရှိ ကာဂါယန်နှင့် အစ္စဘယ်လာ ပြည်နယ်များတွင် ပျောက်ဆုံးနေသူများကို ကယ်ဆယ်နိုင်ရေး ကြိုးပမ်းလျက်ရှိပြီး ကယ်ဆယ်ရေးအဖွဲ့ဝင်များက ရေနစ်မြုပ်နေသည့် နေအိမ်အမိုးများပေါ်ရှိ ဒေသခံပြည်သူများကို ရော်ဘာလှေများဖြင့် ကယ်ဆယ်ရွှေ့ပြောင်းပေးလျက်ရှိသည်။

လူဇုန်ကျွန်း၌ မာဂတ်ရေလှောင်တမံမှ ရေများ လျှံတက်ကာ မာဂတ်မြစ်သို့ ဝင်ရောက်ခဲ့မှုကြောင့် ရေကြီးမှုဖြစ်ပေါ်ခဲ့ရာ ပြည်နယ်အချို့ ရေနစ်မြုပ်ခဲ့မှုကို ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့က မှတ်တမ်းပုံများတွင် ဖော်ပြခဲ့သည်။

နိုဝင်ဘာ ၁၃ ရက်က ကယ်ဆယ်ရေးဆောင်ရွက်နေစဉ်အတွင်း ကယ်ဆယ်ရေးအဖွဲ့ဝင်တစ်ဦးမှာ မတော်တဆ ဓာတ်လိုက်သေဆုံးခဲ့ရကြောင်း ကာဂါယန် အုပ်ချုပ်ရေးမှူး မန်နျူရယ်လ် မန်ဘာက ပြောကြားခဲ့သည်။

မုန်တိုင်းကြောင့်ဖြစ်ပွားသည့် နောက်ဆက်တွဲ ရေကြီးမှုကို ဖိလစ်ပိုင်သမိုင်းတစ်လျှောက် အဆိုးဆုံး ရေကြီးမှုတစ်ခုအဖြစ် မန်ဘာကဖော်ပြခဲ့ပြီး အချို့နေရာများတွင် ကုန်းလမ်းမှဝင်ရောက်ရန် မဖြစ်နိုင်သည့်အတွက် ရဟတ်ယာဉ်များဖြင့် ကယ်ဆယ်ရေးဆောင်ရွက်ခဲ့ရကြောင်း ပြောကြားခဲ့သည်။ **ဆင်ဟွာ**

# ကိုဗစ် - ၁၉ ကူးစက်မှုကြောင့် တရုတ်နိုင်ငံက လေကြောင်းခရီးစဉ်နှစ်ခု ယာယီရပ်ဆိုင်း

**ပေကျင်း နိုဝင်ဘာ ၁၄**

တရုတ်နိုင်ငံတွင် မကြာသေးမီက ပြည်တွင်းလေကြောင်းခရီးစဉ် စီးနင်းလိုက်ပါခဲ့သည့် ခရီးသည်အချို့တွင် ကိုဗစ် - ၁၉ ကူးစက်ခံရကြောင်း စစ်ဆေးတွေ့ရှိခဲ့ပြီးနောက် ဘင်္ဂလားဒေ့ရှ်မှ ယူအက်စ် - ဘင်္ဂလား လေကြောင်းလိုင်းက ပြေးဆွဲနေသည့် ဒါကာ-ကွမ်ကျိုး ခရီးစဉ်နှင့် ဟီမာလေယာ လေကြောင်းလိုင်းမှ ပျံသန်းပြေးဆွဲနေသည့် ခတ္တမန္ဒူ-ချုံကျင်းလေကြောင်း ခရီးစဉ်များကို ရက်သတ္တတစ်ပတ်ကြာအောင် ရပ်နားထားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ ပြည်တွင်းလေကြောင်း သွားလာမှုဆိုင်ရာ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က နိုဝင်ဘာ ၁၄ ရက်တွင် ကြေညာခဲ့သည်။

နိုဝင်ဘာ ၁ ရက်က ဘင်္ဂလားဒေ့ရှ်မှ လာသည့် ယူအက်စ်-ဘင်္ဂလား လေကြောင်းလိုင်း လေယာဉ်ဘီအက်စ် ၃၂၅လေယာဉ်ပေါ်မှ ခရီးသည် ခြောက်ဦးတို့တွင် ကိုဗစ်-၁၉ ကူးစက်ခံထားရကြောင်း တွေ့ရှိခဲ့သည်။

ထို့အတူ နိုဝင်ဘာ ၄ ရက်က ဟီမာလေယာ လေကြောင်းလိုင်းမှ အိတ်ချ် ၉၇၈၇ လေယာဉ်ဖြင့် လိုက်ပါလာသည့် ခရီးသည် ခြောက်ဦးတို့တွင် ကိုဗစ်-၁၉ ကူးစက်ခံထားရသည်ကို စစ်ဆေးတွေ့ရှိခဲ့ရကြောင်း ပြည်တွင်းလေကြောင်း စီမံခန့်ခွဲမှုအဖွဲ့အစည်းက ပြောကြားခဲ့သည်။

ယူအက်စ်-ဘင်္ဂလား လေကြောင်းလိုင်းမှ လေယာဉ်ခရီးစဉ်ရပ်နားမှု နိုဝင်ဘာ ၁၆ ရက်တွင် စတင်မည်ဖြစ်ပြီး ဟီမာလေယာ လေကြောင်းလိုင်း လေယာဉ်ခရီးစဉ်ရပ်နားမှုကို နိုဝင်ဘာ ၂၃ ရက်တွင် စတင်မည်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**





တရုတ်နိုင်ငံ ဟူနန်ပြည်နယ်ရှိ နိုင်ငံတကာလေဆိပ်တွင် ခရီးသည်များ စောင့်ဆိုင်းနေစဉ်။

# နေအိမ်မှနေ၍ အလုပ်လုပ်သူများကို ပစ်မှတ်ထားသည့် ဆိုက်ဘာတိုက်ခိုက်မှုများတိုးလာ

**တိုကျို နိုဝင်ဘာ ၁၄**

ကိုဗစ်- ၁၉ ကူးစက်ပျံ့နှံ့နိုင်သည့် အန္တရာယ်ကြောင့် နေအိမ်မှနေ၍ အလုပ်လုပ်နေကြသူများကို ပစ်မှတ်ထားသည့် ဆိုက်ဘာတိုက်ခိုက်မှုများ တိုးပွားလာကြောင်း ဆိုက်ဘာလုံခြုံရေးကုမ္ပဏီ ကက်စပါစကိုင်းလက်ဘ်က ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေချိန်အတွင်း ဟက်ကာများသည် ကွန်ပျူတာ ဆာဗာများထဲသို့ အိုင်ဒီနှင့် စကားဝှက်အမျိုးမျိုး ရိုက်ထည့်ခြင်းဖြင့် ထိုးဖောက်ဝင်ရောက်ရန် ကြိုးပမ်းသည့် ဆိုက်ဘာတိုက်ခိုက်မှုများ များပြားလာလျက်ရှိကြောင်း အဆိုပါကုမ္ပဏီက ပြောသည်။

ပြီးခဲ့သည့် ဇန်နဝါရီလက ကွန်ပျူတာဆာဗာများထဲသို့ ဝင်ရောက်ရန် ကြိုးပမ်းမှုပေါင်း ၂၂၃ ခု၊ မတ်လတွင် ၂၄၂ ခုနှင့် ဧပြီလတွင် ၃၂၃ ခုအထိ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ကူးစက်မှုကို လျှော့ချနိုင်ရန်အတွက် လုပ်ငန်းခွင်သို့ ကိုယ်တိုင်သွားရောက်မည့်အစား နေအိမ်မှနေ၍ လုပ်ငန်းလုပ်ဆောင်ခဲ့သည့် စက်တင်ဘာလအရောက်တွင် ဆိုက်ဘာတိုက်ခိုက်မှု ၃၅၂ ခုအထိ တိုးလာပြီး အောက်တိုဘာလတွင် ၃၆၂ ခုအထိ ရှိလာကြောင်း ကက်ပါစကိုင်းကုမ္ပဏီက ပြောသည်။

ထို့ပြင် ဆိုက်ဘာတိုက်ခိုက်မှု အများစုမှာ ပြည်ပမှဖြစ်ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# ဖိလစ်ပိုင်၌ ကိုဗစ်- ၁၉ ထပ်မံကူးစက်ခံရသူ ၁၆၅၀ ရှိ

**မနီလာ နိုဝင်ဘာ ၁၄**

ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်- ၁၉ ထပ်မံကူးစက်ခံရသူ ၁၆၅၀ ကို ထပ်မံစစ်ဆေးတွေ့ရှိခဲ့ပြီးနောက် တစ်နိုင်ငံလုံး ရောဂါကူးစက်ခံရသည့် အတည်ပြုလူနာ အရေအတွက်စုစုပေါင်း ၄၀၆၃၃၇ ဦးဖြစ်လာကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက နိုဝင်ဘာ ၁၄ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်- ၁၉ နေ့စဉ်ကူးစက်ဖြစ်ပွားမှုသည် ငါးရက်ဆက်တိုက် ၂၀၀၀ အောက်လျော့ကျခဲ့ပြီး ရောဂါကူးစက်ဖြစ်ပွားမှုစတင်ခဲ့သည့် ဇူလိုင်လမှ စတင်ကာ ပထမဆုံးအကြိမ် ရောဂါကူးစက်မှုလျော့ကျလာခြင်းဖြစ်ကြောင်း သိရသည်။ ရောဂါပျောက်ကင်းသွားသည့်လူနာ ၁၉၄ ဦးထပ်တိုးလာခဲ့ရာ တစ်နိုင်ငံလုံးရှိ ရောဂါပျောက်ကင်းသွားသူ အရေအတွက်စုစုပေါင်း ၃၆၃၀၆၈ ဦးရှိပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

ဖိလစ်ပိုင်နိုင်ငံအတွင်း ကိုဗစ်- ၁၉ ကြောင့် သေဆုံးသူ ၃၉ ဦး ထပ်မံထွက်ပေါ်လာခဲ့ရာ တစ်နိုင်ငံလုံးသေဆုံးသူအရေအတွက်စုစုပေါင်း ၇၇၉၁ ဦးရှိပြီဖြစ်သည်။ နိုင်ငံ့လူဦးရေ သန်း ၁၁၀ ရှိသည့်အနက် ပြည်သူ ၄ ဒသမ ၉ သန်းကို ကိုဗစ်- ၁၉ စစ်ဆေးခြင်းဆောင်ရွက်ထားပြီးဖြစ်ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။ **ဆင်ဟွာ**

# အမေရိကန် လျှို့ဝှက်ထောက်လှမ်းရေးအေးဂျင့် ၁၃၀ ကျော် ကိုဗစ်- ၁၉ ကူးစက်ခံရ

**ဝါရှင်တန် နိုဝင်ဘာ ၁၄**

အမေရိကန်ပြည်ထောင်စုရှိ လျှို့ဝှက်ထောက်လှမ်းရေး အေးဂျင့် ၁၃၀ ကျော်အထိ ကိုဗစ်- ၁၉ ကူးစက်ခံရပြီး တစ်ကိုယ်ရေသီးခြားနေထိုင်ကာ ကန့်သတ်စောင့်ကြည့်မှု ခံယူရလျက်ရှိကြောင်း ဝါရှင်တန်ပို့စ် သတင်းစာက နိုဝင်ဘာ ၁၃ ရက်က ဖော်ပြခဲ့သည်။

ကိုဗစ်- ၁၉ ကူးစက်ခံရသူတစ်ဦးနှင့် အနီးကပ် ထိတွေ့မှုရှိခဲ့ပြီးနောက်တွင် အဆိုပါလျှို့ဝှက်ထောက်လှမ်းရေးအေးဂျင့်များအားလုံး ရောဂါကူးစက်ခံခဲ့ရခြင်းဖြစ်ကြောင်း အဆိုပါအဖွဲ့အစည်းနှင့် ဆက်နွယ်သည့် သတင်းရင်းမြစ်များ၏ ပြောပြချက်ကို ကိုးကားလျက် ဝါရှင်တန်ပို့စ် သတင်းစာတွင် ဖော်ပြထားသည်။





အမေရိကန် လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့မှ အေးဂျင့်အချို့ကို တွေ့ရစဉ်။

လျှို့ဝှက်ထောက်လှမ်းရေး အဖွဲ့အတွင်း ရောဂါကူးစက်ဖြစ်ပွားမှုသည် နိုဝင်ဘာ ၃ ရက် အမေရိကန် ရွေးကောက်ပွဲနေ့မတိုင်မီ သုံးရက်အလိုက သမ္မတထရမ့် မဲဆွယ်စည်းရုံးရေး နောက်ဆုံးပြုလုပ်ခဲ့သည့် လူထုစုဝေးပွဲများနှင့် ဆက်နွယ်နေဖွယ်ရှိကြောင်း အဆိုပါသတင်းစာက ဖော်ပြသည်။

အိမ်ဖြူတော်၌ ရွေးကောက်ပွဲည စုဝေးမှုအပြီး ကိုဗစ်- ၁၉ ကူးစက်ခံခဲ့ရသူများတွင် အိမ်ဖြူတော်အရာရှိချုပ် မာ့ခ်မီယာဒိုစ်၊ အိုးအိမ်နေရာချထားရေးနှင့်မြို့ပြဖွံ့ဖြိုးရေးဝန်ကြီး ဘင်ကာဆန်၊ အိမ်ဖြူတော် နိုင်ငံရေးဆိုင်ရာ ဒါရိုက်တာ ဘရိုင်ယန်ဂျက်နှင့် သမ္မတထရမ့်၏ မဲဆွယ်စည်းရုံးရေးအကြံပေး ကိုရေးလီဝန်ဒေါစကီးတို့ ပါဝင်ကြောင်း သိရသည်။

သမ္မတ ဒေါ်နယ်ထရမ့်နှင့် ၎င်း၏ ဇနီး မီလာနီယာ ထရမ့်တို့မှာလည်း ပြီးခဲ့သည့် အောက်တိုဘာလအစောပိုင်းက ကိုဗစ်- ၁၉ ကူးစက်ခံရကြောင်း စစ်ဆေးတွေ့ရှိခဲ့ပြီးနောက် ကန့်သတ်စောင့်ကြည့်မှုဖြင့် နေထိုင်ခဲ့သည်။

နိုင်ငံအတွင်း ရောဂါကူးစက်ဖြစ်ပွားမှု တိုးနေသော်လည်း တစ်နိုင်ငံလုံး ကန့်သတ်ပိတ်ဆို့မှုပြုလုပ်ရန် မရှိကြောင်း ထရမ့်က ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# ဗြိတိန်ဝန်ကြီးချုပ်၏ ထိပ်တန်းအကြံပေးတစ်ဦး ရာထူးမှနုတ်ထွက်

လန်ဒန် နိုဝင်ဘာ ၁၄

**ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်၏ ထိပ်တန်းအကြံပေးတစ်ဦးဖြစ်သူ၊ ဗြိတိန်ဥရောပသမဂ္ဂမှ နုတ်ထွက်ရေး အစီအမံဆွဲယူလှုပ်ရှားခဲ့သူ ဒေါမနစ် ကမ်းမင်းသည် ရာထူးမှ နုတ်ထွက်သွားပြီဟု သိရသည်။**

ဗြိတိန်ဝန်ကြီးချုပ်ရုံးတွင် အာဏာပွတ်တိုက်မှုများ ပြင်းထန်လာသည့်အချိန်တွင် ရာထူးမှ နုတ်ထွက်သွားခြင်းဖြစ်သည်။ ဒေါမနစ်ကမ်းမင်းသည်နိုဝင်ဘာ ၁၃ ရက်က ဝန်ကြီးချုပ်ရုံးမှ ၎င်းပိုင်ဆိုင်သည့်ပစ္စည်းများကို ယူဆောင်ကာ ထွက်ခွာလာသည်ကို တွေ့ရသည်။

အခြေအနေကောင်းမွန်လာရေးအတွက် ၎င်း၏နေရာမှ နောက်ဆုတ်လိုက်ခြင်းဖြစ်သည်ဟု ဗြိတိန်မီဒီယာများတွင် ဖော်ပြကြသည်။ ယခုသီတင်းပတ်အတွင်း ဝန်ကြီးချုပ်၏အနီးကပ်အရာရှိများထဲမှ ဒုတိယမြောက်ပုဂ္ဂိုလ်ရာထူးမှ နုတ်ထွက်သွားခြင်းဖြစ်သည်။

အစိုးရအဖွဲ့အတွင်း သဘောထားကွဲမှု အရှိန်မြင့် လာမှုကို မီဒီယာများက အပြစ်တင်ကြသည်။ ဒေါမနစ် ကမ်းမင်းသည် ၂၀၁၆ ခုနှစ်က ဗြိတိန်ဥရောပသမဂ္ဂမှ နုတ်ထွက်ရေးအတွက် ပုံဖော်ပေးခဲ့သူဖြစ်ပြီး ဘောရစ်ဂျွန်ဆင်၏ အစိုးရအဖွဲ့အတွင်း အရေးပါသည့်နေရာတွင် ပါဝင်သူလည်းဖြစ်သည်။

သို့သော်လည်း ၎င်းမှာ ဗျူရိုကရက်များ၊ ရှေးရိုးစဉ်လာနိုင်ငံရေးသမားများကို အထင်မကြီးဘဲ ၎င်းနှင့်ပတ်သက်၍ မကျေနပ်သူများ များလာသည်။

မကြာသေးမီကစ၍ ဘောရစ်ဂျွန်ဆင်နှင့် ဒေါမနစ်အကြား ဆက်ဆံရေးမှာ ဆိုးရွားလာခဲ့သည်။ ဒေါမနစ်ရာထူးမှ နုတ်ထွက်သွားသည့်အတွက် ဘောရစ်ဂျွန်ဆင်၏ အစိုးရအဖွဲ့အတွင်း သက်ရောက်မှုများ ရှိလာမည်ဟု ခန့်မှန်းကြသည်။

ဥရောပသမဂ္ဂနှင့် ဗြိတိန်တို့အကြား လွတ်လပ်စွာကုန်သွယ်ရေးကို ဆွေးနွေးရာတွင် ယခင်ထက် သဘောထားပိုမိုပျော့ပျောင်းလာနိုင်သည်ဟုလည်း အချို့က ဝေဖန်ကြသည်။

**အင်န်အိတ်ချ်ကေ**



ဒေါမနစ်ကမ်းမင်း ဒေါင်းနင်းလမ်း ဝန်ကြီးချုပ်ရုံးမှ ထွက်ခွာလာသည်ကို တွေ့ရစဉ်။

# လူလိုက်ပါမည့် အာကာသယာဉ် လွှတ်တင်မှု နာဆာက ရက်ရွှေ့ဆိုင်းထား

**ဝါရှင်တန် နိုဝင်ဘာ ၁၄**

လူလိုက်ပါမည့် အာကာသယာဉ် Crew Dragon ကို လွှတ်တင်မှု နှောင့်နှေးလိမ့်မည်ဟု အမေရိကန်အာကာသအေဂျင်စီ နာဆာက ပြောကြားခဲ့သည်။

အဆိုပါ အာကာသယာဉ်ကို မူလက နိုဝင်ဘာ ၁၄ ရက်တွင် လွှတ်တင်ရန် ရည်ရွယ်ထားသော်လည်း ရာသီဥတုအခြေအနေ ဆိုးရွားသည့်အတွက် နိုဝင်ဘာ ၁၅ ရက်သို့ ရက်ရွှေ့ဆိုင်းထားကြောင်း သိရသည်။



Crew Dragon အာကာသယာဉ် လွှတ်တင်ရန် ပြင်ဆင်ထားသည်ကို တွေ့ရစဉ်။

နာဆာနှင့် Space X တို့ ပူးပေါင်းကာ လွှတ်တင်မည့် ယင်းအာကာသယာဉ်ကို ရက်ရွှေ့လိုက်ရခြင်းမှာ လေပြင်းများ တိုက်ခတ်နေသည့်အတွက် ပထမအဆင့်ဒုံးကျည်ပစ်လွှတ်မှုတွင် အနှောင့်အယှက်ဖြစ်လာနိုင်သည့်အတွက်ကြောင့် ဖြစ်သည်။

ထို့ကြောင့် နိုဝင်ဘာ ၁၅ ရက် ည ၇ နာရီ ၂၇ မိနစ်တွင် အာကာသယာဉ်ကို လွှတ်တင်မည်ဟု ပြောင်းလဲသတ်မှတ်ထားသည်။ အာကာသယာဉ်ကို လွှတ်တင်ရန်အတွက် ဒုံးကျည်တွင် တပ်ဆင်မှုမှာလည်း အဆင်သင့်ဖြစ်နေပြီး နမူနာလေ့ကျင့်မှုနှင့် စုံစမ်းစစ်ဆေးမှုတို့ကိုလည်း ကောင်းမွန်စွာ လုပ်ကိုင်ထားပြီးဖြစ်ကြောင်း နာဆာက ပြောသည်။

Crew Dragon အာကာသယာဉ်တွင် အာကာသယာဉ်မှူးလေးဦးလိုက်ပါမည်ဖြစ်ပြီး ဂျပန်အာကာသ ယာဉ်မှူး နိုဂူချီ ဆိုချီလည်း ပါဝင်မည်ဟု သိရသည်။

**အင်န်အိတ်ချ်ကေ**

# တောင်ကိုရီးယားတွင် ပါးစပ်နှာခေါင်းစည်းမဝတ်ဆင်သူများကို ဒဏ်ရိုက်

**ဆိုးလ် နိုဝင်ဘာ ၁၄**

တောင်ကိုရီးယားနိုင်ငံတွင် အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများ၌ ပါးစပ်နှာခေါင်းစည်း မဝတ်ဆင်သူများကို စတင်ဒဏ်ရိုက်နေပြီဟု သိရသည်။

ဒဏ်ရိုက်မှုကို နိုဝင်ဘာ ၁၃ ရက်မှစတင်ကာ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ရောဂါကာကွယ်ရေးနှင့်ထိန်းချုပ်ရေး ဥပဒေအရ ဒဏ်ရိုက်မှုပြုလုပ်နေခြင်းဖြစ်သည်။ အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများသို့ သွားလာသည့်အခါ ပါးစပ်နှာခေါင်းစည်း မဝတ်ဆင်ပါက ဝမ် ၁၀၀၀၀၀ သို့မဟုတ် အမေရိကန်ဒေါ်လာ ၉၀ အထိ ဒဏ်ရိုက်ခံရမည်ဖြစ်သည်။ ဈေးဝယ်လာသည့်ဖောက်သည်များနှင့် အခြားသောဆိုင်များသို့ ဝင်ရောက်သည့်အခါ ဝယ်သူများ ပါးစပ်နှာခေါင်းစည်း မဝတ်ဆင်ဘဲ ဆိုင်အတွင်း ဝင်ရောက်ပါကဆိုင်ရှင် သို့မဟုတ် အဖွဲ့အစည်းကို ဒေါ်လာ ၂၇၀၀ အထိ ဒဏ်ရိုက်သွားမည်ဖြစ်သည်။

ရုပ်သံတွင် ပါဝင်ရသူများ၊ အများပြည်သူသုံးရေချိုးခန်းများနှင့် ရေကူးကန်များသို့ သွားရောက်သည့် ပြည်သူများကိုမူ ခြွင်းချက်ပေးထားကြောင်း သိရသည်။ အသက် ၁၄ နှစ်အောက် ကလေးများ၊ မသန်စွမ်းများနှင့် အသက်ရှုလမ်းကြောင်းခက်သည့် လူများကိုလည်း ခြွင်းချက်ပေးသွားမည်ဟု သိရသည်။

ဆိုးလ်မြို့မှ ဝန်ထမ်းများသည် လက်ကမ်းစာစောင်များ ဖြန့်ဝေပြီး ပါးစပ်နှာခေါင်းစည်းဝတ်ဆင်ကြရန် ပြည်သူများကို တိုက်တွန်းခဲ့သည်။

တချို့သော လူများမှာ ပါးစပ်နှာခေါင်းစည်း မဝတ်ဆင်သည့်အတွက် ဒဏ်ရိုက်ခြင်းမှာ ဖြစ်သင့်သည်ဟု အသက် ၂၀ ဝန်းကျင် အမျိုးသမီးတစ်ဦးကပြောသည်။ ဆောင်းတွင်းသို့ ဝင်ရောက်လာပြီ ဖြစ်သည့်အတွက် ပါးစပ်နှာခေါင်းစည်းဝတ်ဆင်ခြင်းမှာ အရေးကြီးလာပြီဟု ဆိုးလ်မြို့မှ အရာရှိတစ်ဦးက ပြောသည်။

တောင်ကိုရီးယားတွင် နိုဝင်ဘာ ၁၂ ရက်က ကိုဗစ် -၁၉ကူးစက်ခံရသူ ၁၉၁ ဦး တွေ့ရှိရပြီး ယင်းအရေအတွက်မှာ စက်တင်ဘာလ အစောပိုင်းမှ စတင်ကာ အမြင့်ဆုံး အရေအတွက်ဖြစ်သည်ဟု သိရသည်။

**အင်န်အိတ်ချ်ကေ**



# အမေရိကန်ရွေးကောက်ပွဲတွင် ဂျိုးဘိုင်ဒင် အနိုင်ရရှိမှုကို တရုတ်နိုင်ငံက ဝမ်းမြောက်ကြောင်း စကားဆို

**ပေကျင်း နိုဝင်ဘာ ၁၄**

ယခုလအစောပိုင်းတွင် ကျင်းပပြီးစီးခဲ့သည့် အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်သမ္မတလောင်း ဂျိုးဘိုင်ဒင် အနိုင်ရရှိသွားသည့်အတွက် ဝမ်းမြောက်ကြောင်း နိုဝင်ဘာ ၁၃ ရက်တွင် တရုတ်နိုင်ငံက ပြောကြားခဲ့သည်။

အမေရိကန်တွင် ပထမဆုံး အမျိုးသမီးဒုတိယသမ္မတ ဖြစ်လာမည့် ကာမလာဟားရစ်အတွက်လည်း ဝမ်းမြောက်ကြောင်း တရုတ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဝမ်ဝန်ဘင်က သတင်းထောက်များကို ပြောသည်။

အမေရိကန်ပြည်သူများ၏ ရွေးချယ်မှုကို လေးစားကြောင်း ၎င်းက ပြောကြားခဲ့သည်။ ဂျိုးဘိုင်ဒင်လက်ထက်တွင် အမေရိကန် ပြည်ထောင်စုနှင့် တရုတ်နိုင်ငံ၏ဆက်ဆံရေးတိုးတက်လာရန် တရုတ်နိုင်ငံဘက်မှ စိတ်အားထက်သန်လျက်ရှိသည်ဟု အချို့သော နိုင်ငံရေးကျွမ်းကျင်သူများက ခန့်မှန်းထားကြသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် လက်ထက်တွင် ကုန်သွယ်ရေး၊ နည်းပညာကိစ္စရပ်များအပါအဝင် အခြားသော ကိစ္စရပ်များ၌ အမေရိကန်နှင့် တရုတ်နိုင်ငံတို့အကြား ဆက်ဆံရေးတင်းမာခဲ့သည်။

ကျိုဒို

# လစ်ဗျားနိုင်ငံတွင် လာမည့်နှစ် ဒီဇင်ဘာလအတွင်း အမျိုးသားရွေးကောက်ပွဲ ကျင်းပမည်

**ထရီပိုလီ နိုဝင်ဘာ ၁၄**

လစ်ဗျားနိုင်ငံတစ်လွှားမှ လူမှုရေးနှင့် နိုင်ငံရေးနယ်မှ လူများသည် လာမည့်နှစ် ဒီဇင်ဘာလတွင် အမျိုးသားရွေးကောက်ပွဲကို ကျင်းပရန် သဘောတူထားသည်ဟု လစ်ဗျားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးလုပ်ငန်းအဖွဲ့ က နိုဝင်ဘာ ၁၃ ရက်တွင် ပြောကြားခဲ့သည်။

လစ်ဗျားနိုင်ငံ နိုင်ငံရေးဆွေးနွေးပွဲဖိုရမ်တွင် ကိုယ်စားလှယ် ၇၅ ဦးမှ သဘောတူထားသည်ဟု လစ်ဗျားနိုင်ငံဆိုင်ရာ ကုလအထောက်အကူပြုအဖွဲ့မှ အကြီးအကဲဖြစ်သူ စတက်ဖနီဝီလီယံက ပြောသည်။ အဆိုပါ ဆွေးနွေးပွဲဖိုရမ်မှာ လစ်ဗျားနိုင်ငံတွင်ကွဲပြားနေသည့် နိုင်ငံရေးအဖွဲ့များအတွက် စေ့စပ်ညှိနှိုင်းပေးသည့် ဆွေးနွေးပွဲဖြစ်သည်။

ယင်းဖိုရမ်ကို ကုလသမဂ္ဂက ကမကထပြုလုပ်ကာ ကျင်းပပေးခြင်းဖြစ်ပြီး အောက်တိုဘာ ၂၃ ရက်က ဂျီနီဗာတွင် လစ်ဗျားနိုင်ငံမှ နိုင်ငံရေးအဖွဲ့အစည်းများ အပစ်အခတ်ရပ်စဲရေးတွင် သဘောတူလက်မှတ်ရေးထိုးပြီးနောက် ဖိုရမ်ကျင်းပခဲ့ခြင်းဖြစ်သည်။

ခြောက်ရက်ကြာကျင်းပသည့် အဆိုပါဖိုရမ်တွင် တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက အမျိုးသားရွေးကောက်ပွဲ ကျင်းပရန်အတွက် လမ်းပြမြေပုံရေးဆွဲရာတွင် သဘောတူခဲ့ကြသည်။ ထို့ပြင် ရွေးကောက်ပွဲအတွက် ကိုယ်စားလှယ်ရွေးချယ်ရေး လုပ်ငန်းစဉ်များတွင် ပွင့်လင်းမြင်သာမှု၊ အရည်အချင်းပြည့်ဝမှု၊ အတူတကွယှဉ်တွဲနေထိုင်နိုင်မှုတို့ ရှိရန်လည်း ဖိုရမ်၌ တက်ရောက်လာသူများက ပြောဆိုခဲ့ကြကြောင်း သိရသည်။

**ဆင်ဟွာ**

# ကမ္ဘာ့ပြည်သူတစ်ရပ်လုံး အာရုံစိုက်နေတဲ့ ကိုဗစ်- ၁၉ ကာကွယ်ဆေး

ကလျာမိုးမြင့်

လူ ၁၀ ဦးမှာ ကိုးဦးလောက် ကိုဗစ်-၁၉ ကူးစက်ခံရနိုင်တဲ့အန္တရာယ်ကနေ ကာကွယ်ပေးမယ့် ကာကွယ်ဆေးကို ဖိုင်ဇာ(Pfizer) နဲ့ ဘိုင်အိုတက်ချ် (BioNtech) ကုမ္ပဏီက အရေးပေါ်ခွင့်ပြုချက်ရရှိဖို့ ကြိုးပမ်းနေပြီး ကာကွယ်ဆေးကို လူပေါင်း ၄၃၅၀၀ ကို စမ်းသပ်ထိုးနှံခဲ့ရာမှာ ဘေးဥပဒ်ဖြစ်စေနိုင်တဲ့ စိုးရိမ်စရာအခြေအနေတွေ ဖြစ်ပေါ်ခဲ့ခြင်းမရှိဘူးလို့ သိရပါတယ်။

## ဘယ်လောက်ထိရောက်မှုရှိသလဲ

ဖိုင်ဇာနဲ့ ဘိုင်အိုတက်ချ်က စမ်းသပ်နေတဲ့ ကာကွယ်ဆေးဟာ ဗိုင်းရပ်စ်ကို တိုက်ထုတ်ပစ်ဖို့ ခုခံအားစနစ်ကို လေ့ကျင့်ပေးတယ်လို့ ဆိုပါတယ်။ အဲဒီ ကာကွယ်ဆေးအမျိုးအစားသစ်ကို RNA ကာကွယ်ဆေးလို့ ခေါ်ပြီး ဗိုင်းရပ်စ်ရဲ့ အလွန်သေးငယ်တဲ့ မျိုးဗီဇကုဒ် အပိုင်းအစတစ်ခုကို အသုံးပြုထားတာဖြစ်တယ်လို့ သိရပါတယ်။ ဒီဆေးက ခန္ဓာကိုယ်ထဲမှာ ဗိုင်းရပ်စ်အစိတ်အပိုင်းတစ်ခုအနေနဲ့ စတင်လုပ်ဆောင်ပြီး ခုခံအားစနစ်က ပြင်ပကလို့ သိလိုက်တဲ့အရာကို စတင်တိုက်ခိုက်တော့မှာ ဖြစ်ပါတယ်။

ကာကွယ်ဆေးကို ရက်သတ္တသုံးပတ်ခွာပြီး နှစ်ကြိမ်ပေးခဲ့တဲ့အခါမှာ ကာကွယ်ဆေးထိုးထားတဲ့ လူနာတွေကို ကိုဗစ်- ၁၉ လက္ခဏာတွေဖြစ်မလာအောင် ၉၀ ရာခိုင်နှုန်းမက ကာကွယ်ပေးနိုင်တယ်လို့ ကနဦးအချက်အလက်တွေမှာ ဖော်ပြထားပါတယ်။

## ယခင်က အသုံးပြုဖူးသလား

RNA ကာကွယ်ဆေးကို လူတွေမှာ အသုံးပြုဖို့ ခွင့်ပြုချက်ပေးခဲ့တာမျိုး ယခင်က မရှိဖူးသေးပါဘူး။ ဒါပေမယ့် သုတေသနပြုလုပ်ခဲ့ဖူးပြီး ဒီဆေးကို တခြားရောဂါတွေအတွက် စမ်းသပ်ကုသရာမှာ အသုံးပြုခဲ့ဖူးတယ်လို့ သိရပါတယ်။ အဲဒီကာကွယ်ဆေးကို ကမ္ဘာတစ်ဝန်းမှာရှိတဲ့ စည်းကမ်းထိန်းသိမ်းရေးအေဂျင်စီတွေက ထည့်သွင်းစဉ်းစားနေကြပြီး ပြည်သူလူထုအသုံးပြုဖို့ ခွင့်ပြုချက်ပေး မပေးဆိုတာကို ဆုံးဖြတ်မှာဖြစ်ပါတယ်။

အသက်အရွယ်ဟာ ကိုဗစ်-၁၉ ရောဂါလက္ခဏာပြင်းထန်နိုင်တဲ့ အကြောင်းရင်းတစ်ခုဖြစ်တာကြောင့် ကာကွယ်ဆေးကိုခွင့်ပြုချက်ရရှိတဲ့အခါ ဘယ်သူတွေအရင်ဆုံး လက်ဝယ်ရရှိမလဲဆိုတာဟာ အသက်အပိုင်းအခြားအပေါ်မှာ မူတည်နေပါတယ်။

## ဘယ်သူတွေကို ဦးစားပေးမလဲ

ဗြိတိန်မှာဆိုရင် ကျန်းမာရေးဝန်ထမ်းတွေကို ကာကွယ်ဆေးပထမဆုံးဖြန့်ဝေပေးမယ့် ဦးစားပေးစာရင်းမှာ ထည့်သွင်းထားပြီး ဒုတိယဦးစားပေး စာရင်းမှာတော့ အသက်ကြီးတဲ့သူတွေနဲ့ စောင့်ရှောက်ရေးဝန်ထမ်းတွေကို ကာကွယ်ဆေးထိုးနှံပေးမှာဖြစ်ပါတယ်။ အဲဒီနောက်မှာတော့ အသက်အရွယ်အားဖြင့် ပိုင်းခြားကန့်သတ်လိုက်ပြီး အသက် ၅၀ အောက် ပြည်သူတွေဟာ ကာကွယ်ဆေး နောက်ဆုံးရရှိမယ့်သူတွေ ဖြစ်ပါတယ်။




“ကာကွယ်ဆေးကို လုံလုံလောက်လောက် ထုတ်လုပ်နိုင်ဖို့နဲ့ ပြည်သူလူထုဆီ အမှန်တကယ်ရောက်ရှိဖို့ဆိုတဲ့ စိန်ခေါ်မှုတွေပဲ ကျန်ရှိနေတာဖြစ်ပါတယ်။ ဒီဖြစ်စဉ်တွေအားလုံးအတွက် အချိန်ယူရဦးမှာဖြစ်တဲ့အတွက် စိတ်ချရတဲ့အခြေအနေ မရောက်မချင်း ဗိုင်းရပ်စ်ထိန်းချုပ်ရေး လမ်းညွှန်ချက်တွေ၊ အစီအမံတွေ ချမှတ်ဆောင်ရွက်နေရဦးမှာပါပဲ”

ကာကွယ်ဆေးနဲ့ပတ်သက်တဲ့ လုပ်ငန်းအဆင့်တွေအားလုံး ချောချောမောမောနဲ့ပြီးစီးသွားရင်တော့ ခရစ္စမတ်ကာလမတိုင်ခင် ကာကွယ်ဆေးပထမအကြိမ် ထိုးနှံခြင်းလုပ်ဆောင်နိုင်ဖွယ်ရှိပါတယ်။ ဒါပေမယ့် ကျော်လွှားရမယ့်အခက်အခဲတွေနဲ့ ကာကွယ်ဆေးထောက်ပံ့ပို့ဆောင်မှုဆိုင်ရာ စိန်ခေါ်မှုတွေကတော့ ရှိဦးမှာဖြစ်ပါတယ်။ ကာကွယ်ဆေးကိုသိုလှောင်ထိန်းသိမ်းတဲ့ နေရာမှာလည်း အာနိသင်မပျက်အောင် အပူချိန် အနုတ် ၈၀ ဒီဂရီစင်တီဂရိတ်မှာ သိုလှောင်ထိန်းသိမ်းထားရမှာ ဖြစ်တယ်လို့ သိရပါတယ်။

## ရေရှည်ကာကွယ်မှုပေးနိုင်သလား

ကာကွယ်ဆေးက အချိန်ဘယ်လောက်ကြာတဲ့အထိ ဗိုင်းရပ်စ်မကူးစက်အောင် ကာကွယ်ပေးနိုင်မှာလဲဆိုတာကိုတော့ မသိနိုင်သေးတဲ့အတွက် စောင့်ကြည့်ခြင်းနဲ့ပဲ အဖြေရှာရမှာပါ။ တကယ်လို့သာ တုပ်ကွေးရောဂါလိုပဲ ကာကွယ်ဆေးထိုးနှံပြီးနောက်မှာ ခုခံအားစနစ်က ကြာရှည်မခံဘူးဆိုရင်တော့ နှစ်စဉ်နှစ်တိုင်း ကာကွယ်ဆေးထိုးဖို့ လိုအပ်ကောင်း လိုအပ်လာနိုင်ပါတယ်။

ကာကွယ်ဆေးဟာ အသက်အရွယ်အုပ်စုအားလုံးမှာ ထိရောက်မှုအားဖြင့် အတူတူပဲလားဆိုတာကိုတော့ အချက်အလက်ဖော်ပြထားခြင်း မရှိပါဘူး။ ဒါပေမယ့် အစောပိုင်းစမ်းသပ် လေ့လာမှုတွေအရ လူကြီးနဲ့လူငယ် နှစ်မျိုးလုံး ခုခံအားစနစ်ကို ထုတ်ပေးနိုင်တယ်ဆိုတာကိုတော့ ပြသခဲ့ပါတယ်။

## ဘေးထွက်ဆိုးကျိုး အနည်းအကျဉ်းရှိ

ခုခံအားစနစ် အားနည်းတဲ့သူတွေလည်း ရှိနိုင်ပြီး အဲဒီလူတွေကတော့ ကာကွယ်ဆေးထိုးနှံခြင်း လုပ်ဆောင်နိုင်မှာမဟုတ်ဘူးလို့ သိရပါတယ်။ ဘယ်ဆေးဝါးမှ ၁၀၀ ရာခိုင်နှုန်း ဘေးကင်းစိတ်ချရတယ်ဆိုတာမျိုးတော့ မရှိသေးပါဘူး။ မကြာခဏဆိုသလို ကျွန်ုပ်တို့ မစဉ်းစားဘဲ သောက်သုံးနေရတဲ့ ပါရာစီတမောလို ဆေးမှာတောင် ဘေးထွက်ဆိုးကျိုးတော့ ရှိသေးတာပါပဲ။ ကာကွယ်ဆေးစမ်းသပ်မှုပြုလုပ်ခဲ့တဲ့ လူ ၄၃၅၀၀ မှာ အန္တရာယ်ရှိတဲ့ ဘေးထွက်ဆိုးကျိုးဖြစ်ပေါ်မှုတွေ မတွေ့ရပေမယ့် လက္ခဏာအသေးအဖွဲလေးတွေတော့ ရှိတယ်လို့ ဆိုပါတယ်။

## ကန့်သတ်ပိတ်ဆို့မှုတွေ လိုအပ်ဦးမလား

လူတွေမှာ ကိုဗစ်-၁၉ကို ခံနိုင်ရည်ရှိသွားပြီး ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှု ရပ်သွားပြီဆိုရင် ကျွန်ုပ်တို့အနေနဲ့ ဗိုင်းရပ်စ်ကို ထိန်းချုပ်ဖို့ တခြားအစီအမံတွေ လုပ်စရာမလိုတော့ပါဘူး။ ဒါပေမယ့် ကာကွယ်ဆေးကို လုံလုံလောက်လောက်ထုတ်လုပ်နိုင်ဖို့နဲ့ ပြည်သူလူထုဆီ အမှန်တကယ်ရောက်ရှိဖို့ဆိုတဲ့ စိန်ခေါ်မှုတွေပဲ ကျန်ရှိနေတာဖြစ်ပါတယ်။ ဒီဖြစ်စဉ်တွေအားလုံးအတွက် အချိန်ယူရဦးမှာဖြစ်တဲ့အတွက် စိတ်ချရတဲ့အခြေအနေ မရောက်မချင်း ဗိုင်းရပ်စ်ထိန်းချုပ်ရေး လမ်းညွှန်ချက်တွေ၊ အစီအမံတွေ ချမှတ်ဆောင်ရွက်နေရဦးမှာပါပဲ။

## လမ်းညွှန်ချက်များနှင့်အညီ ဆက်လက်နေထိုင်ဖို့လို

ဒါကြောင့် လက်ရှိအချိန်အတောအတွင်းမှာတော့ ဗိုင်းရပ်စ်စစ်ဆေးတာ၊ အသွားအလာ အဝင် အထွက် ကန့်သတ်ပိတ်ဆို့တာ၊ လူမှုဝေးကွာစည်းကမ်းချက်နဲ့အညီ တစ်ဦးနဲ့တစ်ဦးခပ်ခွာခွာနေထိုင်တာ အိမ်အပြင်ထွက်တဲ့အခါ နှာခေါင်းစည်းတပ်ဆင်တာတွေဟာ နေ့စဉ် လူနေမှုဘဝမှာ အချိန်အတိုင်းအတာတစ်ခုအထိ လိုအပ်နေဦးမှာပါ။

ကိုဗစ်-၁၉ ကို တိုက်ထုတ်နိုင်ဖို့ ရည်ရွယ်တဲ့ RNA ကာကွယ်ဆေးကို Pfizer နဲ့ BioNtech ကုမ္ပဏီက ထုတ်လုပ်ထားပြီး ဉာဏဆိုင်ရာ မူပိုင်ခွင့် ရရှိထားပါတယ်။ ဒီကုမ္ပဏီတွေအနေနဲ့ လာမယ့်နှစ်ကုန်ပိုင်းမှာ ကာကွယ်ဆေး ၁ ဒသမ ၃ သန်းအထိ ထုတ်လုပ်နိုင်မှာဖြစ်ပြီး ဆေးရဲ့ပမာဏထပ်တိုးထုတ်လုပ်နိုင်ဖို့ တခြားလုပ်ဖော်ကိုင်ဖက်တွေနဲ့ ပူးပေါင်းဆောင်ရွက်သွားဖွယ်ရှိတယ်လို့ သိရပါတယ်။

## အသေးစိတ်ဖော်ပြချက်လိုအပ်

ကာကွယ်ဆေးနဲ့ပတ်သက်လို့ သက်ဆိုင်ရာ အဖွဲ့အစည်းတွေက ကြေညာချက်တွေထုတ်ပြန်ထားတာရှိပေမယ့်လည်း အသေးစိတ်အချက်အလက်တွေ ပြည့်ပြည့်စုံစုံ ဖော်ပြထားတာမျိုးတွေ လိုအပ်နေပါသေးတယ်။ တကယ်တမ်းမှာ ကာကွယ်ဆေးနဲ့ပတ်သက်ပြီး အသေးစိတ် ပိုမိုသိရှိနိုင်လေလေ လူထုကျန်းမာရေးအတွက် ကောင်းလေလေဖြစ်မှာပါ။ ။

**ကိုးကား- ဘီဘီစီ၊ ဆင်ဟွာ**

---

**နိုင်ငံတကာသတင်းတိုထွာ**

## ဘရာဇီးနိုင်ငံတွင် ကိုဗစ်- ၁၉ ကြောင့် သေဆုံးသူ ၁၆၄၇၃၇ ဦး ရှိပြီဖြစ်

**ရီယိုဒီဂျနေးရိုး နိုဝင်ဘာ ၁၄**

ဘရာဇီးနိုင်ငံတွင် ကိုဗစ်- ၁၉ ကြောင့် သေဆုံးသူ ၄၅၆ ဦး ထပ်တိုးလာခဲ့ရာ တစ်နိုင်ငံလုံး သေဆုံးသူအရေအတွက် စုစုပေါင်း ၁၆၄၇၃၇ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

ဘရာဇီးနိုင်ငံအတွင်း ကိုဗစ်- ၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၉၀၇၀ ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ တစ်နိုင်ငံလုံး ရောဂါကူးစက်ဖြစ်ပွားသူအရေအတွက် စုစုပေါင်း ၅၈၁၀၆၂၅ ဦးအထိ ရှိလာခဲ့သည်။

ဘရာဇီးနိုင်ငံသည် ကမ္ဘာပေါ်တွင် အမေရိကန်ပြည်ထောင်စုပြီးလျှင် ရောဂါကူးစက်ဖြစ်ပွားမှု ဒုတိယ အများဆုံးနိုင်ငံဖြစ်ပြီး ရောဂါကြောင့် သေဆုံးသူအရေအတွက်မှာ အမေရိကန်နှင့် အိန္ဒိယနိုင်ငံပြီးလျှင် တတိယအများဆုံးနိုင်ငံဖြစ်လျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ

## နိုင်ဂျီးရီးယားနိုင်ငံ၌ အသားဝါရောဂါကြောင့် သေဆုံးသူ ၇၆ ဦးရှိ

**လေဂို့စ် နိုဝင်ဘာ ၁၄**

နိုင်ဂျီးရီးယားနိုင်ငံရှိ ပြည်နယ်သုံးခုတို့တွင် နိုဝင်ဘာလ ပထမ ၁၀ ရက်အတွင်း အသားဝါရောဂါဖြစ်ပွားမှုကြောင့် သေဆုံးသူ ၇၆ ဦးရှိကြောင်း ဒေသကျန်းမာရေးအရာရှိများက ပြောကြားခဲ့သည်။

နိုင်ဂျီးရီးယားနိုင်ငံ ဒယ်လ်တာပြည်နယ်တွင် အသားဝါရောဂါကြောင့်သေဆုံးသူ ၃၅ဦး၊ အီနူဂူပြည်နယ်တွင် ၃၃ ဦးနှင့် ဘော်ချီပြည်နယ်တွင် ရှစ်ဦးအထိ သေဆုံးခဲ့ကြောင်း နိုင်ဂျီးရီးယားနိုင်ငံ ရောဂါကာကွယ်ရေးနှင့်ထိန်းချုပ်ရေး ဗဟိုဌာန အထွေထွေညွှန်ကြားရေးမှူး ချီကွီ အီဟီကွီဇူက နိုင်ဂျီးရီးယားသတင်းအေဂျင်စီသို့ ပြောကြားခဲ့သည်။

လက်ရှိတွင် ပြည်နယ်သုံးခု၌ အသားဝါရောဂါကူးစက်ခံထားရသည်ဟု သံသယရှိသည့် လူနာ ၂၂၂ ဦးနှင့် အတည်ပြုလူနာ ၁၉ ဦးရှိကြောင်း အီဟီကွီဇူက ပြောသည်။ ရောဂါကူးစက်ဖြစ်ပွားမှုအများဆုံးမှာ အသက်တစ်နှစ်မှ ၅၅ နှစ်အတွင်း အမျိုးသားများဖြစ်ပြီး ရောဂါလက္ခဏာများအနေဖြင့် အဖျားတက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ မောပန်းနွမ်းနယ်ခြင်း၊ အသားဝါခြင်း၊ ဗိုက်နာခြင်း၊ အော့အန်ခြင်း သွေးဝမ်းသွားခြင်းနှင့် ဆီးထဲတွင် သွေးပါခြင်းများတွေ့ရှိရကြောင်း သိရသည်။

အသားဝါရောဂါကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်ရန်အတွက် ကာကွယ်ဆေးထိုးနှံခြင်း ဆောင်ရွက်လျက်ရှိကြောင်း ကျန်းမာရေးအာဏာပိုင်များက ပြောကြားခဲ့သည်။

ဆင်ဟွာ

# ကိုဗစ်ကာလ ဆွမ်းခက်ခဲသော ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်းများသို့ ဒုတိယအကြိမ်မြောက် စုပေါင်းလှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၁၄**

ရန်ကုန် တောင်ပိုင်းခရိုင်နှင့် မြောက်ပိုင်းခရိုင် မြို့နယ် ၁၇ မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများ စုစုပေါင်းကျောင်း၂၇၀ သို့ အခြေခံစားသောက်ကုန် ကိုးမျိုးနှင့် တိုင်းရင်းဆေးဝါးများ လှူဒါန်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၄ ရက် နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ သန်လျင်မြို့နယ်ရှိ စန္ဒီသက်သတ်လွတ် ဘုရားကျောင်းတွင် ဆောင်ရွက်သည်။

စန္ဒီပရဆေးမိသားစုက ဦးဆောင်ပြီး ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းဆေးမိသားစုများ၊ မေတ္တာပြည့်ဝ သာသနာပြုအသင်း၊ နှစ်ဦးဓမ္မသဘင်အလှူရှင်မိသားစုများနှင့် တိုင်းကြက်ခြေနီအသင်းတို့ စုပေါင်း၍ ရန်ကုန် တောင်ပိုင်းခရိုင်နှင့် မြောက်ပိုင်းခရိုင် မြို့နယ် ၁၇ မြို့နယ်အတွင်းရှိ ဆွမ်းခက်ခဲသော ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများ စုစုပေါင်း ကျောင်း ၂၇၀ သို့ တစ်ကျောင်းလျှင် အခြေခံစားသောက်ကုန် ဆွမ်းဆန်တော် တစ်အိတ်၊ ဆီ ၁၀ ပိသာ၊ ဆား တစ်အိတ်၊ ဆေးမျိုးစုံ၊ လက်သန့်ဆေး၊ နှာခေါင်းစည်း တစ်အိတ်၊ ကုလားပဲ ၁၅ ပိဿာ၊ အာလူး ၁၅ ပိဿာ၊ ခေါက်ဆွဲခြောက် သုံးဖာ၊ ကော်ဖီမစ် သုံးပါကင်၊ ကြက်သွန်နီ ၁၅ ပိဿာနှင့် တိုင်းရင်းဆေးဝါးမျိုးစုံတို့ကို ဒုတိယအကြိမ်မြောက်အဖြစ် ပေးအပ်လှူဒါန်းခြင်းဖြစ်သည်။




"သံဃာတော်တွေ၊ သီလရှင်ဆရာလေးတွေ ကလည်း ကိုဗစ်ကာလမှာ အပြင်ထွက်မရတော့ ဆွမ်းခက်ခဲကြပါတယ်။ အဲဒီအတွက် ဆွမ်းအခက်အခဲမရှိရအောင် စန္ဒီပရဆေးက ဦးတင်မောင်က စတင်ပြီး အလှူခံဆောင်ရွက်တာမို့ တိုင်းရင်းဆေးမိသားစုတွေက ပါဝင်လှူဒါန်းဖြစ်ပါတယ်" ဟု ဂရိတ်ဝေါတိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးမှ ဦးမောင်မောင်ဦးက ပြောသည်။

ပထမအကြိမ်အဖြစ် ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် အနောက်ပိုင်းခရိုင်မှ ၂၂ မြို့နယ်အတွင်းရှိ ဆွမ်းခက်ခဲသော ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်း စုစုပေါင်း ကျောင်း ၃၆၀ သို့ အောက်တိုဘာလအတွင်းက လှူဒါန်းခဲ့ပြီးဖြစ်သည်။ ထိုသို့ ပေးပို့လှူဒါန်းနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီသူနာပြုတပ်ဖွဲ့က လုပ်အားကူညီကာ စာရင်းကောက်ယူခြင်း၊ ပေးပို့လှူဒါန်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

ယနေ့ နံနက်ပိုင်းက သန်လျင်မြို့နယ် စန္ဒီသက်သတ်လွတ် ဘုရားကျောင်းတွင် သန်လျင်မင်းကျောင်းဆရာတော်ကြီးနှင့် ပင့်သံဃာတော်များအား အလှူရှင်များက သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ သန်လျင်၊ ကျောက်တန်း၊ သုံးခွနှင့် ခရမ်း မြို့နယ်များရှိ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်း ၅၇ ကျောင်းတို့အတွက် လှူဖွယ်ပစ္စည်းများအား ကြက်ခြေနီတပ်ဖွဲ့ဝင်များမှတစ်ဆင့် ပေးပို့လှူဒါန်းကြသည်။

ယင်းနောက် ညနေပိုင်းတွင် လှိုင်သာယာမြို့နယ် စန္ဒီပရဆေး စက်ရုံဝင်းအတွင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် အနောက်ပိုင်း ငါးမြို့နယ်နှင့် မြောက်ပိုင်းခရိုင် ရှစ်မြို့နယ်မှ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ဆက်လက်လှူဒါန်းကြသည်။ နိုဝင်ဘာ ၁၁ ရက်ကလည်း ရန်ကုန်တိုင်းဒေသကြီး သံဃနာယကဆရာတော်ကြီး ၁၁ ပါးတို့၏ ကျောင်းတိုက်များသို့ သွားရောက်ကာ လှူဖွယ်ပစ္စည်းကိုးမျိုး ပေးအပ်လှူဒါန်းကြသည်။

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဦးထွန်းရွှေက "အခုလိုအလှူဖြစ်မြောက်ဖို့အတွက် တိုင်းရင်းဆေးမိသားစု အလှူရှင်တွေရော၊ မေတ္တာပြည့်ဝသာသနာပြုအသင်း၊ နှစ်ဦးဓမ္မသဘင် အလှူရှင် မိသားစုတွေရော အထူးကျေးဇူးတင်ပါတယ်။ အခွင့်အခါသင့်ရင် ဒီလိုထပ်မံလှူဒါန်းဖို့ ကြိုးစားကြဦးမှာပါ" ဟု ပြောသည်။

စန္ဒီပရဆေးမိသားစုက ဦးဆောင်ပြီး တိုင်းရင်းဆေးမိသားစုများ၊ မေတ္တာပြည့်ဝသာသနာပြုအသင်း၊ နှစ်ဦးဓမ္မသဘင် အလှူရှင်မိသားစုများနှင့် တိုင်းကြက်ခြေနီအသင်းတို့ စုပေါင်း၍ ရန်ကုန်တိုင်းဒေသကြီး ခရိုင်လေးခုအတွင်း မြို့နယ် ၃၉ မြို့နယ်ရှိ ဆွမ်းခက်ခဲသော ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်း စုစုပေါင်း ၆၃၀ သို့ တစ်ကျောင်းလျှင် အခြေခံစားသောက်ကုန် ဆွမ်းဆန်တော် တစ်အိတ်၊ ဆီ ၁၀ ပိဿာ၊ ဆား တစ်အိတ်၊ ဆေးမျိုးစုံ၊ လက်သန့်ဆေး၊ နှာခေါင်းစည်း တစ်အိတ်၊ ကုလားပဲ ၁၅ ပိဿာ၊ အာလူး ၁၅ ပိဿာ၊ ခေါက်ဆွဲခြောက် သုံးဖာ၊ ကော်ဖီမစ် သုံးပါကင်၊ ကြက်သွန်နီ ၁၅ ပိဿာနှင့် တိုင်းရင်းဆေးဝါးမျိုးစုံ စုစုပေါင်းတန်ဖိုး ငွေကျပ်သိန်း ၁၀၀၀ ကျော်တို့ကို နှစ်ကြိမ်ခွဲကာ ပေးအပ်လှူဒါန်းခြင်းဖြစ်သည်။

**ကိုဌေး**

❑ *ကျောဖုံးမှ*

စတင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

" ဒီနေရာကို လုပ်ရတဲ့အကြောင်းရင်းက ပညာရေးတက္ကသိုလ် လေ့ကျင့်ရေး အထက်တန်းကျောင်းရှိတယ်။ Junction Square ကို သွားတဲ့သူတွေ ရှိတယ်။ အဲဒီလူတွေအတွက်က လမ်းကူးတဲ့နေရာမှာ အခက်အခဲရှိတယ်။ နေ့တိုင်း ယာဉ်ထိန်းရဲက ရှင်းပေးနေရတော့ ဒါတွေကင်းလွတ်သွားအောင် ကျွန်တော်တို့ လုပ်ပေးတာပါ။ နိုင်ငံတကာအဆင့်မီလုပ်တဲ့ အခါမှာ အောက်ကလူကူးတံတားမှာ စားသောက်ဆိုင် အသေးလေးတွေ လုပ်ပေးမှာပါ" ဟု ကမာရွတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်းက ပြောကြားသည်။

မြေအောက် လမ်းကူးလူသွားဥမင်ကို သံကူကွန်ကရစ်အမျိုးအစားဖြင့် တည်ဆောက်ထားခြင်းဖြစ်ပြီး ပင်မ ဥမင်အလျား ၄၂၇ ပေ ၂ လက်မရှိ၍ ဥမင်အမြင့်မှာ ၁၁ ပေရှိပြီး ဥမင်ခန်းဖွင့်အကျယ်မှာ ပေ ၄၀ ရှိကြောင်း သိရသည်။ ဥမင်အတွင်း လူသွားလမ်းအကျယ်ကို ၁၉ ပေ ၈ လက်မအထိ ထားရှိပေးမည်ဖြစ်ပြီး တစ်နာရီလျှင် လူဦးရေ ၆၀၀၀ ခန့်ဖြတ်သန်းသွားလာနိုင်မည်ဖြစ်သည်။ ဥမင်အတွင်း အတက်အဆင်းပြုလုပ်ရန် ရွေ့လျားစက်လှေကား သုံးစင်းနှင့် မသန်စွမ်းသူများ အသုံးပြုရန် လူရှစ်ယောက်စီး ဓာတ်လှေကား နှစ်စင်းကို ထည့်သွင်းတည်ဆောက်ထားကြောင်း သိရသည်။ ဖြတ်သန်းသွားလာသူများ အတက်အဆင်း အဆင်ပြေချောမွေ့စေရေးအတွက် ဥမင်လျှောစောက်ထောင့်ကို ၃၀ ဒီဂရီ သတ်မှတ်ထားကြောင်း သိရသည်။ ဥမင်အတွင်း၌ ၁၀ ပေ ပတ်လည်ဆိုင်ခန်း ၁၅ ခန်းခန့် ထည့်သွင်းတည်ဆောက်ထားသည်။

ဥမင်တည်ဆောက်ရေးကာလကို တစ်နှစ်သတ်မှတ်ထားပြီး ၂၀၂၁ ခုနှစ် ဇန်နဝါရီလကုန်တွင် လုပ်ငန်းများ အားလုံးပြီးဆုံးရန် ခန့်မှန်းထားကြောင်း သိရသည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ယူတည်ဆောက်နေခြင်းဖြစ်ပြီး လုပ်ငန်းခွင်ကို နေ့စဉ်အဆိုင်း သုံးဆိုင်းခွဲကာ ဆောက်လုပ်ရေး လုပ်ငန်းများ ဆောင်ရွက်နေခြင်း ဖြစ်သည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)၊**
**ဓာတ်ပုံ – လင်းညွန့်**



မြေအောက်လမ်းကူး လူသွားဥမင်တည်ဆောက်မှုလုပ်ငန်းခွင်ကို တွေ့ရစဉ်။




# ကြက်ခြေနီ စေတနာလုပ်အားရှင်များအားဂုဏ်ပြု

**ရန်ကုန် နိုဝင်ဘာ ၁၄**

မြန်မာနိုင်ငံကြက်ခြေနီသူနာပြုတပ်ဖွဲ့တွင် သတ်မှတ်စည်းကမ်းများနှင့်အညီ အသက် ၆၅ နှစ် ပြည့်သည်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး အနားယူသွားသော ရန်ကုန်တိုင်းဒေသကြီးမှ ဂုဏ်ထူးဆောင် တပ်ဖွဲ့ဝင်များနှင့် ကိုဗစ်–၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများတွင် ပါဝင်ကူညီခဲ့ကြသည့် ကြက်ခြေနီ စေတနာလုပ်အားရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို နိုဝင်ဘာ ၁၃ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံကြက်ခြေနီအသင်း တိုင်းဒေသကြီး ကြက်ခြေနီ ကြီးကြပ်မှုကော်မတီ (ရန်ကုန်တိုင်းဒေသကြီး)ဂရုဏာခန်းမ၌ ပြုလုပ်သည်။

ဂုဏ်ပြုပွဲ အခမ်းအနားကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် တစ်ပြိုင်နက်တည်း ကျင်းပခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်မြင့်က ဗီဒီယိုရုပ်သံဖြင့် အမှာစကား ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ အသက် ၆၅ နှစ် ပြည့်သည်အထိ တာဝန်ထမ်းဆောင်၍ တပ်ဖွဲ့မှ အနားယူခဲ့ကြသော ဂုဏ်ထူးဆောင် တပ်ဖွဲ့ဝင်ရှစ်ဦးရှိရာ တက်ရောက်လာသည့် ဦးအောင်ကြည် (ပုဇွန်တောင်)၊ ဒေါ်ကြည်ကြည်စန်း (ဒေါပုံ)၊ ဦးလှမြင့် (ကြည့်မြင်တိုင်)၊ ဦးလှစိန် (မှော်ဘီ)၊ ဦးကျော်ကျော် (မ–ဥက္ကလာပ)၊ ဦးကျော်မြင့် (ထန်းတပင်)၊ ဦးအောင်ကျော်ဦး (ထန်းတပင်) တို့အား ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးကြည် (ဒုတိယရဲမှူးကြီး/ငြိမ်း) က ဂုဏ်ပြုရင်ထိုးတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာကို တစ်ဦးချင်းစီပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကိုဗစ်–၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများတွင် ပါဝင်ကူညီခဲ့ကြသော တိုင်းဒေကြီးအတွင်းမှ ကြက်ခြေနီတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများကို ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက တိုင်းဒေသကြီး ကြက်ခြေနီတပ်ဖွဲ့မှူး ဦးအောင်မင်းမင်းကိုသို့ ပေးအပ်ခဲ့သည်။ **တင်ဝင်းလေး (ကြည့်မြင်တိုင်)**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၄-၁၁-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀)နာရီ

၁။ (၁၃-၁၁-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၁,၁၃၆) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြု လူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၅၇ |
| | | မင်္ဂလာဒုံ | ၅၃ |
| | | သာကေတ | ၄၆ |
| | | မရမ်းကုန်း | ၄၅ |
| | | အင်းစိန် | ၄၁ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၃၃ |
| | | တောင်ဥက္ကလာပ | ၃၂ |
| | | သင်္ဃန်းကျွန်း | ၃၁ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၃၁ |
| | | မှော်ဘီ | ၃၁ |
| | | တာမွေ | ၃၀ |
| | | လှိုင်သာယာ | ၂၈ |
| | | ရွှေပြည်သာ | ၂၈ |
| | | မြောက်ဥက္ကလာပ | ၂၇ |
| | | ဗိုလ်တထောင် | ၂၀ |
| | | လှိုင် | ၁၇ |
| | | သန်လျင် | ၁၆ |
| | | ဒဂုံဆိပ်ကမ်း | ၁၆ |
| | | ရန်ကင်း | ၁၅ |
| | | ထန်းတပင် | ၁၄ |
| | | ကမာရွတ် | ၁၃ |
| | | အလုံ | ၁၃ |
| | | လှည်းကူး | ၁၁ |
| | | ဒလ | ၁၁ |
| | | ဒေါပုံ | ၁၁ |
| | | စမ်းချောင်း | ၁၀ |
| | | ခရမ်း | ၁၀ |
| | | တွံတေး | ၉ |
| | | ပုဇွန်တောင် | ၉ |
| | | မင်္ဂလာတောင်ညွန့် | ၈ |
| | | လမ်းမတော် | ၆ |
| | | ကြည့်မြင်တိုင် | ၆ |
| | | ဗဟန်း | ၄ |
| | | ကျောက်တန်း | ၄ |
| | | ကော့မှူး | ၄ |
| | | သုံးခွ | ၃ |
| | | ကျောက်တံတား | ၃ |
| | | ပန်းဘဲတန်း | ၃ |
| | | ဒဂုံ | ၂ |
| | | တိုက်ကြီး | ၁ |
| | | စုစုပေါင်း | ၇၅၂ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | အောင်မြေသာစံ | ၃၃ |
| | | အမရပူရ | ၁၃ |
| | | ချမ်းမြသာစည် | ၁၁ |
| | | ပြည်ကြီးတံခွန် | ၁၀ |
| | | ချမ်းအေးသာစံ | ၉ |
| | | မဟာအောင်မြေ | ၈ |
| | | ကျောက်ပန်းတောင်း | ၆ |
| | | စဉ့်ကိုင် | ၅ |
| | | ပုသိမ်ကြီး | ၅ |
| | | မိတ္ထီလာ | ၅ |
| | | ညောင်ဦး | ၂ |
| | | မတ္တရာ | ၁ |
| | | မြင်းခြံ | ၁ |
| | | နွားထိုးကြီး | ၁ |
| | | ဝမ်းတွင်း | ၁ |
| | | မြစ်သား | ၁ |
| | | စုစုပေါင်း | ၁၁၂ |
| ၃။ | ဧရာဝတီတိုင်းဒေသကြီး | မော်လမြိုင်ကျွန်း | ၂၅ |
| | | ဧကြည် | ၂၃ |
| | | ကျုံပျော် | ၁၂ |
| | | ညောင်တုန်း | ၁၀ |
| | | အိမ်မဲ | ၈ |
| | | ဖျာပုံ | ၅ |
| | | ကျိုက်လတ် | ၅ |
| | | လေးမျက်နှာ | ၄ |
| | | ပန်းတနော် | ၄ |
| | | ဒေးဒရဲ | ၃ |
| | | ကျောင်းကုန်း | ၂ |
| | | လပွတ္တာ | ၂ |
| | | ပုသိမ် | ၁ |
| | | မအူပင် | ၁ |
| | | စုစုပေါင်း | ၁၀၅ |
| ၄။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ၁၀ |
| | | ဖြူး | ၉ |
| | | ကဝ | ၇ |
| | | ပေါင်းတည် | ၇ |
| | | ပြည် | ၆ |
| | | ရွှေတောင် | ၆ |
| | | သာယာဝတီ | ၅ |
| | | ပေါက်ခေါင်း | ၅ |
| | | ရွှေကျင် | ၄ |
| | | အုတ်ဖို | ၂ |
| | | ဝေါ | ၁ |
| | | တောင်ငူ | ၁ |
| | | လက်ပံတန်း | ၁ |
| | | ထန်းတပင် | ၁ |
| | | စုစုပေါင်း | ၆၅ |
| ၅။ | ရခိုင်ပြည်နယ် | မောင်တော | ၁၃ |
| | | စစ်တွေ | ၇ |
| | | ပုဏ္ဏားကျွန်း | ၅ |
| | | ရသေ့တောင် | ၄ |
| | | ဘူးသီးတောင် | ၂ |
| | | မြေပုံ | ၂ |
| | | အမ်း | ၁ |
| | | စုစုပေါင်း | ၃၄ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | စစ်ကိုင်း | ၁၂ |
| | | ကလေး | ၅ |
| | | စုစုပေါင်း | ၁၇ |
| ၇။ | မွန်ပြည်နယ် | ကျိုက်ထို | ၈ |
| | | မော်လမြိုင် | ၂ |
| | | မုဒုံ | ၁ |
| | | ရေး | ၁ |
| | | စုစုပေါင်း | ၁၂ |
| ၈။ | မကွေးတိုင်းဒေသကြီး | အောင်လံ | ၅ |
| | | မကွေး | ၁ |
| | | သရက် | ၁ |
| | | မြိုင် | ၁ |
| | | ပခုက္ကူ | ၁ |
| | | တောင်တွင်းကြီး | ၁ |
| | | ရေစကြို | ၁ |
| | | စုစုပေါင်း | ၁၁ |
| ၉။ | တနင်္သာရီတိုင်းဒေသကြီး | မြိတ် | ၁၀ |
| | | စုစုပေါင်း | ၁၀ |
| ၁၀။ | နေပြည်တော် | ပုဗ္ဗသီရိ | ၂ |
| | | ဇေယျာသီရိ | ၂ |
| | | လယ်ဝေး | ၁ |
| | | ဇမ္ဗူသီရိ | ၁ |
| | | ဒက္ခိဏသီရိ | ၁ |
| | | စုစုပေါင်း | ၇ |
| ၁၁။ | ကရင်ပြည်နယ် | မြဝတီ | ၃ |
| | | ဖာပွန် | ၁ |
| | | ဘားအံ | ၁ |
| | | စုစုပေါင်း | ၅ |
| ၁၂။ | ရှမ်းပြည်နယ် | တောင်ကြီး | ၃ |
| | | ရွာငံ | ၁ |
| | | စုစုပေါင်း | ၄ |
| ၁၃။ | ချင်းပြည်နယ် | ဟားခါး | ၁ |
| | | ကန်ပက်လက် | ၁ |
| | | စုစုပေါင်း | ၂ |
| | (၁၃-၁၁-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | (၁,၁၃၆) ဦး |

မှတ်ချက်။ (၁၃-၁၁-၂၀၂၀) ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁,၁၃၆) ဦးတွင် အနံ့မရရှိသူ (၂၃၃) ဦး ပါရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ရွှေပြည်သာမြို့နယ်၌ ဈေးကားများဖြင့် ကုန်ပစ္စည်းများ ဈေးနှုန်းသက်သာစွာ ဒုတိယအကြိမ် ရောင်းချပေး

**ရန်ကုန် နိုဝင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း ပြည်သူများ စားရေးသောက်ရေး အဆင်ပြေစေရန်၊ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်စေရန်၊ ဈေးများသို့ သွားရောက်၍ ဝယ်ယူစရာမလိုဘဲ စားသုံးနိုင်စေရန်နှင့် သန့်ရှင်းလတ်ဆတ်သော သား၊ ငါး၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်များအား ဝယ်ယူစားသုံးနိုင်စေရန် ရည်ရွယ်၍ ယနေ့ နံနက် ၇ နာရီမှစတင်ကာ ကားလေးဂိတ်၊ ပျိုမေ့အိမ်ရာနှင့် ထန်းခြောက်ပင် လမ်းဆုံတို့တွင် ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချခဲ့ကြောင်း သိရသည်။

ရောင်းချရာတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီနှင့် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ညီနောင်အသင်းများမှ ပူးပေါင်းဆောင်ရွက်သော ရွှေပြည်သာမြို့နယ်အတွင်းရှိ လူသွားလူလာများတတ်သော နေရာများသို့ ဈေးကားများဖြင့် သွားရောက်၍ ရောင်းချပေးရာတွင် ကြက်သား၊ ဝက်သား၊အမဲသား၊ ဆိတ်သား၊ ရေချို/ရေငန်ငါးအမျိုးမျိုး၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများ စသည်တို့ကို လူတန်းစားမရွေး ဝယ်ယူနိုင်သည့် အလေးချိန်များနှင့် ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ရောင်းချရာတွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ရွှေပြည်သာမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးညွှန့်ဝင်းနှင့် ဝန်ထမ်းများက ဦးဆောင်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များနှင့်အညီ ရောင်းချပေးခဲ့ကြောင်း သိရသည်။

**နေမျိုးထွန်း(ပြန်/ဆက်)**




အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့် ပတ်သက်ပြီး အကူအညီရယူလိုပါက လူမှုဝန်ထမ်းဦးစီးဌာနရဲ့ Help Line ဖုန်း ၀၆၇- ၄၀၄၂၂၂ အပြင် ၀၆၇-၄၀၄၉၉၉ တို့ကိုပါ ယုံကြည်စိတ်ချစွာ ဆက်သွယ်အကူအညီ ရယူနိုင်ပါတယ်။




အိမ်တွင်းအကြမ်းဖက်မှုများအပါအဝင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့်ပတ်သက်၍ ဥပဒေအကြံဉာဏ် ရယူလိုပါက ဥပဒေရေးရာကုစားရေးအဖွဲ့(မြန်မာ)၏ Hot Line ဖုန်းနံပါတ်များဖြစ်သော ၀၉-၂၆၆၆၈၄၄၄၈ သို့ လည်းကောင်း၊ ၀၉-၂၆၆၆၈၄၄၄၉ သို့ လည်းကောင်း ဆက်သွယ်အကူအညီ ရယူနိုင်ပါသည်။

## အမုန်းစကားမပြောရ။

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊
ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့်
နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို
အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ
တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။



# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၂၇၇ ဦး တွေ့ရှိ

### COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
### (၁၄-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၃-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၄-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၄,၇၇၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁,၂၇၇) ဦး တွေ့ရှိ**ရပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၁၄-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၁,၉၂၉) ခု | (၃၇၉) ဦး |
| ဆေးသုတေသနဦးစီးဌာန (DMR) | (၆၈၉) ခု | (၉၅) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၁၄၄) ခု | (၄) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး) | (၄၃၀) ခု | (၂၁) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၄၃) ခု | (၂၇) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၆၄) ခု | (၅) ဦး |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် Gene Xpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၅၆) ခု | (၂၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၀၂၉) ခု | (၂၇၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉,၄၉၂) ခု | (၄၄၂) ဦး |
| **စုစုပေါင်း** | (၁၄,၇၇၇) ခု | (၁,၂၇၇) ဦး |

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါစစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။

**မြန်မာနိုင်ငံတွင် COVID-19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ**
**(၁၄-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၄,၇၇၇) ဦး | (၈၈၄,၀၀၅) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁,၂၇၇) ဦး | (၆၈,၀၁၁) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၁,၀၂၆) ဦး | (၅၁,၃၆၂) ဦး |
| သေဆုံးလူနာ | (၁၈) ဦး | (၁,၅၅၂) ဦး |

- ယနေ့ **သေဆုံးသူ (၁၈) ဦး** အနက် ရောဂါအခံရှိသူ (၁၅) ဦး ပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID-19 ရောဂါ ကုသရေးဌာနများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၁,၀၂၆) ဦးတွင်-
  - ပြည်သူ့ဆေးရုံများ – (၂၀၆) ဦး
  - COVID-19 ရောဂါ ကုသရေးဌာနများ (ရန်ကုန်မြို့) – (၈၂၀) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ဓာတ်ခွဲ အတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့ပြီး နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၁,၁၇၀)ဦးတွင်-
  - Hotel Quarantine – (၁၁၉) ဦး
  - Facility Quarantine – (၁၂၈) ဦး
  - Community Based Facility Quarantine – (၈၀၅) ဦး
  - Anosmia Center – (၁၁၈) ဦး

ပါဝင်ပြီး ၎င်းတို့အား နေအိမ်များတွင် အသွားအလာ ဆက်လက်ကန့်သတ်ထားရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ၁၄-၁၁- ၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၁၀၇၀၅၅၉ | ၆၇၉၀၃၂၁ | ၂၅၀၀၃၀ |
| ၂။ | အိန္ဒိယ | ၈၇၇၄၉၃၅ | ၈၁၆၃၅၇၂ | ၁၂၉၂၅၃ |
| ၃။ | ဘရာဇီး | ၅၈၁၀၉၄၉၆ | ၅၂၆၇၅၆၇ | ၁၆၄၉၄၆ |
| ၄။ | ပြင်သစ် | ၁၉၂၂၅၀၄ | ၁၃၇၁၅၅ | ၄၃၈၉၂ |
| ၅။ | ရုရှား | ၁၉၀၃၂၅၃ | ၁၄၂၅၅၂၉ | ၃၂၈၃၄ |
| ၆။ | စပိန် | ၁၄၉၂၆၀၈ | စိစစ်ဆဲ | ၄၀၇၆၉ |
| ၇။ | ဗြိတိန် | ၁၃၁၇၄၉၆ | စိစစ်ဆဲ | ၅၁၃၀၄ |
| ၈။ | အာဂျင်တီးနား | ၁၂၉၆၃၇၈ | စိစစ်ဆဲ | ၃၅၀၄၅ |
| ၉။ | ကိုလံဘီယာ | ၁၁၈၂၆၉၇ | စိစစ်ဆဲ | ၃၃၆၆၉ |
| ၁၀။ | အီတလီ | ၁၁၀၇၃၀၃ | စိစစ်ဆဲ | ၄၄၁၃၉ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၄- ၁၁ - ၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၆၃၀၀၇ | ၃၈၈၀၉၄ | ၁၅၁၄၈ |
| ဖိလစ်ပိုင် | ၄၀၆၃၃၇ | ၃၆၃၀၆၈ | ၇၇၉၁ |
| မြန်မာ | ၆၈၀၁၁ | ၅၁၃၆၂ | ၁၅၅၂ |
| စင်ကာပူ | ၅၈၁၁၆ | ၅၈၀၀၈ | ၂၈ |
| မလေးရှား | ၄၆၂၀၉ | ၃၃၇၇၂ | ၃၀၆ |
| ထိုင်း | ၃၈၆၆ | ၃၇၀၇ | ၆၀ |
| ဗီယက်နမ် | ၁၂၅၆ | ၁၁၀၃ | ၃၅ |
| ကမ္ဘောဒီးယား | ၃၀၂ | ၂၈၉ | ၀ |
| ဘရူနိုင်း | ၁၄၈ | ၁၄၅ | ၃ |
| လာအို | ၂၄ | ၂၃ | ၀ |

## လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်

နေပြည်တော် နိုဝင်ဘာ ၁၄

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မိုး/ဇလ

## COVID-19 Call Center ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထား

နေပြည်တော် နိုဝင်ဘာ ၁၄

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အချိန်အဟုန်မြင့် ဆောင်ရွက်ရန်အတွက် COVID – 19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေး အော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နံနက် ၈ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်း မှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

သတင်းစဉ်

# ကိုဗစ်ကုသရေး ရေဝတီစင်တာ (မန္တလေး) ကို ၃၇၅ ခုတင်ဆံ့ ကုသရေးစင်တာအဖြစ် တိုးချဲ့ထားမှု မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် လာရောက်ကြည့်ရှု

**မန္တလေး နိုဝင်ဘာ ၁၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လိုအပ်ချက်နှင့် လမ်းညွှန်မှု၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ရေဝတီဖောင်ဒေးရှင်းက တည်ဆောက်ထားသည့် ကိုဗစ်ကုသရေး ရေဝတီစင်တာ (မန္တလေး) ကို ၃၇၅ ခုတင်ဆံ့ ကုသရေးစင်တာအဖြစ် တိုးချဲ့ တည်ဆောက်ခဲ့ပြီး ရောဂါပိုးကူးစက်ခံထားရသူများအား ကုသပေးလျက်ရှိသည်။



**တိုးချဲ့တည်ဆောက်**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် တာဝန်ရှိသူများသည် ၃၇၅ ခုတင်ဆံ့အဖြစ် တိုးချဲ့ တည်ဆောက်ထားသည့် ကိုဗစ်ကုသရေး ရေဝတီစင်တာ (မန္တလေး) ကို လာရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ရေဝတီ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးဇော်ဇော်၊ မန္တလေးဆေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မောင်လွင်၊ ရေဝတီစင်တာ (မန္တလေး) တာဝန်ခံ ဆေးရုံအုပ် ဒေါက်တာဇော်ဝင်းထွန်း နှင့် တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ထားမှုများအား ရှင်းလင်းတင်ပြကာ ဝန်ကြီးချုပ်က လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးခဲ့သည်။(ဓာတ်ပုံ)

မန္တလေးမြို့ရှိ မန္တလာသီရိ အားကစားကွင်း၌ တည်ဆောက်ထားသည့် ကိုဗစ်ကုသရေး ရေဝတီ စင်တာ (မန္တလေး) ကို ယခင်က ခုတင် ၃၀၀ ဆံ့အဖြစ် တည်ဆောက်ခဲ့ပြီး ယခုအခါ လိုအပ်ချက်များအရ ICU/HDU အပါအဝင် ၇၅ ခုတင် တိုးချဲ့ကာ ၃၇၅ ခုတင် ဆံ့ ကုသရေးစင်တာအဖြစ် တိုးချဲ့ဆောက်လုပ်ခဲ့ခြင်း ဖြစ်သည်။

**၃၇၅ ခုတင်ဆံ့အဖြစ် ဆောက်လုပ်**

ကိုဗစ်ကုသရေး ရေဝတီစင်တာ (မန္တလေး) တွင် ရောဂါပိုးကူးစက်ခံထားရသူများအား ကုသပေးရန် ခေတ်မီ စက်ပစ္စည်းများ တပ်ဆင်ပေးထားသလို ICU/HDU တွင် ကုသခံရမည့်လူနာများအတွက် ခေတ်မီကုသရေးပစ္စည်း များ၊ ကျောက်ကပ်ဆေးသည့်စက်များ၊ ခွဲစိတ်ခန်းများ လည်း ထည့်သွင်းတပ်ဆင်ပေးထားသည်။ ရေဝတီစင်တာ (မန္တလေး) တွင် ရောဂါကုသမှုများနှင့် ကျန်းမာရေး စောင့်ရှောက်မှုများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာနက တာဝန်ယူဆောင်ရွက်ကာ ကျန်းမာရေးဝန်ထမ်း၊ စေတနာ့ဝန်ထမ်းများနှင့် ရောဂါကုသမှုခံယူမည့် လူနာများ ၏နေ့စဉ်အစားအသောက်များကို ရေဝတီဖောင်ဒေးရှင်းက တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် Test and Care စင်တာလည်း ထည့်သွင်းဆောက်လုပ်ထားပြီး ရောဂါပိုးရှိမရှိ စစ်ဆေးပေးသွားမည်ဖြစ်သည်။ ရေဝတီ ဖောင်ဒေးရှင်းသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ၏ လမ်းညွှန်မှုကို ခံယူကာ ကိုဗစ်-၁၉ ရောဂါကူးစက်ခံထား ရသူများအား ကုသပေးရန် ကိုဗစ်-၁၉ ရောဂါကုသရေး ရေဝတီစင်တာများကို ရန်ကုန်မြို့တွင် ခုတင် ၁၀၀၀ ဆံ့၊ မန္တလေးမြို့တွင် ၃၇၅ ခုတင်ဆံ့အဖြစ် ဆောက်လုပ်ပေး ထားသည်။

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-ကိုမိုး**

# မလေးရှားနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် နိုဝင်ဘာ ၁၄**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်း ကြောင့် မလေးရှားနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၆၅ ဦးအား ကွာလာလမ်ပူမြို့ မြန်မာသံရုံးမှ စီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း (MAI) ကယ်ဆယ်ရေး လေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ညနေ ၅ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေ ချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။ **(ယာပုံ)**



၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှု ကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ / သတ်မှတ် ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ခုနစ်ရက်နှင့် နေအိမ်တွင် အသွား အလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူ ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍လည်း မလေးရှားနိုင်ငံရောက် အထောက်အထားမဲ့ မြန်မာနိုင်ငံ သားများနှင့် အကြောင်းအမျိုးမျိုးကြောင့် မလေးရှားနိုင်ငံရှိ ထိန်းသိမ်းရေးစခန်း များတွင် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် မြန်မာနိုင်ငံသားများအား နိုင်ငံသား ဖြစ်တည်မှု မှန်ကန်ကြောင်း အထောက်အထားများ စိစစ်လျက် မြန်မာနိုင်ငံသို့ ကယ်ဆယ်ရေးလေယာဉ်များဖြင့် ဆောလျင်စွာ ပြန်လည်ခေါ်ဆောင်နိုင်ရေး အတွက် နိုင်ငံခြားရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုများနှင့်အညီ ကွာလာလမ်ပူမြို့ မြန်မာသံရုံးအနေဖြင့် မလေးရှားနိုင်ငံရှိ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။ ယနေ့ထိ မလေးရှားနိုင်ငံ မှ ကယ်ဆယ်ရေးလေယာဉ် ၃၁ ကြိမ်တိုင် ပျံသန်းပြေးဆွဲခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျန်းမာရေးဝန်ကြီးဌာန စတင်တည်ထောင်သည့်နေ့ကို အမျိုးသားကျန်းမာရေးနေ့ (National Health Day) သတ်မှတ်

**နေပြည်တော် နိုဝင်ဘာ ၁၄**

မြန်မာနိုင်ငံ၏ အမျိုးသားကျန်းမာရေးနေ့ (National Health Day) အဖြစ် နိုဝင်ဘာ ၁၄ ရက်ကို သတ်မှတ်ခဲ့ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာနမှ သိရသည်။

ယခင် ဆေးနှင့် ကျန်းမာရေးဌာနကို အသစ်ပြန်လည်ပြုပြင်ပြောင်းလဲ ဖွဲ့စည်းရန် ဆုံးဖြတ်ခဲ့သည့် ၁၉၅၃ ခုနှစ် မတ် ၂၃ ရက် (သို့မဟုတ်) မြန်မာ နိုင်ငံပြန်တမ်းတွင် ကျန်းမာရေးဝန်ကြီးဌာနဟု ဖော်ပြ၍ အမိန့်ကြော်ငြာစာ ထုတ်ပြန်သည့် ၁၉၅၃ ခုနှစ် နိုဝင်ဘာ ၁၄ ရက်ကို အမျိုးသားကျန်းမာရေးနေ့ (National Health Day) အဖြစ် သတ်မှတ်နိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက နိုင်ငံတော်သမ္မတရုံးသို့တင်ပြခဲ့ရာ နိုဝင်ဘာ ၁၄ ရက်ကို အမျိုးသားကျန်းမာရေးနေ့ (National Health Day) အဖြစ် သတ်မှတ်ရန် အကြောင်းပြန်ကြားခဲ့သည်ဟု ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့ကြောင့် ပထမအကြိမ် အမျိုးသားကျန်းမာရေးနေ့ (National Health Day) ကို **"ကျန်းမာရေးအသိပညာမြင့်မားဖို့ အားလုံးပါဝင်ဆောင်ရွက်စို့"** ဆောင်ပုဒ်ဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဝန်ကြီးဌာန၏ လုပ်ငန်းများကို ကျန်းမာရေးအသိပညာမြှင့်တင်ခြင်းမှတစ်ဆင့် ပြည်သူများမှ ကျယ်ပြန့်စွာသိရှိရယူ ပူးပေါင်းဆောင်ရွက်လာစေရန်၊ ကျန်းမာရေးနှင့် ညီညွတ်စွာ ပြုမူနေထိုင်လာကြခြင်းနှင့် ကိုယ်လက်လှုပ်ရှား ပြုလုပ်ခြင်းသည် ဆေးတစ်ပါး (Exercise is Medicine) ဖြစ်သည်နှင့်အညီ ကိုယ်လက်လှုပ်ရှား အားကစားပုံမှန်ပြုလုပ်ခြင်းဖြင့် မကူးစက်တတ်သောရောဂါများနှင့် အခြား ရောဂါများ ဖြစ်ပွားမှုကို ထိရောက်စွာ ကာကွယ်နိုင်လာကြစေရန်နှင့် ဝန်ကြီး ဌာန စတင်တည်ထောင်ချိန်မှစတင်၍ ပြည်သူတို့အတွက် ကျန်းမာရေးနှင့် အားကစားဆိုင်ရာ ထူးခြားထင်ရှားသော ဝန်ဆောင်မှုများကို မှတ်တမ်းတင် ထားရှိရန် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၏ ၂၀၂၀ ပြည့်နှစ် ပထမအကြိမ် အမျိုးသားကျန်းမာရေးနေ့ (National Health Day)အထိမ်းအမှတ်အဖြစ် ပေးပို့သည့်သဝဏ်လွှာတွင် ဖော်ပြထားသည်။

အဆိုပါသဝဏ်လွှာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ စတင်တည်ထောင်သည့် ဧပြီ ၇ ရက်ကို ကမ္ဘာ့ကျန်းမာရေးနေ့ (World Health Day) အဖြစ် သတ်မှတ်ကာ ကမ္ဘာတစ်ဝန်းနှစ်စဉ် ကျင်းပနေသကဲ့သို့ မိမိတို့နိုင်ငံတွင်လည်း အမျိုးသားကျန်းမာရေးနေ့ (National Health Day)ကို ကျင်းပပြုလုပ်ပြီး မိမိတို့နိုင်ငံ၏ ဦးစားပေးကျန်းမာရေးလုပ်ငန်းများအား ပြည်သူများသိရှိပါဝင် ဆောင်ရွက်လာကြစေရန် ရည်မှန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၁၄ ရက်တွင် ပထမဦးဆုံးအနေဖြင့် ပြုလုပ်သည့် အမျိုးသားကျန်းမာရေးနေ့ အထိမ်းအမှတ်အဖြစ် ကျန်းမာရေး အသိပညာမြှင့်တင်ရေး လှုပ်ရှားဆောင်ရွက်မှုများမှတစ်ဆင့် မကူးစက်နိုင် သောရောဂါများနှင့် အခြားရောဂါများ ကာကွယ်ရေး၊ ကျန်းမာရေးနှင့် ညီညွတ်စွာ ပြုမူနေထိုင်ရေးနှင့် ကိုယ်လက်လှုပ်ရှား ဆေးတစ်ပါး (Exercise is Medicine) ဆောင်ပုဒ်နှင့်အညီ ကိုယ်လက်လှုပ်ရှားအားကစား အစီအစဉ် များကို အလေးပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထက်လျှံ**

# နောင်ယန်း-နောင်ဆိုင် ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်မှု ရာနှုန်းပြည့်ပြီးစီး

**ပန်ဆောင် နိုဝင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပန်ဆောင်မြို့ နောင်ယန်းကျေးရွာအုပ်စု နောင်ဆိုင်ကျေးရွာတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေကျပ်သိန်း ၁၈၀ ဖြင့် ဖောက်လုပ်သော ကျေးရွာချင်းဆက် လမ်းမှာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေကျပ်သိန်း ၁၈၀ ဖြင့် ကူဝါတိုင်းယုံးကုမ္ပဏီက တာဝန်ယူဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး လမ်းအရှည်တစ်မိုင်၊ လမ်းအကျယ် ၁၂ ပေ၊ ဂျင်းကျောက်ထု ခြောက်လက်မအပြင် လမ်းပခုံးမြေသား ဖို့ခြင်းနှင့် ရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်းများ ပါဝင်ပြီး လမ်းပုံစံအတိုင်း စနစ်တကျ ဖောက်လုပ်ထားကြောင်း ကုမ္ပဏီတာဝန်ခံ ဦးမားလ်မတ်ဝမ်းစိန် ထံမှ သိရသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းမှာ နောင်ယန်းကျေးရွာနှင့် နောင်ဆိုင် ကျေးရွာကို ဆက်သွယ်ထားသော ကျေးရွာချင်းဆက် ဂျင်းကျောက်လမ်းအမျိုး အစားဖြစ်ပြီး ယခုအခါ လမ်းဖောက်လုပ်မှု ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ကျေးရွာ သူ/သားများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့အပြင် ယင်းကျေးလက်ဒေသရှိ တောင်သူများ၏ လယ်ဧက ၂၀၀ ကျော်ကို အကျိုးပြုနိုင် မည်ဖြစ်ပြီး အဆိုပါ လယ်များမှထွက်ရှိသော လယ်ယာထွက်ကုန်ပစ္စည်းများ ကိုလည်း ကုန်ကျစရိတ်သက်သာစွာ နီးစပ်ရာမြို့ရွာများသို့ အလွယ်တကူ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း နောင်ယန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးထိုက်ရှမ်းထံမှ သိရသည်။

**ရွှေမိုး-ဂျာယော်(ပြန်/ဆက်)**

# စာပေဗိမာန်စာအုပ်ဆိုင်များတွင် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလထုတ် သုတပဒေသာစာစောင် ရောင်းချ

**နေပြည်တော် နိုဝင်ဘာ ၁၄**

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံ အားပေးလာခဲ့သော စာပေဗိမာန်ထုတ် သုတပဒေသာစာစောင် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ အတွဲ ( ၄၇) အမှတ်(၁၁)ကို ထုတ်ဝေလိုက်ပြီ ဖြစ်ပါသည်။



လူငယ်များအတွက် အဓိက ဦးတည်သော သုတပဒေသာစာစောင်၏ မျက်နှာဖုံးဆောင်းပါးကဏ္ဍမှာ "အထွေထွေရွေးကောက်ပွဲဆိုင်ရာ သိကောင်းစရာ"ဖြစ်ပါသည်။ မျက်နှာဖုံးဆောင်းပါးကဏ္ဍတွင် ရွေးကောက်ပွဲနှင့် တရားမဲ့ ပြုကျင့်မှု၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၊ ရွေးကောက်ပုံစနစ်များ၊ နိုင်ငံရေးဆိုင်ရာ နှိုင်းရနှုန်းစံအဆင့်များနှင့် ဒီမိုကရေစီ၊ ကဗျာကဏ္ဍ၊ သဘာဝပတ်ဝန်းကျင် ရှုထောင့်ဆိုင်ရာကဏ္ဍ၊ မူးယစ်ဆေးဝါးဆိုင်ရာကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာကဏ္ဍ၊ ကျန်းမာရေးဆိုင်ရာကဏ္ဍ၊ ဖြစ်ရပ်မှန်ကဏ္ဍ၊ ဝတ္ထုတိုကဏ္ဍစသည်ဖြင့် ကဏ္ဍမျိုးစုံ ဆောင်းပါးများ ပါဝင်ပါသည်။

သုတပဒေသာ စာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်ဆိုင် အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း- ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ စာပေဗိမာန်စာအုပ်ဆိုင် ၈၆ လမ်း ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေး ဖုန်း ၀၂-၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ်ဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁ - ၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ပါသည်။

**သတင်းစဉ်**

# ခင်ဦးမြို့နယ်မှ တောင်သူအချို့၏ ကျွဲ၊ နွားများ အရေပြားအကျိတ်နာရောဂါ ဖြစ်ပွား

**ခင်ဦး နိုဝင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် မူးသာကျေးရွာမှ တောင်သူအချို့၏ ကျွဲ၊ နွားများတွင် အရေပြားအကျိတ်နာရောဂါ(Lumpy Skin Disease) ဖြစ်ပွားနေကြောင်း မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ နိုဝင်ဘာ ၁၂ ရက်က သိရသည်။

ကျွဲ၊ နွားများ အကျိတ်အဖုထခြင်း၊ လည်ပတ်ရောင်ခြင်း၊ ခြေထောက်ရောင်ခြင်းများ ဖြစ်ပွားနေကြောင်း မူးသာကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းက မြို့နယ်မွေးမြူရေးဌာနသို့ အကြောင်းကြားသဖြင့် ဒုတိယဦးစီးမှူး ဒေါက်တာကောင်းမြတ်စိုးက အဆိုပါ ကျေးရွာသို့ နိုဝင်ဘာ ၁၀ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးသည်။

နွားပိုင်ရှင်က အဆိုပါနွားများကို မွေး/ကုဌာနမှ အသိအမှတ်ပြုထားသူ မဟုတ်ဘဲ အရပ်ကုဖြင့် ကုသထားကြောင်း ပြောသဖြင့် မကုသပေးခဲ့ရဘဲ အခြားတိရစ္ဆာန်များကို မကူးစက်စေရန်အတွက် ကြိုတင်ကာကွယ်ရေး နည်းလမ်းများကိုသာ ပြောကြားပေးကြောင်း ဒေါက်တာကောင်းမြတ်စိုးက ပြောသည်။

လက်ရှိအချိန်တွင် မူးသာကျေးရွာနှင့် အနီးတစ်ဝိုက်ရှိ ကျေးရွာများမှ ဒေသခံတောင်သူများ၏ နွားကောင်ရေ ၂၀ ကျော်အထိတိုး၍ အဆိုပါ ရောဂါကူးစက်လာကြောင်း ဒေသခံတစ်ဦးဖြစ်သူ ကိုမင်းအောင်နိုင်က ပြောသည်။

ယခုဖြစ်ပွားနေသော ကျွဲ၊ နွားများ အရေပြားအကျိတ်နာရောဂါမှာ ယင်ကိုက်ခြင်းနှင့် မွှားမျိုးစိတ်ထဲမှ မွှားအထီးများ ကိုက်ခြင်းတို့မှတစ်ဆင့် ဖြစ်တတ်ကြောင်း၊ ရောဂါပိုးနှင့်ထိတွေ့ထားသော အစာ၊ ရေ၊ ဆေးထိုးအပ်နှင့် ရောဂါဖြစ်ပွားသော တိရစ္ဆာန်များမှတစ်ဆင့် ကူးစက်နိုင်ကြောင်း သိရသည်။

ကြိုတင်ကာကွယ်သည့် နည်းလမ်းများအနေဖြင့် ရောဂါဖြစ်ပွားနေသည့် တိရစ္ဆာန်များကို အခြားတိရစ္ဆာန်များနှင့် သီးခြားခွဲထားခြင်း၊ ကျွဲ၊ နွားများ ထားရှိသည့် ခြံ၊ အိမ်၊ အခင်းတို့တွင် ပိုးသတ်ဆေးဖျန်းခြင်း၊ ယင်ကိုက်ခြင်း/ မွှားကိုက်ခြင်း မဖြစ်စေရန် ခြင်မီးဖိုခြင်း၊ ခြင်ဆေးဖျန်းခြင်းများ ဆောင်ရွက်ထားရန် လိုအပ်ကြောင်း မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ ကျော်သက်လွင်ဦးက ပြောသည်။

**စိုးဝေအောင်(ခင်ဦး)**




## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot - line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၄ - ၁၁ - ၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၃၁၀၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၃၀၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် ၁၂၃၂၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၃၁၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၃၀၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် ၁၂၃၂၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၀၀/၅၄၅ ကျပ် | ၅၄၀/၅၅၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၁၀/၅၆၀ ကျပ် | ၅၅၅/၅၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၄၇၅/၅၀၅ ကျပ် | ၅၃၅/၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၀၅/၆၂၀ ကျပ် | ၆၆၀/၆၈၀ ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၂၉၇ . ၁ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၅၂၉ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၉၆၁ . ၁၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၇၁၀ . ၂ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၃၁ . ၀ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၉၄၂ . ၀၀ |
| တရုတ် | တစ်ယွမ် | ကျပ် ၁၉၅ . ၇၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၁၇ . ၃၆၆ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၁၆ . ၃၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၁၃ . ၆၅ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၂ . ၈၀၉ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၀၀၀ | ၁၀၀၀၀ | ၂၀၃၄ | ၂၀၂၈၀၀၀၀ |
| MTSH | ၃၇၀၀ | ၃၇၀၀ | ၁၅၉၂ | ၅၈၇၂၃၀၀ |
| MCB | ၈၅၀၀ | ၈၂၀၀ | ၁၃၁ | ၁၁၀၄၂၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၉၀၇ | ၂၄၄၉၀၀၀ |
| EFR | ၄၂၀၀ | ၄၂၀၀ | ၅၂ | ၂၁၈၄၀၀ |

ခင်ရတနာ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm


HTOO


မောင်လေးတို့ကို
မမ ပန်းချီသင်ပေးမယ်...
ဒီနေ့တော့ သစ်သီးပုံ
ဆွဲတာကို သင်ကြတာပေါ့...
အရင်ဆုံး ပုံဆွဲစက္ကူပေါ်
မှာ ခဲတံနဲ့ ပုံကြမ်းကိုရေး...
ပြီးရင် ပန်းချီကားမှာခြယ်မယ့်
ဆေးရောင်တွေကိုစပ်ရမယ်...
ဆေးရောင်တွေကိုစပ်ပြီးရင်
တော့ပန်းချီရေးလို့ရပြီပေါ့
ကွယ်...
အယ်...
မနက်ဖြန် ကျရင်
ဟာမ်ဘာဂါပုံဆွဲ ရအောင်
နော်... မမ...




ချစ်ချစ်
ကာတွန်းဇေအာကာ
ချစ်ချစ် ကျောင်းဖွင့်ရက်မှာ စက်ဘီးစီးသင်ပါလား ဘိုးဘိုးသင်ပေးမယ်
စီးတတ်ရင် စက်ဘီးတစ်စီး ဝယ်ပေးမယ်...
သင်ရော့ သင်ချင်ပါတယ် ဒါပေမယ့်...
သင်ရင်းနဲ့ စက်ဘီးလဲရင် နာမှာကြောက်တယ်...
စသင်တဲ့ အချိန် ပထမရက်နဲ့ ဒုတိယရက်ပဲ စက်ဘီးလဲတာပါ....
တတိယရက်နေ့ဆို စက်ဘီးလုံးဝ မလဲတော့ဘူး...
ဒါဆိုရင် တတိယရက်နေ့က စပြီးတော့ သင်ပေးနော် ဘိုးဘိုး


ကာတွန်း စမ်းချောင်းကိုကိုအောင်
ဟဲ့ပလာတုံး၊ ငိုင်နေပါလား၊
ဟုတ်မေမေ၊ သားနဲ့ ကစားဖော်ဖက်တီးတို့ မိသားစု မနေ့က ဒဂုံမြို့သစ် ပြောင်းသွားကြလို့၊
အဲဒါ-စိတ်မကောင်းဖြစ်နေတာ၊
သားနဲ့ကစားဖော် တစ်ယောက်လျော့သွားတာပေါ့..၊
အရာရာကို ခံနိုင်ရည်ရှိရမယ်ကွယ့်၊
စာမေးပွဲကျရင်ရော မေမေ၊
ဒါဆို-မေမေ့ကြိမ်လုံးဒဏ် ခံနိုင်အောင်ကြိုးစားပေါ့ကွယ်၊


အလို.. ညီပုရ.. အိမ်ရှေ့မှာ ထိုင်ပြီး ဘာတွေများ အကြံထုတ်နေတာတုန်း..
မရှိတာထက် မသိရတာ ခက်နေတဲ့ အခြေအနေမို့ ငှိုင်ချနေတာပါကွာ..
ဟေ.. မရှိတာထက်မသိတာခက်တဲ့ အခြေအနေ.. ဟုတ်လား..
ဘာလို.. ဘာဖြစ်လို မရှိမသိဖြစ်နေရတာလဲ ညီပုရာ..
ဒီလိုလေ.. ဒီလို...
အဲ့ဒီလိုလေ.. မရှိတာဆိုတာ ဗိုက်ထဲမှာ အစာမရှိတာ..
မသိလို့ခက်နေတယ် ဆိုတာကလေ..
ငါ့မေကြီး ဝယ်ထားတဲ့ ထိုးမုန့်တွေ ဘယ်မှာ ဖွက်ထားလဲ ဆိုတာမသိတာ အရမ်းခက်နေတာကွ ဟီး..

# ပုဂံ-ညောင်ဦး ခရီးစဉ်ဒေသ စီမံခန့်ခွဲရေးကော်မတီက ဦးဆောင်၍ ချုံနွယ်များရှင်းလင်း

**ညောင်ဦး နိုဝင်ဘာ ၁၄**

ပုဂံမြို့ဟောင်း ရှေးဆိုင်ကမ်းလမ်းနှင့် ဖူးဘုရားဘက်သွားရာ လမ်းကြားရှိ ဘုရားများ၏ ပတ်ဝန်းကျင်နေရာများမှ ချုံနွယ်ပိတ်ပေါင်းများ၊ အမှိုက်သရိုက်များကို မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံ-ညောင်ဦး ခရီးစဉ်ဒေသ စီမံခန့်ခွဲရေး ကော်မတီ၏ ဦးဆောင်မှုဖြင့် နိုဝင်ဘာ ၁၄ ရက်က ရှင်းလင်းခဲ့ကြောင်း ပုဂံ ပလတ်စတစ်ကမ်ပိန်းအဖွဲ့ အတွင်းရေးမှူး ဦးမိုးမင်းအောင်ထံမှ သိရသည်။

မန္တလေးတိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားစီမံခန့်ခွဲမှုကော်မတီမှ အတွင်းရေးမှူး ဦးဇော်မျိုးလတ်၊ ညောင်ဦးခရိုင် ခရီးစဉ်ဒေသ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးကျော်ကျော်အုန်း (ခရိုင်အုပ်ချုပ်ရေးမှူး)၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ဦးဝင်းအောင်(ဒုတိယညွှန်ကြားရေးမှူး)တို့ ဦးဆောင်၍ ပုဂံမြို့ဟောင်း ရှေးဆိုင်ကမ်းလမ်းနှင့် ဖူးဘုရားလမ်းအကြားရှိ ရှေးဟောင်းဘုရားများကို အဝေးမှ ရှင်းလင်းစွာမြင်တွေ့ပြီး ကြည်ညိုနိုင်စေရန်နှင့် ဘုရားများ ရေရှည်တည်တံ့စေရန် ရည်ရွယ်လျက် ဘုရားများ၏ ပတ်ဝန်းကျင်တွင် ပိတ်ဆို့ကာကွယ်နေသော ချုံနွယ်သစ်ပင်များကို ရှင်းလင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



အဆိုပါ သစ်ပင်ချုံနွယ်ပိတ်ပေါင်းများနှင့် အမှိုက်များ ရှင်းလင်းမှုတွင် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း၊ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း၊ ပုဂံဧည့်လမ်းညွှန်များအသင်း၊ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၊ ညောင်ဦးမြို့နယ် မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများ၊ Bagan Plastic Campaign အဖွဲ့၊ Balloon သုံးခုမှ ဝန်ထမ်းများ၊ ဟိုတယ်/ခရီးမှ ဝန်ထမ်းများ စုစုပေါင်း လူအင်အား ၄၂၉ ဦး ပါဝင်၍ အဖွဲ့ ၁၃ ဖွဲ့ ခွဲပြီး တစ်နေရာလျှင် ၃၃ ဦးနှုန်းဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ချုံနွယ်များ ရှင်းလင်းသူများအား ပုဂံ-ညောင်ဦး သယ်ယူပို့ဆောင်ရေးအသင်းနှင့် စားသောက်ဆိုင်လုပ်ငန်းရှင်များ အသင်းတို့က ထမင်းဘူး ၄၀၀၊ နန်းမားမြန်မာကုမ္ပဏီက လက်အိတ်၊ နှာခေါင်းစည်း၊ တစ်ရှူးများနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းက အအေးဘူးများ လှူဒါန်း၍ ကုသိုလ်ပြုခဲ့ကြောင်း သိရသည်။ **မောင်မောင်ထိန်**

# ကန့်ဘလူမြို့နယ်အတွင်း ကျေးရွာများတွင် သောက်သုံးရေ အရည်အသွေး စမ်းသပ်စစ်ဆေးပေး

**ကန့်ဘလူ နိုဝင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၂၉၆ ရွာအနက် ကျေးရွာ ၃၂ ရွာတွင် ပြည်သူများ နေ့စဉ် သောက်သုံးလျက်ရှိသည့် အများသုံးနေရာများမှ ရေနမူနာများကို ရယူကာ နိုဝင်ဘာလဆန်းပိုင်းမှစတင်၍ ရေအရည်အသွေး ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

ဒေသခံ ကျေးလက်နေပြည်သူများ နေ့စဉ် သောက်သုံးလျက်ရှိသော ရေထွက်ပင်ရင်းများမှ ရေနမူနာများကို ရယူပြီး ရေထဲတွင် လူနှင့် တိရစ္ဆာန်များ၏ အညစ်အကြေးပါဝင်မှု အခြေအနေနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားစေသော အီးကိုလိုင် ဘက်တီးရီးယားပိုး ပါဝင်မှုရှိမရှိကို သိရှိနိုင်ရန် E-coli Test Kit ဖြင့် စစ်ဆေးပေးနေခြင်းဖြစ်သည်။

အီးကိုလိုင်ဘက်တီးရီးယား ပါဝင်မှုရှိပါက ဝမ်းပျက်ဝမ်းလျှောနှင့် အခြားရောဂါများ ဖြစ်ပွားနိုင်သည့်အတွက် သောက်သုံးရန်သင့်မသင့် သိရှိနိုင်ရန်နှင့် ရောဂါဖြစ်ပွားမှု အန္တရာယ်များမှ ကာကွယ်နိုင်ရန် စစ်ဆေးပေးနေခြင်းဖြစ်ကြောင်း ကန့်ဘလူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဟန်ထွန်းအောင်က ပြောကြားသည်။

ကန့်ဘလူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အနေဖြင့် ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေများ လုံလောက်စွာရရှိစေရန်အတွက် တွင်းတိမ်/တွင်းနက်များ၊ လက်တူးတွင်းများ၊ မြေသားရေကန်များ တူးဖော်ပေးခြင်းနှင့် အခြား ရေရရှိနိုင်မည့် နည်းလမ်းများကို လုပ်ဆောင်ပေးလျက်ရှိသည်။

ထို့အတူ ရေ၏ အရည်အသွေး ကောင်းမွန်စေရန် စမ်းသပ်စစ်ဆေးပေးရာတွင်လည်း ဆည်ရင်းကုန်း၊ သလဲဦး၊ ကျောက်ဆည်ကန်၊ ယမနေ၊ ဇာဒီ၊ ချောင်းကန်၊ ဘုတ်ကုန်း၊ ညောင်ကိုင်း၊ ကြခတ်အိုက်၊ ဝက်သအင်း၊ ဇီးကနား၊ ပေါက်ဆိန်ကုန်း၊ မယ်ဇတော၊ ခအုံးတာ၊ ငှက်ပျောတိုင်း၊ ပဇီကြီး၊ လေးတွင်းစဉ်၊ ဝက်တိုး၊ သင်ပေါင်းကျင်း၊ ပုဏ္ဏားကြီး၊ တည်ပင်(ပင့်သာ)၊ ချောင်းခြားနှင့် တပ်ကုန်း ကျေးရွာများ၌ အသုံးပြုလျက်ရှိသည့် ရေထွက်ပင်ရင်းများ၏ ရေများကို စမ်းသပ် စစ်ဆေးပေးခဲ့ပြီးဖြစ်ကာ ကျန်ရှိသော ကျေးရွာများကိုလည်း သောက်သုံးရေ သန့်ရှင်းမှုရှိစေရေးအတွက် ဆက်လက် စစ်ဆေးစမ်းသပ်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



ကျေးရွာများမှ ရေနမူနာများကို ဓာတ်ခွဲစမ်းသပ် စစ်ဆေးပေးနေစဉ်။

# ဖားကန့်မြို့နယ်ရှိ အသွားအလာကန့်သတ်စောင့်ကြည့်စင်တာများတွင် တာဝန်ထမ်းဆောင်သူများ၊ ပြည်သူများနှင့် သက်ကြီးဘိုးဘွားများအား နိုင်ငံတော်က ထောက်ပံ့ငွေများပေးအပ်

**ဖားကန့် နိုဝင်ဘာ ၁၄**

ကချင်ပြည်နယ် ဖားကန့်မြို့နယ်အတွင်းရှိ ကိုဗစ်-၁၉ အသွားအလာကန့်သတ်စောင့်ကြည့်ရေး စင်တာများတွင် တာဝန်ထမ်းဆောင်လျက်ရှိသူ အရပ်ဘက်လူမှုပရဟိတအဖွဲ့များမှ အဖွဲ့ဝင် ၈၇၀ အား နိုင်ငံတော်က တစ်ဦးလျှင် ကျပ် ၁၀၅၀၀၀ နှုန်းဖြင့် စုစုပေါင်း ကျပ် ၉၁၃၅၀၀၀၀ ကို နိုဝင်ဘာ ၁၂ ရက်မှ စတင်ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

ကိုဗစ်-၁၉ ကြောင့် Stay at Home သတ်မှတ်ခံထားရသော မြို့နယ်တစ်ခုဖြစ်သည့် ဖားကန့်မြို့နယ်အတွက် ကပ်ရောဂါကာလ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုပေါင်း ၃၂၅၆၁ စုကိုလည်း နိုင်ငံတော်က တစ်အိမ်ထောင်လျှင် ကျပ် ၄၀၀၀၀ နှုန်း ထောက်ပံ့သွားမည်ဖြစ်ရာ နိုဝင်ဘာ ၁၃ ရက်တွင် စတင်ထောက်ပံ့ပေးလျက်ရှိသည်။

ထို့အပြင် ဖားကန့်မြို့နယ်အတွင်းမှ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၁၄၄ ဦးအား နိုင်ငံတော်က ပုံမှန်ထောက်ပံ့လျက်ရှိသည့် ဘိုးဘွားတစ်ဦး တစ်လလျှင် ကျပ်တစ်သောင်းနှုန်းဖြင့် သုံးလအတွက် ကျပ်သုံးသောင်း ထောက်ပံ့ပေးခြင်းနှင့်အတူ ကိုဗစ်-၁၉ ကာလ ဖြစ်သည့်အတွက် အသက် ၈၀ နှစ်မှ အသက် ၈၄ နှစ်အထိ သက်ကြီးဘိုးဘွား ၂၂၆ ဦးအား ထပ်တိုး ထောက်ပံ့ပေးသည့် တစ်ဦးလျှင် ကျပ်သုံးသောင်းနှုန်းဖြင့် စုစုပေါင်း ထောက်ပံ့ငွေ ကျပ် ၆၇၈၀၀၀၀ ကိုလည်း ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

**တာလင်းမောင်(ပြန်/ဆက်)**

# မြို့နယ်များ၌ အခြေခံလူတန်းစား အိမ်ထောင်စုများအား ထောက်ပံ့ငွေများပေးအပ်

**နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားသည့် ဧပြီလမှစ၍ ယခုအချိန်အထိ နိုင်ငံတစ်ဝန်းလုံးမှ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား ပြည်သူများအတွက် ထောက်ပံ့ငွေများကို နိုင်ငံတော်အစိုးရက သုံးကြိမ် ပေးအပ်ခဲ့ပြီးဖြစ်ကာ ယခုအခါ စတုတ္ထအကြိမ်မြောက် ထောက်ပံ့ငွေများကိုလည်း မြို့နယ်အသီးသီးတွင် စတင်ပေးအပ်နေပြီဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါကြောင့် Stay at home ကြေညာထားသည့် မြို့နယ်များတွင် အခြေခံလူတန်းစား အိမ်ထောင်စုတစ်စုလျှင် ကျပ်လေးသောင်းနှုန်းနှင့် အခြား မြို့နယ်များတွင် တစ်အိမ်ထောင်လျှင် ကျပ်နှစ်သောင်းနှုန်းဖြင့် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။**

## လှိုင်သာယာ

Stay at home ကြေညာထားရသည့် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်အတွင်းမှ အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် စတုတ္ထအကြိမ်မြောက် ထောက်ပံ့ငွေများကို မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများမှ တစ်ဆင့် ပြည်သူများထံသို့ နိုဝင်ဘာ ၁၃ ရက်မှစ၍ ပေးအပ်လျက်ရှိသည်။ မြို့နယ်အတွင်းရှိ ရပ်ကွက် ၁၁ ခုနှင့် ကျေးရွာအုပ်စု လေးစုအတွင်းရှိ အခြေခံလူတန်းစား အိမ်ထောင်စုပေါင်း ၁၀၁၀၈၅ စုအား တစ်အိမ်ထောင်လျှင် ကျပ် ၄၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ကျပ် ၄၀၄၃၄၀၀၀၀၀ ကို ထောက်ပံ့ပေးအပ်မည်ဖြစ်ကြောင်းနှင့် လှိုင်သာယာယာ(အနောက်ပိုင်း)မြို့နယ်သည် လူဦးရေထူထပ်ပြီး အခြေခံလူတန်းစားများ အများဆုံးနေထိုင်ရာ မြို့နယ်တစ်ခုဖြစ်သဖြင့် မြို့နယ်အတွင်းနေထိုင်သည့် အခြေခံလူတန်းစား အိမ်ထောင်စု ၈၀ ဒသမ ၃၁ ရာခိုင်နှုန်းခန့်ကို ထောက်ပံ့ငွေ ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ သိရသည်။ **မြသန္တာဝင်း(ပြန်/ဆက်)**

## ကာမိုင်း

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ကာမိုင်းမြို့နှင့် ပတ်ဝန်းကျင်ရွာများမှ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် နိုင်ငံတော်အစိုးရက စတုတ္ထအကြိမ်ပေးသည့်ထောက်ပံ့ငွေ တစ်အိမ်ထောင်လျှင် ကျပ်လေးသောင်းစီကို နိုဝင်ဘာ ၁၃ ရက်မှစ၍ အိမ်အရောက် လိုက်လံထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။ ဖားကန့်မြို့နယ်သည် Stay at Home သတ်မှတ်ထားသော မြို့နယ်ဖြစ်၍ တစ်အိမ်ထောင် ကျပ်လေးသောင်းစီ ထောက်ပံ့ခြင်းဖြစ်ကာ ထောက်ပံ့မှုရယူသည့် အခြေခံလူတန်းစား အိမ်ထောင်စုများအနေဖြင့် ကာမိုင်းမြို့ပေါ်ရပ်ကွက်များတွင် အိမ်ထောင်စု ၅၈၀၊ ကောင်ရာကျေးရွာတွင် ၂၃၅ စု၊ နန့်စီးအင် ကျေးရွာအုပ်စုတွင် ၉၆ စု၊ ကထန်ယန်ကျေးရွာအုပ်စုတွင် ၁၉၇ စု၊ ဂေါ်ရီကျေးရွာအုပ်စုတွင် ၂၅၀၊ နန့်ယားကျေးရွာအုပ်စုတွင် ၆၈ စုနှင့် ကပ်မော်ဇွပ်ကျေးရွာအုပ်စုတွင် ၂၈၆ စု၊ စုစုပေါင်း ၁၇၁၂ စုရှိကြောင်း သိရသည်။ **ဇွဲသူရအောင်(ပြန်/ဆက်)**

## ဒီးမော့ဆို

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်အတွင်းမှ အခြေခံလူတန်းစား အိမ်ထောင်စုများအား နိုင်ငံတော်က စတုတ္ထအကြိမ် ကိုဗစ်-၁၉ ကာလ ထောက်ပံ့ငွေ ကျပ် ၂၀၀၀၀ စီကို ပေးအပ်လျက်ရှိရာ နိုဝင်ဘာ ၁၃ ရက်တွင် ဒေါတမကြီးကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများသို့ ထောက်ပံ့ငွေများ သွားရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။ ထောက်ပံ့ငွေများကို ဒီးမော့ဆိုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဒေါတမကြီးကျေးရွာအုပ်စုအတွင်းရှိ ဒေါတမကြီး၊ ဒေါ်ညေးခူ၊ ဒေါကော့၊ ဒေါဖာ၊ ဒေါဆိုဖူနှင့် ဒေါတချကျေးရွာတို့မှ ပြည်သူများထံ အိမ်အရောက် သွားရောက်ပေးအပ်ခဲ့ခြင်းဖြစ်ကာ စုစုပေါင်း အိမ်ထောင်စု ၁၅၁ စုအတွက် ကျပ် ၃၀၂၀၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း၊ ဒီးမော့ဆိုမြို့နယ်တစ်ခုလုံးအနေဖြင့် စတုတ္ထအကြိမ် ထောက်ပံ့ငွေပေးရာတွင် အခြေခံလူတန်းစား အိမ်ထောင်စု ၅၈၁၂ စုအား ထောက်ပံ့ငွေများ ပေးအပ်လျက်ရှိကြောင်း သိရသည်။

**ရီရယ်(ဒီးမော့ဆို)**

# အင်းစိန်မြို့နယ်၌ သား၊ ငါးနှင့် စားသောက်ကုန်များကို ဈေးကားများဖြင့် ဈေးနှုန်းသက်သာစွာ ရောင်းချပေး

**ရန်ကုန် နိုဝင်ဘာ ၁၄**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ပြည်သူများ စားသောက်ရေး အဆင်ပြေစေရန်၊ လူစည်ကားရာဈေးများသို့ သွားရောက်၍ ဝယ်ယူစရာမလိုဘဲ သန့်ရှင်းလတ်ဆတ်သော သားငါး၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်များကို ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်စေရန် ရည်ရွယ်လျက် ဈေးကားများဖြင့် လိုက်လံရောင်းချပေးသည့် အစီအစဉ်ကို နိုဝင်ဘာ ၁၃ ရက်မှစ၍ ပြုလုပ်လျက်ရှိကာ ကြို့ကုန်းအရှေ့ရပ်ကွက်၊ မဟာသုခိတာလမ်းနှင့် ရွာမ စည်ပင်ရိပ်သာတို့တွင် ဈေးကားများဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

ဈေးကားများဖြင့် ရောင်းချခြင်းကို ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီနှင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်အောက်ရှိ ညီနောင်အသင်းများ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကာ အင်းစိန်မြို့နယ်အတွင်း ဈေးကားများ ရောင်းချရာတွင် လူသွားလူလာများသော နေရာများ၌ ရောင်းချပေးနေကြောင်း၊ ဈေးကားများတွင် ကြက်သား၊ ဝက်သား၊ အမဲသား၊ ဆိတ်သား၊ ရေချို/ရေငန် ငါးအမျိုးမျိုး၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို လူတန်းစား မရွေးဝယ်ယူနိုင်ရန် ဈေးနှုန်းသက်သာစွာနှင့် အလေးချိန်မှန်ကန်စွာဖြင့် ရောင်းချပေးနေကြောင်း သိရသည်။

ဈေးကားများဖြင့် ရောင်းချပေးရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေး လမ်းညွှန်ချက်များနှင့် ကိုက်ညီစေရန်အတွက် အင်းစိန်မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းသန်း၊ အတွင်းရေးမှူးနှင့် ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးနေကြောင်းလည်း သိရသည်။ **ဇွဲထက်ကို(ပြန်/ဆက်)**

## ကျောင်းကုန်းမြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ထိန်းချုပ်ရေး လုပ်ငန်းများဆောင်ရွက်ထားမှု စစ်ဆေး

**ကျောင်းကုန်း နိုဝင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းမြွေးသည် ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဝင်များနှင့် နိုဝင်ဘာ ၁၃ ရက်က သွားရောက်တွေ့ဆုံခဲ့ပြီး မြို့နယ်အတွင်း ရောဂါကာကွယ်ရေး ဆောင်ရွက်ထားမှုများကိုလည်း ကြည့်ရှုခဲ့သည်။

ဝန်ကြီးသည် ရောဂါထိန်းချုပ်ရေးနှင့် ကုသရေးဆောင် Plan C ဆေးရုံအဖြစ် အသုံးပြုထားသော အိုးအိမ်ဦးစီးဌာန အဆောက်အအုံသို့ သွားရောက်ခဲ့ပြီး ထိုဆေးရုံ၌ ကုသမှုခံယူနေသော အတည်ပြုလူနာများနှင့် တွေ့ဆုံ အားပေးစကားပြောကြားသည်။

ထို့နောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှိ အေးချမ်းသာယာခန်းမ၌ မြို့နယ် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များနှင့် တွေ့ဆုံပြီး ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ရာ ဝန်ကြီးအား မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်းက မြို့နယ်အတွင်းရှိ ကိုဗစ်-၁၉ အသွားအလာကန့်သတ်စောင့်ကြည့်သော စင်တာများ အခြေအနေ၊ မြို့အဝင် စစ်ဆေးရေးဂိတ်၌ ကုန်တင်ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား ကိုဗစ်ပိုးရှိ/မရှိ စစ်ဆေးပြီးမှသာ မြို့တွင်းသို့ အဝင်ခံသည့် အခြေအနေများကိုလည်းကောင်း၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအေးနိုင်က ကျောင်းကုန်းမြို့နယ်၌ ကိုဗစ်-၁၉ ပိုးတွေ့ရှိမှု အခြေအနေနှင့် ကျန်းမာရေးစစ်ဆေးမှုများ နေ့စဉ်ဆောင်ရွက်နေသည့် အခြေအနေများကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းရွှေက လုံခြုံရေး စီမံခန့်ခွဲထားမှု အခြေအနေများနှင့် ကိုဗစ်-၁၉ စစ်ဆေးခြင်းမခံယူသည့် ကုန်တင်ယာဉ်များကို အရေးယူမည့် အခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

## ဘုတ်ပြင်းမြို့နယ် လင်နီးကျွန်းတစ်ဝိုက်၌ ကျောက်ငါးများ ရေပေါ်မျော၍ သေဆုံးလျက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၁၄**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် လင်နီးဆလုံကျွန်းအနီးတစ်ဝိုက်နှင့် လန်ပိကျွန်း အဏ္ဏဝါအမျိုးသားဥယျာဉ် အနီးတစ်ဝိုက်ရှိ ရေပြင်များပေါ်တွင် ကျောက်ငါးလုံးမျိုးစုံ ရေပေါ်မျောပါလျက်ရှိကာ ငါးအချို့မှာ သေဆုံးလျက်ရှိကြောင်း သိရသည်။ အဆိုပါငါးများကို ဒေသခံများက ဖမ်းယူရောင်းချရာတွင် ငါးအချို့မှာ ရောဂါတစ်စုံတစ်ခုဖြစ်ပွားထားသည့်လက္ခဏာ တွေ့ရသောကြောင့် ဒေသခံများအနေဖြင့် စိုးရိမ်မှုများလည်းရှိနေကြောင်း သိရသည်။



ရေပေါ်မျောနေ၍ အလွယ်တကူဖမ်းမိလာသော ကျောက်ငါးများ

ထိုသို့ငါးများ ရေပေါ်မျောနေသည့်ဖြစ်စဉ်မှာ အောက်တိုဘာလအတွင်းကပင် စတင်ဖြစ်ပွားနေခြင်းဖြစ်ပြီး နိုဝင်ဘာ ၁ ရက်တွင် စတင်သတိပြုမိခဲ့ကြောင်း၊ ရေတွင်မျောနေသော ကျောက်ငါးလုံးများမှာ တစ်ကောင်လျှင် တစ်ကီလိုခွဲမှ နှစ်ကီလို အရွယ်အစားရှိ ငါးများ အများဆုံးပါဝင်ပြီး အရွယ်မျိုးစုံဖြစ်ကြောင်း၊ ငါးအများစုမှာ အသက်ရှင်လျက် ရေပေါ်တွင် နေရာအနှံ့ မျောပါလျက်ရှိသလို ငါးအချို့မှာ သေဆုံးလျက်ရှိကြောင်း၊ ထို့ကြောင့် ဒေသခံ ငါးဖမ်းသူများအနေဖြင့် လွယ်ကူစွာ ဖမ်းယူနိုင်ကြပြီး ရရှိသော ကျောက်ငါးများကို မြို့ပေါ်ဈေးကွက်သို့ ရောင်းချလျက်ရှိကြောင်း ဒေသခံများထံမှ သိရသည်။

လောင်းလုံးမြို့မှ ဒေသခံပြည်သူတစ်ဦးဖြစ်သူ ဦးပြည်စိုးထွန်းက "လင်နီးနဲ့ ညောင်ဝိက တောင်နဲ့ မြောက် ရှိတယ်။ မကြုံဂလက်လို့ခေါ်တဲ့ လန်ပိကျွန်း အဏ္ဏဝါအမျိုးသားဥယျာဉ်ကလည်း ဗိုလ်ချိုကျွန်းနဲ့ မျက်နှာချင်းဆိုင်ရှိတယ်ဆိုတော့ ကျောက်ငါးတွေမျောနေတယ်ဆိုတာက ကျွန်တော့်အထင် ရေပြင်မှာ ငါးဗုံးခွဲတာ၊ ရေထဲအဆိပ်ချတာတွေကြောင့် ဖြစ်နိုင်ပါတယ်။ ငါးတွေမှာ အနာတွေ့ရတယ်ဆိုရင်တော့ ဗုံးခွဲတဲ့ဒဏ်ကြောင့် ဖြစ်နိုင်တယ်။ ပြီးတော့ တန်နဲ့ချီပြီး တစ်နေရာတည်းမဟုတ်ဘဲ သေဆုံးနေတယ်ဆိုတော့ ငါးတွေရဲ့ ကျန်းမာရေးကြောင့်လည်း ဖြစ်နိုင်တယ်"ဟု ပြောသည်။

ယခု ရေပေါ်တွင် မျောပါနေသော ကျောက်ငါးလုံးအချို့တွင် အနာများ ဖြစ်ပေါ်လျက်ရှိပြီး ညှစ်လိုက်ပါက ပြည်ကဲ့သို့ အရည်များ ထွက်ပေါ်လာကြောင်းနှင့် ထိုငါးများကို ဒေသခံ ငါးဖမ်းသူများက ကော့သောင်း၊ မြိတ်နှင့် ထားဝယ် ဈေးကွက်များတွင် ရောင်းချလျက်ရှိကြောင်း သိရသည်။

ရေအောက် သန္တာကျောက်တန်းများကြားတွင် ကျက်စားသော ကျောက်ငါးများ ယခုလို ရေပေါ်တွင် မျောပါသေဆုံးနေကြခြင်းမှာ ငါးဗုံးခွဲခြင်း၊ အဆိပ်ချဖမ်းခြင်း စသည့် လူတို့၏ ပယောဂကြောင့် ဖြစ်နိုင်သလို ထိုကျွန်းများ အနီးတစ်ဝိုက်တွင် ပင်လယ်ရေ အက်ဆစ်ဓာတ်ပါဝင်မှု များလာခြင်းနှင့် ရေအောက်၌ အောက်ဆီဂျင် နည်းပါးလာမှုတို့ကြောင့်လည်း ဖြစ်နိုင်ကြောင်း ဒေသခံများက ခန့်မှန်းသုံးသပ်လျက်ရှိသည်။ **သန်းထိုက်၊ ဓာတ်ပုံ - ကိုချိုလွန်း**

## ပုသိမ်ကြီးမြို့နယ်တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းနှင့် မြစိမ်းရောင်စီမံကိန်းအတွက် ကျေးရွာများရွေးချယ်

**ပုသိမ်ကြီး နိုဝင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းအတွက် ကျေးရွာ ၁၄ ရွာနှင့် မြစိမ်းရောင်စီမံကိန်းအတွက် ကျေးရွာတစ်ရွာတို့ကို နိုဝင်ဘာ ၁၄ ရက်က ရွေးချယ်ခဲ့ကြောင်း သိရသည်။

ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် ကျေးရွာများရွေးချယ်ပွဲတွင် ပုသိမ်ကြီးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းမြွေးလင်းက အမှာစကားပြောကြားပြီးနောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးစန်းယုလှိုင်က မြစိမ်းရောင်စီမံကိန်းနှင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းအကြောင်းကိုလည်းကောင်း၊ စီမံကိန်းများဆောင်ရွက်သည့် ရည်ရွယ်ချက်နှင့် ကျေးရွာများရွေးချယ်ရာတွင် အဓိကထားရမည့်အချက်များကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးရွာရွေးချယ်ပွဲသို့ တက်ရောက်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းမြွေးလင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲမင်းဦးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ရန် ကျေးရွာ ၁၄ ရွာနှင့် မြစိမ်းရောင်စီမံကိန်း ဆောင်ရွက်ရန် ကျေးရွာ တစ်ရွာတို့ကို သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ရွေးချယ်ပေးခဲ့ကြသည်။ **ငြိမ်းသူ**

## ဆွမ်ပရာဘွမ်မြို့နယ်မှ ကျေးရွာများသို့ ဆိုလာနှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**ဆွမ်ပရာဘွမ် နိုဝင်ဘာ ၁၄**

ကချင်ပြည်နယ် ပူတာအိုခရိုင် ဆွမ်ပရာဘွမ်မြို့နယ်အတွင်းမှ လျှပ်စစ်မီးမရရှိသေးသော ကျေးရွာများရှိ အိမ်ထောင်စုများသို့ နေအိမ်သုံး ဆိုလာနှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့ခြင်းနှင့် ဆွမ်ပရာဘွမ် အထကကျောင်းသို့ ပညာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ လှူဒါန်းပွဲကို ဆွမ်ပရာဘွမ်မြို့ ဘန်ရူခန်းမ၌ နိုဝင်ဘာ ၁၃ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပူတာအိုခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်လွင်ဦးက နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လမ်း၊ တံတား၊ ပညာရေး၊ ကျန်းမာရေး၊ အိမ်ရာဆောက်လုပ်ရေး၊ သာသနာရေး၊ ရေရရှိရေး၊ စွမ်းအင်လုပ်ငန်းစသည့် လုပ်ငန်းများအတွက် ဆပ်ကော်မတီ ၁၁ ခုဖွဲ့၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း အမှာစကားပြောကြားကာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇာနည်တိုးကလည်း ဆွမ်ပရာဘွမ်မြို့နယ်အတွင်းရှိ လျှပ်စစ်ဓာတ်အား မရရှိသေးသော ကျေးရွာ အိမ်ထောင်စုများသို့ နေအိမ်သုံး ဆိုလာနှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့ခြင်းနှင့် ဆွမ်ပရာဘွမ် အထကသို့ ပညာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ လှူဒါန်းပေးခြင်းအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

ပညာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ လှူဒါန်းရာတွင် ပူတာအိုခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးဇော်လွင်ဦးက ဆွမ်ပရာဘွမ် အထကကျောင်းအတွက် ကွန်ပျူတာ၊ ကာလာပရင်တာနှင့် မီးစက်များကို မြို့နယ် ပညာရေးမှူး ဒေါ်မြင့်မြင့်စန်းထံ လွှဲပြောင်းပေးအပ်ခဲ့ကာ ဆိုလာများ ထောက်ပံ့ပေးရာတွင် မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၂ စုမှ အိမ်ထောင်စု ၇၉ စုအတွက် နေအိမ်သုံးဆိုလာနှင့် ဆက်စပ်ပစ္စည်းများအား ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကုဋ္ဌေ(ပြန်/ဆက်)**

## မြစ်ကြီးနား၌ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များအား ဂုဏ်ထူးဆောင်ဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

**မြစ်ကြီးနား နိုဝင်ဘာ ၁၄**

မြန်မာနိုင်ငံ ကြက်ခြေနီသူနာပြုတပ်ဖွဲ့တွင် အသက် ၆၅ နှစ် ပြည့်သည်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော တိုင်းဒေသကြီး/ပြည်နယ်များမှ တပ်ဖွဲ့ဝင်များနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ပေးခဲ့ကြသည့် ကြက်ခြေနီ စေတနာလုပ်အားရှင်များအား ဂုဏ်ပြုချီးမြှင့်ပွဲကို မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဌာနချုပ်က အွန်လိုင်းမှတစ်ဆင့် Virtual Ceremony အဖြစ် နိုဝင်ဘာ ၁၃ ရက်က ကျင်းပခဲ့သည်။

ဂုဏ်ပြုပွဲတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်မြင့်က ကြက်ခြေနီ စေတနာလုပ်အားရှင်များအား အမှာစကားပြောကြားပြီးနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကြက်ခြေနီ ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌများက အသက် ၆၅ နှစ်ပြည့် ဂုဏ်ထူးဆောင်တပ်ဖွဲ့ဝင်များအား ဆုတံဆိပ်များ ပေးအပ်ကြရာ ကချင်ပြည်နယ်မှ တပ်ဖွဲ့ဝင်နှစ်ဦးဖြစ်သည့် ဦးဒေါင်ဟောင်းနှင့် ဦးမြင့်ဝေတို့အား ဂုဏ်ထူးဆောင် ဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြည်နယ် ကြက်ခြေနီ ဥက္ကဋ္ဌ ဦးဘရန်ဒီးက ပေးအပ်ခဲ့သည်။



ဆက်လက်၍ ကချင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေး လုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကြက်ခြေနီ စေတနာလုပ်အားရှင် ၉၀၀ ကျော်အတွက် ဂုဏ်ပြုလက်မှတ်များနှင့် ဂုဏ်ပြုဆုတံဆိပ်များကို ပြည်နယ်ဥက္ကဋ္ဌက ပြည်နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးချစ်ဖေထံ ပေးအပ်သည်။ ကချင်ပြည်နယ်မှ ဂုဏ်ပြုခြင်းခံရသည့် ကြက်ခြေနီ စေတနာလုပ်အားရှင်ပေါင်း ၉၀၀ ကျော်အနက် မြစ်ကြီးနားမြို့နယ်မှ ကြက်ခြေနီ စေတနာလုပ်အားရှင် ၃၈ ဦးပါဝင်ကြောင်း ပြည်နယ်ကြက်ခြေနီရုံးမှ သိရသည်။ **စိန်ဝင်း(ပြန်/ဆက်)**

## ဆောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ကဆောင်ရွက်မည့် လုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါဖွင့်လှစ်

**ဆော နိုဝင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး ဆောမြို့နယ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် ကျပ်သိန်း ၁၀၀ အထက် တည်ဆောက်ရေးလုပ်ငန်းများ၏ ပစ္စည်းတင်ဒါနှင့် လုပ်ငန်းသုံးပစ္စည်းတင်ဒါများအတွက် အိတ်ဖွင့်တင်ဒါ ဖွင့်ပွဲကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၁၃ ရက်က ပြုလုပ်သည်။

တင်ဒါဖွင့်ပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထင်လင်း၊ ဂန့်ဂေါခရိုင် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးညာဏ်ဦး၊ တင်ဒါစိစစ်ရေးနှင့် လက်ခံရေးကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်များ၊ လုပ်ငန်းရှင်များ တက်ရောက်ကြပြီး ဆောမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်မည့် လမ်း၊ တံတား၊ ရေမြောင်းနှင့် အဆောက်အအုံလုပ်ငန်း တင်ဒါငါးခုနှင့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းခွင်သုံးပစ္စည်းတင်ဒါ လေးခုတို့ကို တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ တာဝန်ရှိသူများက ပွင့်လင်းမြင်သာစွာ ဖွင့်ဖောက်စိစစ်ခဲ့ကြောင်း သိရသည်။ **ဇော်မျိုးသန့်(ဆော)**

## အခြေခံလူတန်းစား အိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်

**ကလေး နိုဝင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်းမှ ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် နိုင်ငံတော်အစိုးရက စတုတ္ထအကြိမ်မြောက်ပေးအပ်သည့် ထောက်ပံ့ငွေ တစ်အိမ်ထောင်လျှင် ကျပ်နှစ်သောင်းစီကို ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ တာဝန်ရှိသူများက ပြည်သူများထံ လက်ဝယ်အရောက် ပေးအပ်လျက်ရှိကာ ကလေးမြို့နယ်အတွင်း၌ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်စုများတွင် ထောက်ပံ့ငွေရယူမည့် အခြေခံလူတန်းစား အိမ်ထောင်စု ၅၆၆၄၈ စုရှိကြောင်း သိရသည်။ **ထန်းဖုန်(ပြန်/ဆက်)**

# အာဆီယံစီးပွားရေးလုပ်ငန်းများဆု ASEAN Business Awards (ABA) 2020 အခမ်းအနား ဟန္နိုင်းမြို့၌ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၄**

အာဆီယံဒေသတွင်းရှိ အကောင်းဆုံးစီးပွားရေးလုပ်ငန်းများကို ဂုဏ်ပြုသည့် အာဆီယံစီးပွားရေး လုပ်ငန်းများဆု ASEAN Business Awards (ABA) 2020 အခမ်းအနားကို နိုဝင်ဘာ ၁၃ ရက်တွင် ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ အခမ်းအနားကို အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး (ABIS) 2020 အပြီးတွင် ဒေဝူးဟန္နိုင်းဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အဆင့်မြင့်နိုင်ငံ့ခေါင်းဆောင်များ၊ စီမံကိန်းရေးဆွဲသူများ၊ မူဝါဒဆိုင်ရာ အတိုင်ပင်ခံများ၊ ယခုနှစ်အတွက် ဆုရ စီးပွားရေးလုပ်ငန်းရှင်များ၊ ဒေသတွင်းနှင့် နိုင်ငံတကာမှ ထိပ်တန်းစီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

**ပိုမိုသိရှိနားလည်စေရန် ရည်ရွယ်ကျင်းပ**

ယင်းအခမ်းအနားကို အာဆီယံဒေသတွင်းရှိစီးပွားရေးလုပ်ငန်းများ၏ အရေးပါမှုကို ပြသနိုင်ရန်နှင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအသိုက်အဝန်းအနေဖြင့် အာဆီယံဒေသ၏ စီးပွားရေးခိုင်မာတောင့်တင်းမှုနှင့် အားသာချက်များကို ပိုမိုသိရှိနားလည်စေရန် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်သည်။

ယခုနှစ်တွင် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံမှ ထိပ်တန်းစီးပွားရေးလုပ်ငန်းရှင် ၅၈ ဦးတို့ကို ဂုဏ်ပြုဆု ၆၂ ဆု ချီးမြှင့်ခဲ့ပြီး မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင် ငါးဦးတို့က ASEAN Business Awards (ABA) 2020 ဂုဏ်ပြုဆုခြောက်ဆုတို့ကို ရရှိခဲ့ကြသည်။ ယင်းဆုများမှာ SME Excellence (Growth) – Shan Yoma Travel & Tours Co.,Ltd.၊ SME Excellence (Employment) – Alpha Power Engineering Co., Ltd.၊ SME Excellence (Innovation) – Shan Yoma Travel & Tours Co.,Ltd.၊ Women Entrepreneur – Okkar Thiri Co., Ltd.၊ Com–bating COVID–19 – Thrust Oo Co., Ltd.၊ Inclusive Business – Myanmar Belle Co., Ltd.တို့ ဖြစ်ကြသည်။




ယင်းဆုရရှိသူများအနက် အခြေခံဝင်ငွေ နည်းပါးသည့် လူတန်းစားများ၏ ပြဿနာများကို အမြန်ဆုံးဖြေရှင်းပေးနိုင်သည့် စီးပွားရေးပုံစံကောင်းများနှင့် ကောင်းမွန်သော အလေ့အကျင့်နမူနာများရှိသည့် ကုမ္ပဏီနှင့် စီးပွားရေးလုပ်ငန်းရှင်များကို ရွေးချယ်ချီးမြှင့်သည့် ASEAN Inclusive Business Award ဆုရရှိခဲ့သည့် လုပ်ငန်းရှင်တစ်ဦးဖြစ်သူ Myanmar Belle Co., Ltd. ဥက္ကဋ္ဌ ဦးရဲမြင့်မောင်က "ကျွန်တော်တို့ရဲ့ တီထွင်ဆန်းသစ်မှုတွေ၊ IT ကဏ္ဍတွေ၊ ကိုဗစ် – ၁၉ တိုက်ဖျက်ရေးကဏ္ဍတွေ စတဲ့ကဏ္ဍအလိုက်မှာလည်း အာဆီယံနိုင်ငံတွေထဲမှာ သာလွန်တယ်၊ ရှေ့တစ်လှမ်း ရောက်တယ်ဆိုတဲ့ ထူးချွန်မှုတွေရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံက ဆုတွေရရှိခဲ့တာလို့ ထင်မြင်မိပါတယ်။ ဗီယက်နမ်နိုင်ငံမှာ Quarantine ဝင်ရမယ့် အခက်အခဲ၊ လေကြောင်းလိုင်း အခက်အခဲတွေကြောင့် ကျွန်တော်တို့ ကိုယ်တိုင်ကလည်း ဆုသွားယူချင်ပေမယ့်သွားလို့ မရခဲ့ပါဘူး။ ဆုတော့ရပါတယ်။ ဒါပေမယ့် ကျန်တဲ့စီးပွားရေးအခွင့်အလမ်းတွေ၊ နိုင်ငံတကာစီးပွားရေးလုပ်ငန်းရှင်တွေနဲ့ တွေ့ဆုံဆွေးနွေးလို့ရမယ့် အခွင့်အလမ်းတွေ မရနိုင်တာက ဒီနှစ်အတွက်ထူးခြားချက် တစ်ခုပါပဲ။ ကျွန်တော်တို့ Business လုပ်တဲ့အချိန်မှာ ငွေကြေးတစ်ခုတည်းအတွက် မဟုတ်ဘဲနဲ့ စိုက်ပျိုးတဲ့ တောင်သူတွေ၊ စက်ရုံအလုပ်ရုံက ဝန်ထမ်းတွေ သယ်ယူပို့ဆောင်တဲ့အခါမှာ ဆက်စပ်ပါဝင်တဲ့သူတွေ၊ နောက်ဆုံးစားသုံးသူအထိ အားလုံးပါဝင်ဆက်စပ်ပြီးတော့ အားလုံးအကျိုးခံစားခွင့်တွေ၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုတွေ၊ ပျော်ရွှင်မှုတွေရရှိနိုင်တဲ့ စီးပွားရေးကို လုပ်ကိုင်နိုင်ခဲ့တာကြောင့် ဒီဆုကိုရရှိခဲ့တာဖြစ်တယ်လို့ ယူဆပါတယ်။ ရှေ့ဆက်လက်ပြီးတော့လည်း ကျွန်တော်တို့ သွားနေတဲ့ Made In Myanmar ဆိုတဲ့ မြန်မာပြည်ကို ဂုဏ်ဆောင်နိုင်မယ့်ထုတ်ကုန်တွေ မြန်မာပြည်ကို ဂုဏ်ဆောင်နိုင်မယ့်အရာတွေကို ဒီထက်မက ကြိုးစားလုပ်ကိုင်သွားပါမယ်" ဟု ပြောကြားသည်။

**ဂုဏ်ထူးဆောင်အခမ်းအနား တစ်ခုဖြစ်**

ASEAN Business Awards (ABA) သည် ၂၀၀၇ ခုနှစ်မှစတင်၍ အာဆီယံစီးပွားရေး အကြံပေး ကောင်စီ (ASEAN BAC) က နှစ်စဉ်ကျင်းပသည့် နိုင်ငံတကာအဆင့် ဂုဏ်ထူးဆောင်အခမ်းအနား တစ်ခုဖြစ်သည်။

၁၃ နှစ်ကြာ အကောင်အထည်ဖော် ကျင်းပခဲ့ခြင်းဖြစ်ပြီး အာဆီယံဒေသတွင်း စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စက်မှုလုပ်ငန်းတူများအကြားတွင် ၎င်းတို့၏ ရပ်တည်ချက်နှင့် ဂုဏ်သိက္ခာကို ထပ်မံအတည်ပြုမြှင့်တင်နိုင်ခြင်း၊ ယှဉ်ပြိုင်နိုင်စွမ်းနှင့် ပေါင်းစည်းမှုတို့ကို တိုးမြှင့်နိုင်ခြင်းနှင့် အာဆီယံဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ အမှတ်တံဆိပ်ကို မြှင့်တင်နိုင်ခြင်း စသည့်အခွင့်အလမ်းများ ရရှိစေခဲ့သည်။

**သတင်းစဉ်**

# ထိုင်းနိုင်ငံမှ ပြန်လည်လွှဲပြောင်းပေးသော မြန်မာနိုင်ငံသား ၁၄၀ အား တာချီလိတ်မြို့၌ စနစ်တကျ ပြန်လည်လက်ခံ

**တာချီလိတ် နိုဝင်ဘာ ၁၄**

ထိုင်းနိုင်ငံတွင် အကြောင်းအမျိုးမျိုးကြောင့် ပြစ်ဒဏ်ကျခံရပြီး ပြစ်ဒဏ်စေ့သဖြင့် ထိုင်းနိုင်ငံအစိုးရက ပြန်လည်လွှဲပြောင်းပေးလာသော မြန်မာနိုင်ငံသား အမျိုးသား ၁၁၃ ဦးနှင့် အမျိုးသမီး ၂၇ ဦး စုစုပေါင်း ၁၄၀ တို့အား တာချီလိတ်မြို့မှ တာဝန်ရှိသူများက တာချီလိတ်မြို့ရှိ မြန်မာ–ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၂)၌ နိုဝင်ဘာ ၁၃ ရက်က ပြန်လည်လက်ခံသည်။

အဆိုပါ ပြစ်ဒဏ်စေ့ မြန်မာနိုင်ငံသားများအား ထိုင်းနိုင်ငံမှ တာဝန်ရှိသူများနှင့် မြန်မာ–ထိုင်း ဆက်ဆံရေးအရာရှိဦးထွန်းတို့က လာရောက်လွှဲပြောင်းပေးခဲ့ရာတွင် မြန်မာဘက်မှ တာချီလိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းမြေ့စောနှင့် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအား ကူညီစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် စနစ်တကျ ကျန်းမာရေးစစ်ဆေးခြင်းနှင့် ကိုယ်အပူချိန်တိုင်းတာခြင်း၊ နှာခေါင်းစည်းများ ဖြန့်ဝေခြင်းတို့ ပြုလုပ်ပြီး ပြန်လည်လက်ခံခဲ့ကြခြင်းဖြစ်သည်။ **(ယာပုံ)**

၎င်းတို့အား တာချီလိတ်မြို့ရှိ ကိုဗစ်–၁၉ စောင့်ကြည့်ရေးစခန်းတစ်ခုဖြစ်သည့် မိုးကုတ်ရိပ်သာ၌ အသွားအလာကန့်သတ်၍ စောင့်ကြည့်သွားမည်ဖြစ်ကာ အသွားအလာကန့်သတ်ထားစဉ် နှာခေါင်းနှင့်အာခေါင်တို့ဖတ် ရယူ၍ ဓာတ်ခွဲစစ်ဆေးပေးပြီး အဖြေရလဒ် ထွက်ရှိသည်အထိ နေထိုင်ရမည်ဖြစ်ကြောင်း၊ ရလဒ်အဖြေထွက်ရှိပြီးနောက် ပိုးမတွေ့ပါက ၎င်းတို့နေထိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပြန်လည်ပို့ဆောင်ပေးသွားမည်ဖြစ်ပြီး နေရပ်ဒေသများသို့ ပြန်လည်ရောက်ရှိလျှင်လည်း ဆက်လက်၍ အသွားအလာကန့်သတ် စောင့်ကြည့်ခံရမည်ဖြစ်ကြောင်း တာချီလိတ်ခရိုင်အုပ်ချုပ်ရေးမှူး၏ ပြောကြားချက်အရ သိရသည်။

**ယာဆေး(ပြန်/ဆက်)**



# စစ်ကိုင်းတိုင်းဒေသကြီးတွင် စိုက်ပျိုးရေအတွက် မြေအောက်တွင်း ၄၀ တူးဖော်ပေးမည်

**မုံရွာ နိုဝင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး အတွင်း၌ စိုက်ပျိုးရေရရှိရေး အထောက်အကူဖြစ်စေမည့် မြေအောက်ရေတွင်းပေါင်း ၄၀ ကို ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း တူးဖော်ပေးသွားနိုင်ရန် စီစဉ်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ ဦးစီးမှူး ဦးသိန်းမြင့်ထံမှ သိရသည်။

ယခု ဘဏ္ဍာရေးနှစ်အတွင်း တူးဖော်ပေးမည့် မြေအောက်ရေတွင်းများကို စိုက်ပျိုးရေရရှိရန် အမှန်တကယ် လိုအပ်လျက်ရှိသော နေရာများတွင် လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"အခု ဘဏ္ဍာရေးနှစ်မှာတော့ ဆည်ရေသောက်စနစ်နဲ့ စိုက်ပျိုးတဲ့နေရာတွေဖြစ်ပေမယ့် ဆည်ရေကို အလုံအလောက်မရရှိတဲ့ နေရာတွေ၊ စိုက်ပျိုးရေရရှိဖို့ အခက်အခဲရှိတဲ့ နေရာတွေကို ဦးစားပေး တူးဖော်ပေးမှာဖြစ်ပါတယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ငွေလုံးငွေရင်းရန်ပုံငွေကနေ အကုန်အကျခံ တူးဖော်ပေးသွားမှာဖြစ်ပါတယ်"ဟု တိုင်းဒေသကြီး ဦးစီးမှူးက ပြောသည်။



ရေလိုအပ်နေသော ကျေးရွာတစ်ရွာ၌ စက်ရေတွင်း တူးဖော်မှုများ ဆောင်ရွက်ပေးနေစဉ်။

အဆိုပါ စိုက်ပျိုးရေ အထောက်အကူပြု မြေအောက်ရေတွင်းများ တူးဖော်ပေးသွားရန် ခရိုင်အလိုက် လျာထားမှုမှာ ရွှေဘိုခရိုင်အတွင်း၌ လေးလက်မ စက်ရေတွင်း ၁၀ တွင်း၊ ကလေးခရိုင် ကလေးမြို့နယ်အတွင်း လေးလက်မ စက်ရေတွင်း ၁၀ တွင်းနှင့် မင်းကင်းမြို့နယ်အတွင်း လေးလက်မ စက်ရေတွင်း ၂၀ ဖြစ်ကြောင်းနှင့် ယခုဘဏ္ဍာရေးနှစ်အတွင်း တူးဖော်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# နောင်ချိုမြို့နယ်၌ ကိုဗစ်-၁၉ ပိုးတွေ့လူနာများထားရှိရန် ညှိနှိုင်း

**နောင်ချို နိုဝင်ဘာ ၁၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်ရှိ ခြေမြစ်ပင် ကျန်းမာရေးစစ်ဆေးရေးစခန်းတွင် Rapid Test Kit ဖြင့် ကိုဗစ်–၁၉ ရောဂါရှိမရှိ စစ်ဆေးမှုများကို အောက်တိုဘာ ၃ ရက်မှစ၍ ပြုလုပ်ခဲ့ရာ ယခုရက်ပိုင်းအတွင်း ပိုးတွေ့လူနာများကို သီးသန့် ထားရှိနိုင်ရေးအတွက် နောင်ချိုမြို့နယ် ကိုဗစ်–၁၉ ထိန်းချုပ်ကာကွယ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ညှိနှိုင်းဆွေးနွေးပွဲတစ်ရပ်ကို နောင်ချိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံးခန်း၌ နိုဝင်ဘာ ၁၃ ရက်က ပြုလုပ်သည်။

နောင်ချိုမြို့နယ်သည် ရှမ်းပြည်နယ်၏ အဝင်တံခါး မြို့တစ်မြို့ဖြစ်ပြီး ရှမ်းပြည်နယ်အတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု လျော့နည်းစေရေးအတွက် ပြည်နယ်အတွင်းသို့ဝင်ရောက်မည့် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား မြို့နယ် ကိုဗစ်–၁၉ ထိန်းချုပ်ကာကွယ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် Rapid Test Kit ဖြင့် ရောဂါပိုးရှိမရှိ စစ်ဆေးမှုများကို အောက်တိုဘာ ၃ ရက်မှ စတင်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

နိုဝင်ဘာ ၁၃ ရက်အထိ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် စုစုပေါင်း ၇၅၃၃ ဦးအား စစ်ဆေးခဲ့ရာ ပိုးတွေ့ရှိသူ ကိုးဦး ရှိထားပြီး အဆိုပါ ပိုးတွေ့လူနာများအား နောင်ချိုမြို့ ပြည်သူ့ဆေးရုံတွင် ဆေးကုသပေးခြင်း၊ နေထိုင်မှုအတွက် ပြင်ဆင်ပေးခြင်း၊ အစာအာဟာရပြည့်ဝစွာ ကျွေးမွေးခြင်းတို့ ဆောင်ရွက်ပေးကာ ကျန်းမာရေးကောင်းမွန်ပြီး ၁၀ ရက်ပြည့်သောအခါ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ကြောင်း၊ ပိုးတွေ့လူနာများနှင့်အတူ လိုက်ပါလာသော ထိတွေ့သူများအား နောင်ချိုမြို့ အထက(၁)ကျောင်း၌ အသွားအလာကန့်သတ် စောင့်ကြည့်ထားကြောင်း၊ ယခုထက် ပိုးတွေ့လူနာဦးရေနှင့် ထိတွေ့သူဦးရေ များပြားလာပါက ၎င်းလူနာများအား ထားရှိနိုင်ရန်၊ စောင့်ရှောက်နိုင်ရန် လိုအပ်ချက်များ ရှိလာနိုင်သဖြင့် ကိုဗစ်–၁၉ ကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် စီစဉ်ဆောင်ရွက်ရန် ဆွေးနွေးပွဲပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**ထွေးငယ်(ပြန်/ဆက်)**

## သိမှတ်စရာအဖြာဖြာ (General Knowledge)

# တီထွင်မှုပေါင်းများစွာနဲ့ အက်ဒီဆင်



ကေ-ဂျူဝယ်လ်

**မင်္ဂလာပါကလေးလေးတို့ရေ၊ အက်ဒီဆင်ဆိုတဲ့ နာမည်တစ်ခုကို ကလေးတို့ ကြားဖူးကြသလား။ သူက အမေရိကန်လူမျိုး၊ ကမ္ဘာကျော်တီထွင်သူ ပညာရှင်ကြီးလည်းဖြစ်၊ လုပ်ငန်းရှင်ကြီးလည်း ဖြစ်ပါတယ်။ သူ့ကို လူအတော်များများက လျှပ်စစ်မီးသီးတီထွင်တဲ့သူအဖြစ် သိထားကြတာပေါ့။ ဒါပေမယ့် အမှန်တကယ်က သူတီထွင်ခဲ့တဲ့အရာတွေဆိုပြီး တိတိကျကျ အသိအမှတ်ပြုထားတဲ့ ပစ္စည်းပေါင်း ၁၀၀၀ကျော် ရှိပါတယ်။ ဒီတစ်ပတ်မှာ မမက သူတီထွင်ထားတဲ့ အရာတွေအတွက် သူဘယ်လိုကြိုးစားခဲ့ရတယ်၊ အခက်အခဲတွေကို ဘယ်လိုဖြတ်သန်းကျော်ဖြတ်ခဲ့ရတယ်ဆိုတဲ့ အကြောင်းကို မိတ်ဆက်ပြောပြလိုပါတယ်။**

သူ့ရဲ့နာမည် အပြည့်အစုံက သောမတ်စ် အယ်လ်ဗာအက်ဒီဆင်လို့ ခေါ်ပါတယ်။ သူ့ကို ၁၈၄၇ ခုနှစ်မှာ အမေရိကန်ပြည်ထောင်စု အိုဟိုင်းယိုးပြည်နယ်မှာ မွေးဖွားခဲ့တာပါ။ ငယ်ငယ်က သူ့ကို ကျောင်းထားရာမှာ စာသင်ဖို့ အဆင်မပြေနိုင်တဲ့ ဉာဏ်ထိုင်းတဲ့ ကလေးဆိုပြီး ကျောင်းက လက်မခံတော့တဲ့ အတွက် လပိုင်းသာ ကျောင်းတက်လိုက် ရပါတယ်။ ဒါပေမယ့် သူ့ရဲ့ မေမေက ကျောင်းဆရာမဟောင်းတစ်ယောက်ဖြစ်တဲ့ အတွက် သူ့ကို အိမ်မှာပဲ စာသင်ပေးခဲ့ တယ်။ သူဖတ်ဖို့အတွက် စာအုပ်မျိုးစုံကို ရှာဖွေပေးခဲ့တယ်။

သူက ငယ်ငယ်ကတည်းက သိပ်ကိုစူးစမ်းလိုစိတ်ရှိတဲ့ ကလေးတဲ့လေ။ သူဟာ ရူပဗေဒ စာအုပ်တွေ၊ သင်္ချာစာအုပ်တွေကို အထူး စိတ်ဝင်စားသူလည်း ဖြစ်ပါတယ်။

စာအုပ်တွေကို ဖတ်သလို လက်တွေ့ စမ်းသပ်ပြီး လုပ်ကြည့်တာတွေလည်း အများကြီးပဲတဲ့။ သူ့မေမေက သူဝါသနာပါတဲ့ တီထွင်တဲ့အလုပ်တွေ လုပ်နိုင်အောင် သူ့အတွက် ကိုယ်ပိုင်အခန်းလေးကို သူတို့ အိမ်ရဲ့ မြေအောက်ခန်းမှာ ဖန်တီးပေးထားတယ်။ နည်းပညာအသစ်အဆန်းတွေကို စိတ်ဝင်စားတဲ့အက်ဒီဆင်က နေ့စဉ် အဲဒီ အခန်းလေးထဲမှာ အရာဝတ္ထုအသစ်တွေကို တီထွင်နေတော့တာပေါ့။ ကလေးတို့ မသိသေးတဲ့အကြောင်းက သူကငယ်ငယ်ကတည်းက နားမကြားတဲ့ဝေဒနာကို ခံစားရသူလည်း ဖြစ်ပါတယ်။ အသက် ၁၂ နှစ်အရွယ်မှာ သူ့အခန်းလေးတင်မဟုတ်တော့ဘဲ ဘူတာရုံနဲ့ ကုန်တင်ရထားတွဲ အလွတ်တွေပေါ်မှာပါ သူ့ရဲ့ဓာတ်ခွဲခန်းအဖြစ် အသုံးပြုပြီး စမ်းသပ်လေ့လာတာတွေ လုပ်နေခဲ့သူပါ။

သူ့အသက် ၁၃နှစ်မှာ သူက ရထားပေါ်မှာ သကြားလုံးတွေ၊ အသီးအနှံတွေနဲ့ သတင်းစာတွေကို လိုက်လံရောင်းချရင်း တစ်ဖက်မှာလည်း သူဝါသနာပါတဲ့ တီထွင်တာတွေကို လုပ်နေခဲ့တာပေါ့။

သူရှာလို့ရတဲ့ ပိုက်ဆံတွေအားလုံးနီးပါးကို လျှပ်စစ်နဲ့ပတ်သက်တဲ့ စာအုပ်တွေ၊ သင်္ချာနဲ့ ရူပဗေဒနဲ့ ပတ်သက်တဲ့ အကြောင်းအရာ စာအုပ်တွေကို ဝယ်ယူစုဆောင်းခဲ့တယ်။ တီထွင်ဖို့အတွက် လိုအပ်တဲ့ ကိရိယာတွေကိုလည်း သူက ဝယ်တာပေါ့။ အတန်းပညာကို ကျောင်းမှာမသင်ယူခဲ့ရပေမယ့် အက်ဒီဆင်က သူစိတ်ဝင်စားတဲ့ ပညာရပ်တွေကို သူ့ဘာသာလေ့လာသင်ယူပြီး သူဝါသနာပါတဲ့ တီထွင်တဲ့အလုပ်ကို မဖြစ်ဖြစ်အောင် ရှေ့ဆက်သွားခဲ့သူပေါ့။

သူ့ရဲ့အသက် ၁၄ နှစ်လောက်မှာ ဘူတာရုံမှာ ကြေးနန်းရိုက်တဲ့အလုပ်ကို ရလာခဲ့တယ်။ အဲဒီမှာလည်း သူဟာ အလိုအလျောက် ရိုက်လို့ရတဲ့ ကြေးနန်းကိရိယာကို တီထွင်ခဲ့ပါတယ်။

၁၈၇၉ ခုနှစ်မှာ အကြီးမားဆုံး တီထွင်မှုလို့လည်း ပြောနိုင်တဲ့ လျှပ်စစ်မီးသီးကို သူ့ရဲ့ လုပ်ငန်း စပ်တူလုပ်ကိုင်တဲ့ ပညာရှင်တွေနဲ့ အတူ တီထွင်နိုင်ခဲ့သူလည်း ဖြစ်ပါတယ်။ မီးခလုတ်ဖွင့်လိုက်ရုံနဲ့ မီးသီးတွေက အလင်းရောင် ရရှိစေတဲ့အပြင် ဓာတ်စက်တွေ၊ ရုပ်ရှင်ကင်မရာတွေနဲ့ ဓာတ်ခဲတွေကိုလည်း အက်ဒီဆင်က တီထွင်ခဲ့ပါတယ်။

အဲဒီလိုတီထွင်မှုတွေက လွယ်လွယ်နဲ့ တော့ရရှိလာခဲ့တာမဟုတ်ပါဘူး ကလေးတို့ရေ။ အကြိမ်ပေါင်း ၁၀၀၀ ကျော်မက စမ်းသပ်ခဲ့ပေမယ့် အောင်မြင်မှုမရခဲ့တာမျိုးလည်း ရှိပါသေးတယ်။ ဒါပေမယ့်သူက ဇွဲလုံ့ဝမလျှော့ဘဲ အကြိမ်ကြိမ် ကြိုးစားဖော်ထုတ်ခဲ့လို့သာ မမတို့၊ ကလေးတို့အားလုံး လွယ်လွယ်ကူကူနဲ့ လျှပ်စစ်မီးတွေကို အသုံးပြုနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဒါတင်မကသေးပါဘူး။ ကလေးတို့ နေ့စဉ် မြင်တွေ့နေရတဲ့ လျှပ်စစ်နဲ့ပတ်သက်တဲ့ အရာ အတော်များများဟာလည်း အက်ဒီဆင်ရဲ့ စိတ်ကူး၊ အကြံဉာဏ်တွေအများကြီး ပါဝင်နေတာပဲဖြစ်ပါတယ်။ တီထွင်သူကြီးက အမြဲတမ်းပြောခဲ့တဲ့ စကားတစ်ခွန်းရှိပါတယ် ကလေးတို့ရေ။ အဲဒါကတော့ သူ့ရဲ့ တီထွင်မှု အတွက် ဉာဏ်ရည်ဉာဏ်သွေးက ၁ ရာခိုင်နှုန်း ပဲပါပြီး ကျန်တဲ့ ၉၉ ရာခိုင်နှုန်းက သူနဲ့ သူ့ရဲ့ သိပ္ပံပညာရှင်တွေရဲ့ ကြိုးစားအားထုတ်မှု ကြောင့်ပါတဲ့။ အဲဒါကြောင့် ကလေးတို့လည်း အက်ဒီဆင်ကြီးလိုပဲ ကိုယ်စိတ်ဝင်စားတဲ့ အလုပ်တွေ၊ ဝါသနာတွေအပေါ် မဆုတ်မနစ်ဘဲ ကြိုးစားပြီး အကောင်းဆုံးဖန်တီးနိုင်သူတွေ ဖြစ်ပါစေလို့ မမက ဆုတောင်းပေးရင်း သောမတ်စ်အက်ဒီဆင် အကြောင်းကို မိတ်ဆက်ပေးလိုက်ပါတယ်နော်။

## လောကဝတ် (Etiquette)

# လုံလုံခြုံခြုံနဲ့ ပျော်ရွှင်ကြရမယ့်ကလေးတွေ

မမမေ

ကလေးတို့အားလုံး မင်္ဂလာပါနော်။ လာမယ့် နိုဝင်ဘာ ၂၀ ရက်နေ့က ကမ္ဘာ့ကလေးများ နေ့ပဲဖြစ်ပါတယ်။ ဒီနှစ်မှာ ကလေးတို့အတွက် မမတို့နိုင်ငံက ဆောင်ပုဒ်လေးက လုံခြုံ ပျော်ရွှင် ကလေးများရဲ့ မြို့ပြမြန်ပြည်တစ်ခွင် ဆိုတဲ့ ဆောင်ပုဒ်ကလေး ဖြစ်ပါတယ်။ အဓိပ္ပာယ်ကတော့ ကလေးတို့အားလုံး ဘေးကင်းလုံခြုံပြီး ပျော်ရွှင်ဖို့ကောင်းတဲ့ နိုင်ငံဖြစ်လာရမယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့ကွယ်။ အခုအချိန်က ကိုဗစ်- ၁၉ ရောဂါကြောင့် အားလုံးစိုးရိမ်နေကြရတဲ့ အချိန်မှာ ကလေးတို့က ဘေးကင်းစေဖို့နဲ့ လုံခြုံစိတ်ချရစေဖို့ မိဘ၊ ဆရာသမားတွေရဲ့ စကားကို နားထောင်ပြီး အတတ်နိုင်ဆုံး လူတွေနဲ့ ထိတွေ့တာမျိုးကို ရှောင်ရှားဖို့ လိုအပ်ပါတယ်။ ကိုယ့်မိသားစုနဲ့အတူ နေအိမ်အတွင်းမှာ ပျော်ပျော်ရွှင်ရွှင်နဲ့ လေ့လာစရာတွေကို ရှာဖွေလေ့လာ ဆည်းပူးမယ်။ မိသားစု အချင်းချင်း ချစ်ခင်ရင်းနှီးစွာနဲ့ ပျော်ရွှင်စွာ ဖြတ်သန်းကျော်ဖြတ်မယ်ဆိုတဲ့ အလေ့အထကောင်းတွေကို တည်ဆောက်ကြဖို့ လိုပါတယ်။ အဲဒီမှာမှ ဘေးကင်းလုံခြုံမှုအတွက် မမက လိုအပ်တဲ့ အချက်အလက်လေးတွေကို မျှဝေလိုပါတယ်နော်။



**ကျန်းမာရေးလုံခြုံမှု**

ဒီကာလမှာ ကလေးတို့ဟာ လူတွေနဲ့ ခြောက်ပေအကွာမှာ နေကြရမယ်။ လက်ကို ဆပ်ပြာနဲ့မကြာခဏ ဆေးကြောမယ်။ လူထူထပ်တဲ့ နေရာတွေကို သွားလာရင် နှာခေါင်း၊ ပါးစပ်စည်း Mask တွေကို တပ်ဆင်ကြမယ်။ လူအများ ထိတွေ့ထားတဲ့ လှေကားလက်ရန်းတွေ၊ အသုံးအဆောင်တွေနဲ့ အများသုံးပစ္စည်းတွေကို မကိုင်တွယ်မိအောင် ဂရုစိုက်မယ်။ လူစုလူဝေးရှိတဲ့ နေရာတွေကို မသွားဘူးဆိုရင် ကျန်းမာရေး အတွက် လုံခြုံစိတ်ချရစေမှာ ဖြစ်ပါတယ်။

**အွန်လိုင်းဘေးကင်းလုံခြုံမှု**

ဒီကာလမှာကလေးတို့အနေနဲ့ ဖုန်းတွေကို ပိုပြီး အသုံးပြုလာကြမယ်လို့ မမက တွေးမိပါတယ်။ အွန်လိုင်းကနေ ကလေးတို့အတွက် အကျိုးရှိစေမယ့် သင်ကြားမှုတွေကို ရယူနိုင်သလို တစ်ဖက်မှာလည်း လိမ်လည်လှည့်ဖြားမှုတွေ၊ ကလေးတို့ကို အယုံသွင်းပြီး ဒုက္ခပေးနိုင်တဲ့သူတွေ ရှိတယ်ဆိုတာ ကလေးတို့သိထားရမှာ ဖြစ်ပါတယ်။ အွန်လိုင်းကိုအသုံးပြုမယ်ဆိုရင် ကလေးတို့ မိဘတွေ၊ ညီအစ်ကိုမောင်နှမတွေနဲ့ အတူတူ အသုံးပြုပါ။ ကိုယ်နဲ့ မရင်းနှီးတဲ့ သူတွေရဲ့ ပြောစကားကို မယုံကြည်မိဖို့နဲ့ အရာရာကို ယုံကြည်စိတ်ချရတဲ့ ဖေဖေ၊ မေမေ၊ ဘိုးဘိုး၊ ဖွားဖွားနဲ့ ဆရာ၊ ဆရာမတွေကို တိုင်ပင်ပြီးမှသာ ယုံကြည်ကြပါလို့ တိုက်တွန်းလိုပါတယ်။

**အိမ်မှာနေရင်း စာကြိုးစားလို့ရပါတယ်**

အိမ်မှာနေရင်း ပညာဆက်သင်လို့ မရတာကြောင့် စိတ်ညစ်နေကြမယ်လို့ ထင်ပါတယ် ကလေးတို့ရေ။ စိတ်မညစ်ပါနဲ့နော်။ ဒီအချိန်မှာ အိမ်မှာ နေတာက ကလေးတို့အတွက် အလုံခြုံဆုံးမို့ ကလေးတို့ကို ကျောင်းတွေ ပိတ်ထားရတာပါ။ ဒါပေမယ့် သင်ပြီးသားစာတွေကို ပြန်နွှေးတာ၊ ကျောင်းဖွင့်ရင် ပြန်တက်ရမယ့် အတန်းအတွက် လိုအပ်တာတွေ ပြင်ဆင်တာနဲ့ ဘာသာရပ်တွေကို သင်ယူလေ့လာတာမျိုးတွေကို ကလေးတို့က နေ့စဉ်ပုံမှန် လုပ်ဆောင်သွားလို့ ရပါတယ်။ မေမေနဲ့ ကူညီပြီး ကုန်ကျစရိတ်စာရင်းတွေ တွက်ပေးလို့ရသလို ပန်းပင်လေးတွေကိုလည်း စိုက်ပျိုးလို့ ရပါတယ်။ သူငယ်ချင်းတွေကို ဖုန်းဆက်ပြီးစကားပြောနိုင်သလို ချက်နည်းပြုတ်နည်းတွေ၊ အိမ်သန့်ရှင်းရေးနည်းတွေနဲ့ ဘုရားစာတွေကိုလည်း ကလေးတို့ သင်ယူထားသင့်ပါတယ်။ ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေမယ့် ကိုယ်ကာယလေ့ကျင့်ခန်းလေးတွေကို ပုံမှန်လုပ်ပြီး ကျန်းမာအောင်လည်း နေလို့ရပါတယ်။ အကောင်းဆုံးကတော့ ကျောင်းမတက်ရသေးတဲ့ အတွက် အိပ်ရေးဝဝ အိပ်ရတာပေါ့ကွယ်။

နိုဝင်ဘာ ၂၀ ရက်မှာ ကျရောက်မယ့် ကမ္ဘာ့ကလေးများနေ့မှသည် နေ့ရက်တိုင်း လုံခြုံပျော်ရွှင်ကြပါစေလို့ မမက ဆုတောင်း ပေးလိုက်တယ်နော်။



# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အစိုးရမှ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ မြန်မာငွေကျပ် သိန်း ၈၀၀၀ တန်ဖိုးရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးပစ္စည်းများလှူဒါန်း

မန္တလေး နိုဝင်ဘာ ၁၄

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အစိုးရမှ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ မြန်မာငွေကျပ်သိန်း ၈၀၀၀ တန်ဖိုးရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးပစ္စည်းများ လှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက Pullman ဟိုတယ်တွင် ကျင်းပသည်။**

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးတရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ၊ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံကောင်စစ်ဝန်ချုပ် Mr.Chen Chen နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါလှူဒါန်းမှုသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ




နှင့် မြန်မာနိုင်ငံအကြား ချစ်ကြည်ရင်းနှီးသော ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုနက်ရှိုင်းစေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီးသို့ ယူနန်ပြည်နယ်အစိုးရမှ ယွမ်ငွေ ၄ သန်း (မြန်မာငွေကျပ်သိန်း ၈၀၀၀) တန်ဖိုးရှိ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး ပစ္စည်းများ လှူဒါန်းခြင်းဖြစ်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ယူနန်ပြည်နယ်အစိုးရအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုဖြစ်ပေါ်ချိန်မှစ၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ချစ်ကြည်ရင်းနှီးစွာဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်သည့် ကာကွယ်ထိန်းချုပ်ရေးပစ္စည်းများကို ယနေ့အထိ ကူညီပံ့ပိုးပေးလျက်ရှိကြောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲဌာနတည်ဆောက်ပြီး လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်မှ အထူးလုပ်ငန်းအဖွဲ့ပညာရှင်များနှင့် ဓာတ်ခွဲခန်းစက်ပစ္စည်းကိရိယာများ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း၊ ယူနန်ပြည်နယ် အစိုးရ၏ ကူညီပံ့ပိုးလှူဒါန်းမှုများသည် ကြီးမားသည့် ချစ်ကြည်ရေးသမိုင်းမှတ်တိုင်တစ်ခုဖြစ်ပါကြောင်းနှင့် ယူနန်ပြည်နယ်အစိုးရနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရ အဖွဲ့တို့အကြား သမိုင်းအစဉ်အလာကြီးမားသော ရင်းနှီးချစ်ကြည်မှု ဆက်ဆံရေးကို ပိုမိုတိုးမြှင့်သွားမည်ဖြစ်ပါကြောင်း အဖွင့်အမှာစကားတွင် ပြောကြားခဲ့သည်။

ဆက်လက်၍ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံကောင်စစ်ဝန်ချုပ် Mr.Chen Chen က ယူနန်ပြည်နယ်အစိုးရမှ မန္တလေးတိုင်းဒေသကြီးသို့ တတိယအကြိမ်မြောက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးပစ္စည်းများဖြစ်သည့် အသက်ရှူစက်၊ PPEဝတ်စုံနှင့် နှာခေါင်းစည်းများကို လှူဒါန်းခြင်းဖြစ်ပါကြောင်း၊အဆိုပါပစ္စည်းများကိုယူနန်ပြည်နယ်မှ ကုန်းကြောင်းခရီးစဉ်ဖြင့် ရွှေလီ- မူဆယ်လမ်းကြောင်းမှတစ်ဆင့် မန္တလေးသို့ ကုန်တင်ကားကြီးသုံးစီးဖြင့် တိုက်ရိုက်တင်ဆောင်လာခဲ့ခြင်းဖြစ်ကြောင်း၊ ယခုဖြစ်ပွားနေသည့် ကပ်ရောဂါကို မြန်မာနိုင်ငံအစိုးရက ကြိုးစား၍ ထိန်းချုပ်တိုက်ဖျက်နေသကဲ့သို့ တရုတ်နိုင်ငံအနေဖြင့်လည်း အိမ်နီးချင်းကောင်း မြန်မာနိုင်ငံကို ဆက်လက်အကူအညီများပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကိုဗစ်-၁၉ရောဂါ ကာကွယ်ထိန်းချုပ်ရေး ပစ္စည်းများကို မန္တလေးကောင်စစ်ဝန်ချုပ်က လွှဲပြောင်းပေးအပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဝမ်းမြောက်ကြောင်းသဝဏ်လွှာနှင့် ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်ခဲ့ပြီး (ဝဲပုံ) တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယခုလှူဒါန်းသည့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများအနေဖြင့် N-95၊ Disposable medical surgical mask ၊ Medical Face Shield ၊ Medical protective clothing ၊ Anti-fog eye mask ၊ Disposable medical caps ၊ Plastic shoe cover (short) ၊ Latex gloves (inspection) ၊ Disposable isolation gown ၊ Non-invasive ventilator တို့ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ရခိုင်ပြည်နယ်အတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စုများအတွက် စတုတ္ထအကြိမ် ထောက်ပံ့ငွေများ ပေးအပ်

**စစ်တွေ နိုဝင်ဘာ ၁၄**

ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် ကိုဗစ်- ၁၉ ကူးစက်ရောဂါဖြစ်ပွားမှုကြောင့် ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစား အိမ်ထောင်စုများအား တစ်အိမ်ထောင်စုလျှင် ငွေကျပ် ၄၀၀၀၀ နှုန်းဖြင့် နိုင်ငံတော်က စတုတ္ထအကြိမ်အဖြစ် ထောက်ပံ့ပေးအပ်ခြင်းကို နိုဝင်ဘာ ၁၃ ရက်မှ စတင်ပြီး ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ်ဝန်ကြီးများ၊ အစိုးရအဖွဲ့အတွင်းရေးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၁၃ ရက် မွန်းလွဲပိုင်းက စစ်တွေမြို့နယ်အတွင်းရှိ အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် နိုင်ငံတော်အစိုးရက စတုတ္ထအကြိမ် ထောက်ပံ့သည့် ထောက်ပံ့ငွေများကို သွားရောက်ထောက်ပံ့ခဲ့သည်။ (ယာပုံ) စစ်တွေခရိုင်တွင် အခြေခံလူတန်းစား အိမ်ထောင်စု ၉၁၂၂၆ စုရှိပြီး ထောက်ပံ့ငွေကျပ် ၃၆၄၉၀၄၀၀၀၀ ထောက်ပံ့ပေးလျက် ရှိသည်။

ထို့အပြင် မြောက်ဦးခရိုင်အတွင်း အခြေခံလူတန်းစား အိမ်ထောင်စု ၈၇၇၀၃ စုအတွက် ထောက်ပံ့ငွေကျပ် ၃၅၀၈၁၂၀၀၀၀၊ မောင်တောခရိုင်အတွင်း အခြေခံလူတန်းစား အိမ်ထောင်စု ၂၈၀၆၁ စုအတွက် ထောက်ပံ့ငွေကျပ် ၁၁၂၄၄ ၀၀၀၀၊ ကျောက်ဖြူခရိုင်အတွင်းရှိ အခြေခံလူတန်းစား အိမ်ထောင်စု ၃၈၂၆၄ စုအတွက် ထောက်ပံ့ငွေကျပ် ၁၅၃၀၅ ၆၀၀၀၀ နှင့် သံတွဲခရိုင်အတွင်း အခြေခံလူတန်းစား အိမ်ထောင်စု ၅၇၈၀၉ စုအတွက် ထောက်ပံ့ငွေကျပ် ၂၃၁၂၃၆၀၀၀၀ တို့ကိုခရိုင်၊ မြို့နယ်နှင့်ရပ်ကွက်ကျေးရွာအုပ်စု စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများမှတစ်ဆင့် ဆက်လက် ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။ ရခိုင်ပြည်နယ်တွင် ကိုဗစ်- ၁၉ ကာလအတွင်း အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် စတုတ္ထအကြိမ်အဖြစ် နိုင်ငံတော်အစိုးရက ထောက်ပံ့မှုအနေဖြင့် ငွေကျပ် ၁၂၁၂၂၅၂၀၀၀၀ အားပြည်နယ် အတွင်း မြို့နယ်အားလုံးရှိ အခြေခံ အိမ်ထောင်စု ၃၀၃၀၆၃ စုအတွက် တစ်အိမ်ထောင်စုလျှင် ငွေကျပ် ၄၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးအပ်လျက်ရှိကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



# ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်၌ ဈေးရောင်းချရေးယာဉ်များဖြင့် သန့်ရှင်းလတ်ဆတ်သော သားငါးနှင့် စားသောက်ကုန်များ လှည့်လည်ရောင်းချပေး

**ရန်ကုန် နိုဝင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်နှင့် ညီနောင်အသင်း လုပ်ငန်းရှင်များ ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါကာလ အတွင်းပြည်သူများ မိမိနေအိမ်မှ



ဝေးကွာသော ဈေးများသို့ သွားရောက်ဝယ်ယူရန်မလိုဘဲ ရောဂါကူးစက်ပြန့်ပွားမှု အထိုက်အလျောက်ကာကွယ်နိုင်ရေးနှင့် သန့်ရှင်းလတ်ဆတ်သော သားငါးစားသောက်ကုန်နှင့် ဟင်းသီးဟင်းရွက်များကို သက်သာသော ဈေးနှုန်းများဖြင့် မိမိတို့နေထိုင်ရာ ရပ်ကွက်အတွင်း ဝယ်ယူ ရရှိနိုင်ရေးအတွက် ရည်ရွယ်၍ မြို့နယ်အရောက် ဈေးရောင်းချရေး ယာဉ်များဖြင့် နိုဝင်ဘာ ၁၃ ရက် နံနက် ၇ နာရီက ရန်ကုန် တောင်ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် ဗိုလ်မင်းရောင်လမ်းအထက် ပုဇွန်တောင်လမ်းနှင့် ကူးတို့လမ်းတို့၌ ဒေသခံပြည်သူများအား မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး စနစ်တကျ ရောင်းချပေးခဲ့ကြောင်း သိရသည်။

ယနေ့ရောင်းချသော ဈေးကားများတွင် စားသောက်ကုန်များဖြစ်သည့် ကြက်သား၊ ဆိတ်သား အမဲသား၊ ဝက်သား၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥ အသင့်ထုပ်ပိုးပြီး ရေချို / ရေငန်ငါးပုစွန်အမျိုးမျိုး၊ ကုန်ခြောက်ပစ္စည်းအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်နှင့် စားသုံးဆီများ ပါဝင်ပြီး လူတန်းစားအလွှာမရွေး လက်လီရောင်းချပေးခဲ့ကြောင်း သိရသည်။

မင်္ဂလာတောင်ညွန့် မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင် (၁) ဒေါ်သီသီခိုင်က "အခုလိုလာရောက်ရောင်းချပေးတဲ့ အတွက်လည်း ဆင်ပြေပါတယ်။ အဓိကအနေနဲ့ ပြောရရင် ကိုဗစ် - ၁၉ ရောဂါကူးစက်မှု ကင်းဝေးစေရေးအတွက် သန့်ရှင်းလတ်ဆတ်တဲ့ သားငါး၊ ဟင်းသီးဟင်းရွက်နဲ့ စားသောက်ကုန်တွေကို ဈေးမှာသွားဝယ်စရာမလိုဘဲ တစ်နေရာတည်းမှာပဲ ဝယ်လို့ရတဲ့ အတွက်လည်း ပြည်သူတွေအတွက် အဆင်ပြေပါတယ်" ဟု ပြောသည်။

မင်္ဂလာတောင်ညွန့်ရပ်ကွက်နေ ဒေါ်ချောအိမွန်က "အဆင်ပြေပါတယ်။ မိသားစုတွေအတွက်လည်း ဝေးကွာတဲ့ ဈေးတွေကို သွားစရာမလိုဘဲ သန့်ရှင်းလတ်ဆတ်တဲ့ သားငါး၊ ဟင်းသီးဟင်းရွက်တွေကို ဝယ်ယူရရှိလို့ အားလုံးအတွက် အဆင်ပြေပါတယ်။ ဈေးနှုန်းလည်း သက်သာပါတယ်။ ဖြစ်နိုင်ရင် မကြာခဏလာရောက် ရောင်းချပေးစေလိုပါတယ်" ဟု ပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**
**ဓာတ်ပုံ-မျိုးကြီး**

# မြန်မာကလပ်များ ယှဉ်ပြိုင်နေသည့် အာရှအဆင့် ကလပ်ပြိုင်ပွဲနှစ်ခုကို လာမည့်နှစ်တွင် ပုံမှန်အတိုင်း ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၁၄**

မြန်မာကလပ်အသင်းများ ယှဉ်ပြိုင်နေသည့် အာရှအဆင့် ကလပ်ပြိုင်ပွဲနှစ်ခုကို လာမည့်နှစ်တွင် ပုံမှန်အတိုင်း ကျင်းပမည်ဖြစ်ကြောင်း အာရှဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ကြေညာခဲ့သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် ကိုဗစ်- ၁၉ ရောဂါ အခြေအနေကြောင့် လာမည့်နှစ်တွင် ကျင်းပမည့် ပြိုင်ပွဲများအားလုံးအား ထုတ်ပြန်နိုင်ခြင်းမရှိသေးဘဲ ပြိုင်ပွဲအချို့သာ ထုတ်ပြန်ထားခြင်းဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ကလပ်ပြိုင်ပွဲဖြစ်သည့် အာရှချန်ပီယံလိဂ်နှင့် AFC Cup ပြိုင်ပွဲတို့ကို လာမည့်နှစ်တွင် ပုံမှန်အတိုင်းကျင်းပမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့ပြီး ကျင်းပမည့်ကာလကိုမူ ထပ်မံထုတ်ပြန်မည်ဖြစ်သည်။

ယခုနှစ်တွင် ကိုဗစ်- ၁၉ ရောဂါကြောင့် AFC Cup ပြိုင်ပွဲကို ဖျက်သိမ်းခဲ့ရပြီး အာရှချန်ပီယံလိဂ်ပြိုင်ပွဲကိုမူ နှစ်ကုန်ပိုင်းတွင် ပြန်လည်ကျင်းပလျက်ရှိသည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ကိုဗစ်-၁၉ ရောဂါအခြေအနေအပေါ်မူတည်၍ လာမည့်နှစ် အာရှ ချန်ပီယံလိဂ်ပြိုင်ပွဲနှင့် AFC Cup ပြိုင်ပွဲကျင်းပမည့်ကာလကို ထပ်မံထုတ်ပြန်မည်ဖြစ်ပြီး ခြေစစ်ပွဲများ ကျင်းပပြီးပါက အုပ်စုအဆင့်နှင့် ရှုံးထွက်အဆင့် ပွဲစဉ်များ ဆက်လက်ကျင်းပရမည်ဖြစ်သည်။

ယင်းပြိုင်ပွဲနှစ်ခုတွင် မြန်မာကလပ်နှစ်သင်း ဝင်ရောက် ယှဉ်ပြိုင်ခွင့်ရထားပြီး ၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ချန်ပီယံ ရှမ်းယူနိုက်တက် အသင်းက အာရှချန်ပီယံလိဂ်အကြို ခြေစစ်ပွဲနှင့် AFC Cup ပြိုင်ပွဲအုပ်စုအဆင့်၊ ၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ဒုတိယဆုရ ဟံသာဝတီအသင်းက AFC Cup ပြိုင်ပွဲ ခြေစစ်ပွဲအဆင့်တို့မှ ကစားရမည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ပြီးခဲ့သည့်နှစ်များတွင် ပြိုင်ပွဲနှစ်ခုစလုံး၏ ခြေစစ်ပွဲကို ဇန်နဝါရီနှင့် အုပ်စုပွဲစဉ်များကို ဖေဖော်ဝါရီတွင် စတင်ကျင်းပလျက်ရှိသည်။

မြန်မာကလပ်အသင်းများသည် AFC Cup ပြိုင်ပွဲတွင် ၂၀၁၂ ခုနှစ်၊ အာရှချန်ပီယံလိဂ် ခြေစစ်ပွဲတွင် ၂၀၁၅ ခုနှစ်မှစ၍ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။ **ညီမြတ်သော်တာ**

# အွန်လိုင်းကရာတေး"ခတ"ပြိုင်ပွဲများကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၄**

အားကစားနှင့် ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံ ကရာတေးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် အွန်လိုင်း ကရာတေး"ခတ" ပြိုင်ပွဲကို ယနေ့ ညနေပိုင်းက ကျင်းပသည်။ ပြိုင်ပွဲတွင် အသက်၁၄ နှစ်အောက် အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ် ကလပ်၊ အသင်းများမှ အားကစားသမား၂၉ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ အမျိုးသား ပြိုင်ပွဲတွင် ပထမ ဘုန်းမြတ်ပိုင်စိုး (အောင်ဆန်းအသင်း)၊ ဒုတိယ ဖွဲ့နေယံ (မန္တလေး)၊ ပူးတွဲတတိယ ဥက္ကာစစ်အောင်၊ သက်ထူးအောင် (အောင်ဆန်း)၊ အမျိုးသမီးပြိုင်ပွဲတွင် ပထမ မျိုးရတနာဦး(ကယား)၊ ဒုတိယ ခင်သူဟန်(ဗထူး)၊ ပူးတွဲတတိယ သဥ္ဇာယွန်း(ကယား)၊ စောမြတ်နွယ်တို့က ရရှိကြသည်။

ပြိုင်ပွဲဆုကြေးအဖြစ် ပထမ ငွေကျပ်တစ်သိန်း၊ ဒုတိယ ငွေကျပ် ၇၅၀၀၀၊ ငွေကျပ် ၅၀၀၀၀နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်မည် ဖြစ်သည်။ နိုဝင်ဘာ၂၁ရက်တွင် Cadet ပြိုင်ပွဲများ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **အာကာစိုး**



အမျိုးသားဗိုလ်လုပွဲပြိုင်ပွဲတွင်ဖွဲ့နေယံ(မန္တလေး)ယှဉ်ပြိုင်စဉ်။

# အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

◆*ကျောဖုံးမှ*

ဘယ်လ်ဂျီယံအသင်းနှင့် အင်္ဂလန်အသင်းတို့သည် နေးရှင်းလိဂ်ပြိုင်ပွဲ၌ လိဂ်(A)၏ အုပ်စု (၂) တွင် ဒိန်းမတ်၊ အိုက်စလန်အသင်းတို့နှင့်အတူ ကျရောက်နေသည်။ ဘယ်လ်ဂျီယံအသင်းသည် ယခုပွဲစဉ်မတိုင်မီ နိုဝင်ဘာ ၁၂ ရက်က ဆွစ်ဇာလန်အသင်းနှင့် ခြေစမ်းပွဲကစားထားပြီး ဘတ်ရှူအာရီ၏ သွင်းဂိုးနှစ်ဂိုးနှင့်အတူ နှစ်ဂိုး-တစ်ဂိုးဖြင့် ဆွစ်ဇာလန်အသင်းကို အနိုင်ရရှိထားသည်။ အင်္ဂလန်အသင်းကလည်း ယခုပွဲစဉ်မတိုင်မီ နိုဝင်ဘာ ၁၃ ရက်က အိုင်ယာလန်အသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားခဲ့ပြီး မက်ဂွိုင်းယား၊ ဆန်ချို၊ ကားဗက်လီဝင်တို့၏ သွင်းဂိုးများနှင့်အတူ သုံးဂိုး- ဂိုးမရှိဖြင့် အိုင်ယာလန်အသင်းကို အနိုင်ရရှိထားသည်။

ဘယ်လ်ဂျီယံအသင်းနှင့် အင်္ဂလန်အသင်းတို့ နောက်ဆုံးအကြိမ် ထိပ်တိုက်တွေ့ဆုံမှုမှာ နေးရှင်းလိဂ်ပြိုင်ပွဲ ပွဲစဉ် (၃)တွင်ဖြစ်ပြီး အင်္ဂလန်အသင်းက ရက်ဖို့ဒ်၊ မေဆင်မောင့်တို့၏ သွင်းဂိုးများနှင့်အတူ နှစ်ဂိုး- တစ်ဂိုးဖြင့် ဘယ်လ်ဂျီယံအသင်းကို အနိုင်ရရှိထားသည်။ ယခုပွဲစဉ်တွင် ဘယ်လ်ဂျီယံအသင်းက အင်္ဂလန်အသင်းကို အနိုင်ရရှိပြီး ဒိန်းမတ်အသင်းက အိုက်စလန်အသင်းကို ရှုံးနိမ့်ခဲ့ပါက ဘယ်လ်ဂျီယံအသင်းအနေဖြင့် နေးရှင်းလိဂ်ဆီမီးဖိုင်နယ်သို့တက်ရောက်ခွင့် ရရှိမည်ဖြစ်သည်။ အင်္ဂလန်အသင်းကလည်း ယခု ဘယ်လ်ဂျီယံအသင်းနှင့် ပွဲစဉ်ကို ရှုံးနိမ့်ခဲ့လျှင် နေးရှင်းလိဂ်ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်ခွင့် လွဲချော်မည်ဖြစ်သည့်အတွက် ဘယ်လ်ဂျီယံအသင်းကို အနိုင်ရရှိအောင် ပြင်ဆင်လာဖွယ်ရှိနေသည်။ ထို့ကြောင့် ယခုပွဲစဉ်သည် နှစ်သင်းစလုံးအတွက် အမှားခံလို့မရသည့် အခြေအနေတွင် ရှိနေသည်။

ရော်ဘတ်တို မာတီနက်ဇ် တာဝန်ယူ ကိုင်တွယ်နေသည့် ဘယ်လ်ဂျီယံအသင်းသည် ယခုပွဲစဉ်၌ တိုင်လီမန်းစ်ကို အသုံးပြုလာဖွယ် ရှိနေသော်လည်း ၎င်း၏လက်စတာအသင်းဖော် တင်မိုသီကက်စ်တိတ်အနေဖြင့် လွဲချော်ဖွယ်ရှိနေသည်။ ထို့အပြင် အီဒင်ဟာဇက်လည်း ယခုပွဲစဉ်ကို လွဲချော်ဖွယ်ရှိနေကြောင်း သိရသည်။ ဒရိုင်းစ်မာတင်စ်က ဒဏ်ရာရရှိနေသော ကာရက်စ်ကို၏ နေရာတွင် ပါဝင်လာဖွယ်ရှိနေသည်။ ဆောက်ဂိတ်၏ အင်္ဂလန်အသင်းသည် ဒိန်းမတ်အသင်းကို ရှုံးနိမ့်ခဲ့သော ပွဲစဉ်တွင် အနီကတ်ပြစ်ဒဏ်ကြောင့် ယခုပွဲစဉ်ကို မက်ဂွိုင်းယားနှင့် ဂျိမ်းစ်တို့ ပါဝင်လာဖွယ်မရှိချေ။ ဂျိုးဂိုမက်ဇ်နှင့် အလက်ဇန္ဒြားအာနိုးတို့သည် ဒဏ်ရာကြောင့် ယခုပွဲစဉ်ကို ပါဝင်ကစားရန် သံသယအနေအထားတွင် ရှိနေသည်။ ထို့အပြင် ခံစစ်ကစားသမားတစ်ဦးဖြစ်သူ ကော်နာကုတ်ဒီသည်လည်း ကိုဗစ်- ၁၉ ကူးစက်ခံထားရသူနှင့် ထိတွေ့သည်ဟုဆိုကာ သီးသန့်ခွဲခြားစောင့်ကြည့်ခံထားနေရသည့်အတွက် ပါဝင်လာဖွယ်မရှိချေ။

ဘယ်လ်ဂျီယံအသင်းသည် ယခုပွဲစဉ်ကို ကော့တွိုက်စ်၊ အယ်ဒါဝီရယ်၊ ဒီနေယာ၊ ဘိုယာတာ၊ မူနီယာ၊ တိုင်လီမန်းစ်၊ ဝစ်ဆဲလ်၊ သောမတ်စ် ဟာဇက်၊ ဒီဘရိုင်းစ်၊ မာတင်စ်၊ လူကာကူတို့ကိုအသုံးပြုကာ အင်္ဂလန်အသင်းကို ရင်ဆိုင်လာဖွယ်ရှိနေသည်။ အင်္ဂလန်အသင်းကလည်း ပစ်ဖို့ဒ်၊ ဝေါ်ကာ၊ မိုက်ကယ်ကိန်း၊ ထရစ်ပီယာ၊ ဟန်ဒါဆန်၊ ရိုက်စ်၊ ချီဝဲလ်၊ စတားလင်း၊ ဆန်ချို၊ ကိန်းတို့ကို အသုံးပြုကာ ဘယ်လ်ဂျီယံအသင်းကို ရင်ဆိုင်လာဖွယ်ရှိနေသည်။ **အောင်ဇော်**


## ဗေဒတီဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးဇော်ဇော် အားကျေးဇူးအထူးတင်ရှိကြောင်း

အခုလို မြန်မာနိုင်ငံတွင် Covid-19 ကပ်ရောဂါဒုတိယလှိုင်းဖြစ်ပွားနေချိန်တွင် ဗေဒတီဖောင်ဒေးရှင်းမှ ဦးဇော်ဇော် ကိုယ်တိုင်ဦးဆောင်ကာ ရောဂါကူးစက်ခံရမှာကို သတိမမူနိုင်လောက်အောင် ကိုယ်ဖိရင်ဖိ အင်တိုက်အားတိုက် ကိုယ်တိုင်းသူပြည်သားတို့အတွက် အမှန်တကယ်လိုအပ်နေသော ကုသရေးစင်တာများ၊ ရောဂါဖြစ်ပွားနေသူများအတွက် နေ့စဉ်အစားအသောက်များ၊ ကုသပေးသော ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် အနေအထိုင်၊ အစားအသောက်များနှင့် သွားလာမှုတို့အဆင်ပြေစေရန် ဆောင်ရွက်ပေးခြင်းတို့ကြောင့် ဦးဇော်ဇော်၏ဖြူစင်မြင့်မြတ်လှသော စေတနာ၊ မေတ္တာတို့ကို သိသိသာသာ ထင်ထင်ရှားရှား တွေ့မြင်လိုက်ရသဖြင့် ယခုထက်မက အဆပေါင်းများစွာ ပိုမိုအောင်မြင်စေလိုကြောင်း အမှတ် (၄၅)၊ ၅၄ လမ်း၊ ပုဇွန်တောင် ၂ ရပ်ကွက် တွင်နေထိုင်သော ကိုကျော်ဇေယျအောင်မှ ဦးဇော်ဇော်အား ကျေးဇူးအထူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။





**နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**


### ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### သရက်မြို့နယ်တရားရုံးတော်၌
### ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ်-၁၄

| | | |
|---|---|---|
| ဒေါ်လှိုင်လှိုင်ထွန်း | နှင့် | ၁။ ဒေါ်နှင်းလွင်ဦး<br>၂။ ဒေါ်စန်းစန်းမြင့် |
| တရားလို | | တရားပြိုင်များ |

မကွေးတိုင်းတိုင်းဒေသကြီး၊ သရက်မြို့နယ်၊ အနောက်ရပ်တောင်ပိုင်းရပ်ကွက်၊ သတ္တဌာနဘုရားလမ်းနေ (၁)တရားပြိုင် ဒေါ်နှင်းလွင်ဦး(ဘ)ဦးဝင်းလွင်စိုး(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ကုန်ဖိုးရင်းနှီးမတည်ပေးငွေမှ ပေးဆပ်ရန်ကျန်ငွေ ကျပ် ၁၄သိန်းရလိုမှုလျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေ နှင့်ဖြစ်စေ ၂၀၂၀ပြည့်နှစ် ဒီဇင်ဘာ ၁၀ရက် (၁၃၈၂ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင်အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်အတွင်း သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စား လှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် နိုဝင်ဘာ ၁၁ရက်အတွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(အိသူဇာမြင့်)
ဒုတိယမြို့နယ်တရားသူကြီး
သရက်မြို့နယ်တရားရုံး



### အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၀)၊ လူနေရပ်ကွက်အမှတ်(-)၊ မြေကွက်အမှတ်-၂၆၃(ခ)၊ (အလျား ၂၂ပေ × အနံ ၆၀ပေ) နှစ် (၆၀)မြေငှားဂရန်၊ ဧရိယာ (၀.၀၃၀) ဧကရှိ ဦးသန်းထိုက်အမည်ပေါက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တည်ဆောက်ထားသော ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ (၂၀) ရပ်ကွက်၊ အောင်သိဒ္ဓိ (၂) လမ်း၊ အမှတ်-၂၆၃(ခ) ရှိ အုတ်ခံ(၁)ထပ်၊ ထပ်ခိုးပါ၊ သွပ်မိုးနေအိမ် အဆောက်အအုံနှင့်တကွ လျှပ်စစ်မီး+ရေ အပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ဖခင်ဖြစ်သူ ဦးသိန်းစိုးထံမှ သမီးဖြစ်သူ ဒေါ်အိမ်မြစိုး (၁၂/ဒဂတ (နိုင်) ၀၆၃၄၄၁)က "(၁-၁-၂၀၂၀) ရက်စွဲပါ မြေကွက်နှင့်နေအိမ် အရောင်းအဝယ်ကတိစာချုပ်" ဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးမြင့် (ဘဏ်) (စဉ်-၆၀၆၅/၉၄) ဒေါ်အိအိအေး (စဉ်-၄၇၆၈၆) ဒေါ်ပြည့်ပြည့်အောင် (စဉ်-၄၉၂၂၁)

တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ

အမှတ်(၈၃)၊ အခန်း(၁၁)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။

ဖုန်း - 09 5167237, 09 796290305, 09 423744414


**သစ်တောမှန်လျှင်**

**အသုံးဝင်၊**

**အစဉ်ထာဝရ**

**ထိန်းသိမ်းကြ**

# လက်ထပ်ပြီးစီးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ၉ မိုင် ပြည်လမ်း၊ ယိုးဒယားလမ်းသွယ်၊ ခြံအမှတ်(၁၃)နေ ဦးမောင်ဖေ [ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)-ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန]-ဒေါ်လှမေမြင့် တို့၏သားကြီး

**ဗိုလ်ကြီးအာကာဖေ**

M.B,B.S(DSMA),Diploma in Anatomical Pathology(Moscow),MMed.SC(Clinical Pathology),

အမှတ်(၁)၊ တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀)

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ဗိုလ်မှူးဗထူးလမ်း၊ ဗိုလ်မှူးဗထူးအိမ်ရာ၊တိုက်(A3-803)နေ ဦးစိုးလွင်ဦး-ဒေါ်မြမြဦး[ဦးစီးအရာရှိ (ငြိမ်း)-လဝက] တို့၏သမီး

**မဥမ္မာမေမောင် (AMY)**

B.SC(Chemistry),Flight Attendant(Myanmar Airways International)

တို့သည်နှစ်ဖက်သောလူကြီးမိဘများနှင့်ရန်ကုန်တိုင်းဒေသကြီး၊ တရားလွှတ်တော်၊ဒုတိယညွှန်ကြားရေးမှူး ဒေါ်တင့်တင့်မော် တို့၏ရှေ့မှောက်၌ ၁၂-၁၁-၂၀၂၀ ရက်တွင် လက်မှတ်ရေးထိုးပြီးဖြစ်ပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်ကြီးအာကာဖေ-မဥမ္မာမေမောင်(AMY)**

ဖျံ-၅-ကောင်
အမှတ်တံဆိပ်
ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၂၁၄/၀၆၁၈
GENEVA GOLDSTAR FOR QUALITY
ဆီးချို-သွေးချိုကျဆေးနှင့် သွေးတိုးကျဆေးကို
ရန်ကုန်မြို့ မန္တလေးနှင့် တောင်ကြီးမြို့ရှိ မြန်မာဆေးအရောင်းဆိုင်ကြီးများမှ
တဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။
ပင်ရင်း - ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ)
Ph.D (Alternative Medicines)
LONDON QUALITY CROWN QC 100
ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း။ အမှတ်-၁၃၉(မြေညီထပ်)၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း- 01- 838 0175 / 839 2594

မူးလျှင်ရှူ-မောလျှင်သောက်
ရွှေမန်းတောင်
အမှတ်တံဆိပ်
TMR000849(0519)
ကြော်ငြာခွင့်ပြုချက်အမှတ်-တဆဝက(စာနယ်ဇင်း)၁၄၅/၀၁၁၇
ပန်းပေါင်းစုံ သွေးဆေး
အမူးအမောများခြင်း၊ ထိုင်မော၊ ထမောဖြစ်ခြင်း၊ နှစ်ခြိုက်စွာအိပ် မပျော်ခြင်း၊
အစားအသောက်ပျက်ခြင်း၊ အသားအရေ စိုပြေမှု ကင်းခြင်း၊ တင်းတိပ်ထွက်ခြင်း၊
မီးယပ်ကွက်များ ထွက်ခြင်းနှင့် မီးယပ်သွေးဆုံးရောဂါများအတွက်
မြန်မာ့ဆေးစွမ်းကောင်း
ရွှေမန်းတောင်ဆေးဝါးစက်ရုံ - အမှတ်(၁၁၆၅ - ၆၆ - ၆၇)၊ စက်မှုလမ်းမကြီး၊ (၆၃)ရပ်ကွက်၊ တောင်ဒဂုံစက်မှုဇုံ(၂)၊ ရန်ကုန်မြို့။ ဖုန်း(၀၁)၅၉၀၀၁၃၄
ရွှေမန်းတောင်တိုင်းရင်းဆေးဝါးဖြန့်ချိရေး - အမှတ်(၁၀၂)၊ ၃၈လမ်း၊ရန်ကုန်မြို့။ ဖုန်း - (၀၁)၃၇၆၈၀၈၊ ၅၄၉၀၄၂(Res:)၊၀၉ - ၈၅၉၈၄၅၃

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မကွေးမြို့၊ ကန်သာရပ်ကွက်၊ ကွင်းအမှတ် (၁၆၄၇-အလယ်ရပ်)၊ ဦးပိုင်အမှတ်D-၁၀၆(က)၊ဧရိယာ ၀ ဒသမ ၀၃၀ ဧကရှိ မြေကွက်ကို ဒေါ်ခင်သန္တာလွင်အမည်ဖြင့် ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားများဖြင့် မကွေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ကော်လိတ္တော်အရာရှိ)ထံ မြေငှားဂရန်အမည်ပြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူရှိပါက ခိုင်လုံသည့်စာရွက်စာတမ်းအထောက်အထားဖြင့် မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် လည်းကောင်း၊ မကွေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် လည်းကောင်း ဤသတင်းစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်-

**ကော်လိတ္တော်အရာရှိ**
**မကွေးခရိုင်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းဝန်းကျင်ရပ်ကွက်၊ အကွက်အမှတ်(၇၃၄)၊ဦးပိုင်အမှတ် (၁၀၀-က+၁၀၁-က)၊၂၈x၂၉ကြား၊၇၁x၇၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးလေဖု ၉/မကန(နိုင်)၀၅၅၅၃၇၊ ဒေါ်အေးမွန် ၉/မကန(နိုင်)၀၅၅၅၄၃ တို့က သက်တမ်းတိုး လျှောက်ထားခဲ့ရာ ဂရန်မိတ္တူဖြစ်ပါ၍ ဂရန်ပေါ်တွင် "ဂရန်မူရင်း ပျောက်ဆုံးသည်ဟု လျှောက်ထားလာသဖြင့် ရုံးလက်ခံနှင့်စိစစ်၍ ဂရန်မိတ္တူ ထုတ်ပေးခြင်းဖြစ်သည်။ ဂရန်စာချုပ်မူရင်းပြန်လည်တွေ့ရှိပါက ယခုထုတ်ပေးသော မိတ္တူမှန်သည် ပျက်ပြယ်သည်"ဟူသော မင်နီမှတ်ချက် ရေးသားခြင်းအားပယ်ဖျက်၍ သားရေဖုံးဂရန်စာချုပ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊သင်္ဃန်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ သမာဓိ(၂)လမ်း၊ အမှတ်(၁)တွင်နေထိုင်သူ ဒေါ်ဝါဝါထွန်း ၁၂/သဃက(နိုင်)၁၆၈၇၅၈ ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၅၅)ရပ်ကွက်၊ သုခနုလမ်း၊အမှတ်(၉၆၇)ဟုခေါ်တွင်သော အလျား၁၀ပေxအနံ၆၀ပေရှိ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသောအိမ်ကို ဒေါ်ဝါဝါထွန်းမှ လက်ရှိထားပိုင်ဆိုင်အကျိုးခံစားလျက်ရှိကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။၎င်းမြေကွက် အိမ်တို့နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများနှင့်တကွ ယနေ့သတင်းစာကြေညာပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသိမ်းထူးB.A;H.G.P**
**အထက်တန်းရှေ့နေ-၁၃၅၄၉**
**အမှတ်(၈၁)ရတနာမဥ္ဇူလမ်း**
**ဆ/ကရပ်ကွက်၊သင်္ဃန်းကျွန်းမြို့နယ်**
**ဖုန်း-၀၉-၇၃၀၁၉၁၀၅၊ ၀၉-၁၉၉၂၁၆၅၁၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ ရာဇသင်္ကြန်(၈)လမ်း အမှတ်(၃၂၉)နေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခိုင်ဆုယဉ်(ခ) ဒေါ်ခိုင်ဆုရင် ၁၂/စခန(နိုင်) ၀၆၈၀၇၉ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ကျောက်ကုန်းလမ်း၊ (၄)လွှာ၊ ခေါင်းရင်းခန်း အမှတ် (၂၈/ဂ)၊အကျယ်အဝန်း(၁၅x၈၀)ပေခန့်ရှိ ကွန်ဒိုတိုက်ခန်း (၁)ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာအပါအဝင် တိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဒေါ်မာမာအေး ၁/မကန(နိုင်)၀၁၆၈၉၃မှ မိမိသာလျှင် တရားဝင်ပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး အခြားသူတစ်ဦးတစ်ယောက်အားရောင်းချထားခြင်း၊ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်းမရှိကြောင်းဝန်ခံ၍ အဆိုပါတိုက်ခန်းအားရောင်းချရန်အဆိုပြုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ၂၁-၇-၂၀၂၀ရက်တွင် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်းကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သီတာအေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၆၇)၊ ရော(၉)လမ်း၊**
**(ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၅၀၄၀၆၉၄၊၀၉-၇၆၅၀၄၀၆၉၄**

**သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
### စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
### စိုက်ပျိုးရေးသုတေသနဦးစီးဌာန
### နေပြည်တော်-ရေဆင်း

၁။ စိုက်ပျိုးရေးသုတေသနဦးစီးဌာနအတွက် အောက်ပါတည်ဆောက်ရေးလုပ်ငန်း (၁၅)ခု Lot (၇)ခုကို မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) -24' x 24' x 12.5' Screen House (ရောဂါပျိုးခြံ) ဆောက်လုပ်ခြင်း (Steel Structure) (လေအေးပေးစနစ်အပါအဝင်) (၁)လုံး — 1 Lot
- (L 106' x W 32' x H 17') RC- ၁ ထပ် မိဘလိုင်းနှင့် သားဆက်လိုင်းများထားရန် အအေးခန်းသိုလှောင်ရုံတည်ဆောက်ခြင်း (ရေ၊ မီး၊ မိလ္လာ၊ Ground Tank အပါအဝင်) (၁) လုံး

(ခ) (၁၂' x ၄၀' x ၁၅') Steel Structure Open Stand ဆောက်လုပ်ခြင်း (၁)လုံး — 1 Lot

(ဂ) - Laboratory Renovation လုပ်ငန်း(၄)ခန်း (မီးလိုင်းသွယ်တန်းခြင်း အပါအဝင်) — 1 Lot
Renovation Room for Water Lab (၃) ခန်း (မီးလိုင်းသွယ်တန်းခြင်း အပါအဝင်)

(ဃ) - ပိုးမွေးခန်းပြင်ဆင်ခြင်း(၂)ခန်း(မီးလိုင်းသွယ်တန်းခြင်းအပါအဝင်) — 1 Lot
- (၁) 7200mm x 6900 mm, (၂) 7200 mm x 3000 mm
(၁၀၀'x၆၀') သံဇကာခြံပြုပြင်ခြင်း (၁)လုံး

(င) - (၁၇၀'x၄၀'x၃၆') စီမံ (၃)ထပ်ရုံး မွမ်းမံပြင်ဆင်ခြင်း — 1 Lot
ဆီဆေးရေဆေးသုတ်ခြင်း(ပြင်ဆင်ခြင်းအပါအဝင်) (၁)ခု
ရေဆေးသုတ်ဧရိယာ ၂၆၀.၃၆ ကျင်း ဆီဆေး ၁၀၆ ကျင်း
- 4 Angle A.34 သွပ်မိုးလဲခြင်း (၅၆၄၀ စ/ပ၊ ကွန်ကရစ် (၃၅' x ၃၇' x ၀.၅')လောင်းခြင်း(၁)ခု
-လျှပ်စစ်မီးများသွယ်တန်းခြင်း(၁)ခု

(စ) - 8" Ø အဝီစိစက်ရေတွင်းနှင့် ဂါလန် (၅၀၀၀) ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်း(၁)ခု — 1 Lot
- 8" Ø အဝီစိစက်ရေတွင်းနှင့် ဂါလန် (၂၀၀၀၀)ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်း (၁)ခု
ရေကန် (ဂါလန် ၃၀၀၀၀ ဆံ့)နှင့် 27' x 27' x 6' ရေသန့်စက်ရုံ တည်ဆောက်ခြင်း(၁)ခု
ရေကန် (ဂါလန် ၂၀၀၀၀ ဆံ့) နှင့် 23' x 23' x 6' ရေသန့်စက်ရုံ တည်ဆောက်ခြင်း (၁) ခု

(ဆ) Removable Rain-out Shelter (200'x50'x20') အလျား ၂၀၀' (၁၀၀' အမိုးပါ + ၁၀၀' အမိုးမပါ) — 1 Lot

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၄-၁၁-၂၀၂၀ (ရုံးချိန်အတွင်း)
၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - စိုက်ပျိုးရေးသုတေသနဦးစီးဌာန (ရုံးချုပ်) စီမံခန့်ခွဲရေးဌာနစု
၄။ **တင်ဒါလျှောက်လွှာအရောင်းပိတ်ရက်** - ၁၈-၁၂-၂၀၂၀ ရက် ညနေ(၁၆:၃၀)နာရီ
၅။ **တင်ဒါလျှောက်လွှာ တင်သွင်းရမည့်ရက်** - ၂၄-၁၂-၂၀၂၀ ရက် ညနေ (၁၆:၃၀) နာရီ
၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၃၄၁၆၅၉၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**စိုက်ပျိုးရေးသုတေသနဦးစီးဌာန**

## စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
### စိုက်ပျိုးရေးဦးစီးဌာန
### မြန်မာ့စိုက်ပျိုးရေးကဏ္ဍရှင်သန်နိုးကြားမှုမြှင့်တင်ခြင်းစီမံကိန်း
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

Tender No-FARM/ITB/W/21/01,02,03,04and 05

၁။ နေပြည်တော်ကောင်စီနယ်မြေအတွင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနသည် အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေအဖွဲ့(IFAD)နှင့်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရတို့၏ ရန်ပုံငွေ အထောက်အပံ့တို့ဖြင့် မြန်မာ့စိုက်ပျိုးရေးကဏ္ဍ ရှင်သန်နိုးကြားမှုမြှင့်တင်ခြင်း (Fostering Agricultural Revitalization In Myanmar-FARM)စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂။ FARM စီမံကိန်း၏ နေပြည်တော်ကောင်စီနယ်မြေရှိ မြို့နယ်ငါးမြို့နယ်(လယ်ဝေး၊ ပျဉ်းမနား၊ တပ်ကုန်းနှင့် ဇေယျာသီရိ)အတွင်းတွင် အောက်ဖော်ပြပါ ဆောက်လုပ်ရေးလုပ်ငန်း (၅)မျိုး အတွက် မြန်မာကျပ်ငွေဖြင့် ပြင်ပလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(၁) အသိပညာပေးစင်တာရုံး (၁)လုံး တည်ဆောက်ခြင်း (Steel Structure Construction 68'x36')
(၂) အသိပညာပေးစင်တာရုံး(၂၇)လုံး ခြံစည်းရိုးကာရံခြင်း (Chain Link With Brick Foundation and MS Gate Door Construction)
(၃) အသိပညာပေးစင်တာရုံး (၂၇)လုံး ပြင်ဆင်ခြင်း (Knowledge Centers Renovation)
(၄) အသိပညာပေးစင်တာရုံး(၁၀)လုံး အခန်းတိုးချဲ့တည်ဆောက်ခြင်း (Extend Room with steel Structure Construction 27'x36')
(၅) အသိပညာပေးစင်တာရုံးများတွင် ပြင်ပနှစ်ခန်းတွဲအိမ်သာ (၃၄)လုံး ဆောက်လုပ်ခြင်း (Two Unit Toilet (8'x4'x8')septic Tank (13'-6''x6'x6')

၃။ **တင်ဒါပုံစံစတင်ထုတ်ပေးမည့်ရက်** - ၁၆-၁၁-၂၀၂၀ရက်(ရုံးချိန်အတွင်း)
**တင်ဒါပိတ်မည့်ရက်နှင့် အချိန်** - ၁၄-၁၂-၂၀၂၀ရက်(ညနေ ၄နာရီ)

တင်ဒါဖွင့်ဖောက်စစ်ဆေးမှုအား Onlineမှတစ်ဆင့် ပြုလုပ်မည်ဖြစ်ပါသဖြင့် လုပ်ငန်းဆောင်ရွက်မည့်ရက်နှင့်အချိန်အား ထပ်မံအကြောင်းကြားပေးမည်ဖြစ်ပါသည်။

၄။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို Online မှ တစ်ဆင့် Farmprojectpcu@gmail.comသို့ ဆက်သွယ်၍ နေ့စဉ်ရုံးချိန်အတွင်း တင်ဒါခေါ်ယူထားသော လုပ်ငန်းအမျိုးအစားအလိုက် သတ်မှတ်ထားသည့်တင်ဒါလျှောက်လွှာကြေးများဖြင့် ရယူလျှောက်ထားနိုင်ပါသည်။

**တင်ဒါကော်မတီ**
**(FARM Project)ပခ(၃၆)၊ ခရိုင်စိုက်ပျိုးရေးရုံးဝင်း၊ ပုဗ္ဗသီရိမြို့နယ်၊**
**နေပြည်တော်၊ ဖုန်း-၀၆၇-၅၅၀၄၃၇**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ၂၈ ရပ်ကွက်၊ အောင်ရိပ်သာလမ်း၊ မြေကွက်အမှတ် ၄၄/၉၃၊အကျယ်အဝန်း(၄၄x၆၀)ပေရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ဦးချစ်အောင်ကွယ်လွန်သဖြင့် တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်သူ ဒေါ်ခင်မာကြည် ၁၂/ကမတ(နိုင်)၀၄၄၈၀၈ထံမှ ကျွန်မ ဒေါ်မေဖူးသက် ၇/တငန(နိုင်)၁၄၃၆၈၀က ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်မထံသို့ စာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ ၁၀ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မေဖူးသက်**
**ဖုန်း-၀၉-၄၃၀၁၆၄၆၂**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ပြန်ကြားရေးဝန်ကြီးဌာန
### အခြေခံပညာကျောင်းသုံးစာအုပ်အဖုံး(၄)ရောင် ပုံနှိပ်ဆောင်ရွက်ရန်
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနမှ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် ရိုက်နှိပ်သော အခြေခံကျောင်းသုံးပြဋ္ဌာန်းစာအုပ်များအနက်မှ အောက်ပါအရေအတွက်အတိုင်း အဖုံး(၄)ရောင်ပုံနှိပ်ဆောင်ရွက်ရန် ကုန်ကြမ်းပေးကုန်ချောယူစနစ် (သယ်ယူပို့ဆောင်စရိတ်နှင့် ပုံနှိပ်ခအပါအဝင်)တင်ဒါခေါ်ယူအပ်ပါသည်-

(က) ရန်ကုန် ၄၄၉၇၇၆၁
(ခ) မန္တလေး ၃၈၀၅၆၁၄

၂။ အိတ်ဖွင့်တင်ဒါများကို ၁၄-၁၂-၂၀၂၀ ရက်မှ ၁၃-၁-၂၀၂၁ ရက်အထိ နေ့စဉ် နံနက် ၉:၃၀ နာရီမှ ၁၆:၀၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ ရုံးအမှတ်(၇)၊နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၃-၁-၂၀၂၁ ရက်တွင် နံနက် ၉:၃၀နာရီမှ ၁၆:၀၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါ အဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၇၄၊၀၆၇-၄၁၂၇၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| **တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ** | **တင်ဒါတင်သွင်းရန်လိပ်စာ** |
| **ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန** | **ကုန်ကြမ်းများဝယ်ယူရေးနှင့်စိစစ်ရေးကော်မတီ** |
| **ပြန်ကြားရေးဝန်ကြီးဌာန** | **ပြန်ကြားရေးဝန်ကြီးဌာန** |
| **ရုံးအမှတ်(၇)၊နေပြည်တော်** | **ရုံးအမှတ်(၇)၊နေပြည်တော်** |
| **ဖုန်း-၀၆၇၃-၄၁၂၃၇၄၊ ၀၆၇၃-၄၁၂၃၇၅** | **ဖုန်း-၀၆၇၃-၄၁၂၃၇၅၊၀၆၇၃-၄၁၂၃၇၄** |

## ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
### တနင်္သာရီတိုင်းဒေသကြီး
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တာပုံစံကျပြုလုပ်ခြင်းလုပ်ငန်း(၁)ခုနှင့် ချောင်းကောတူးဖော်ခြင်းလုပ်ငန်း(၁)ခု ဆောင်ရွက်လို၍ မြန်မာနိုင်ငံသားပိုင်လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၆-၁၁-၂၀၂၀ရက်(ရုံးချိန်အတွင်း)
(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၅-၁၂-၂၀၂၀ရက်(၁၆:၀၀)နာရီထိ
(ဂ) **တင်ဒါဖွင့်မည့်ရက်/နေရာ** - ထပ်မံအကြောင်းကြားပါမည်။
(ဃ) **တင်ဒါတင်သွင်းရန်လိပ်စာ** - ဒုတိယညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန၊မင်္ဂလာသီတာလမ်း၊ ဝဲကျွန်းထိန်လယ်ရပ်၊ထားဝယ်မြို့ ဖုန်း-၀၅၉-၂၀၂၁၇၃၊၀၅၉-၂၀၂၁၇၁၄

**တင်ဒါကော်မတီ**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
### ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရှိ လုပ်ငန်းတာဝန်ခံအဖွဲ့များတွင် အသုံးပြုရန်အတွက်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | ပုံနှိပ်စက္ကူ(Art Card) | ၂၀၀ ထုပ် |
| ၂။ | ပုံနှိပ်စက္ကူ(Wood Free Paper) | ၅၂၀၀ ထုပ် |
| ၃။ | Abate(ခြင်သားလောင်းမပေါက်ပွားဆေး) | ၅၀၀ ပုံး |
| ၄။ | ခွေးအဆိပ်ဆေး | ၂၀ kg |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၆-၁၁-၂၀၂၀ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂-၁၂-၂၀၂၀ရက် (၁၂:၀၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံအားမြို့တော်ခန်းမ(ပထမထပ်)ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန၊ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၁-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်းဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့၊ ဟန်းတဲရပ်ကွက် OSS၊ ရွှေပြည်သာမြို့ကွက်သစ်၊ အကွက်အမှတ်(၁၅၇၆)၊ ဦးပိုင်အမှတ်(၁၅၄၇)၊ဧရိယာ ၀ ဒသမ ၁၃၈ ဧကရှိမြေကိုဦးဇော်လင်းထွန်း ၁/ ဗမန(နိုင်)၀၃၄၁၇၇ ထံမှ ဦးတင်ထွန်း ၁/ဗမန(ပြု)၀၀၀၀၇၇ က ၁၀-၃-၂၀၂၀ ရက်တွင် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ယခုအခါ ဦးတင်ထွန်းအမည်ဖြင့် မြေငှားဂရန်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့် ၁၄ ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း။

**ဦးတင်ထွန်း**
**အရှေ့သာစည်ရပ်၊ဗန်းမော်မြို့**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျီးတန်းမြောက်/အရှေ့ရပ်ကွက်၊ ဥယျာဉ်လမ်း၊အမှတ်-၃၅ ဟု ခေါ်တွင်သော (၈)ထပ်တိုက်မှ အကျယ်အဝန်း(၁၂ ၁'/၂ x၅၀')ပေခန့်ရှိ မြေညီထပ် (ခေါင်းရင်းခန်း)ရေ၊မီး၊အစုံပါရှိသည့်တိုက်ခန်းကို ဥပဒေနှင့်အညီ တရားဝင်လက်ရှိထား ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံအဆိုပြုသူ ဒေါ်ဥမ္မာ၁၂/ကမတ(နိုင်)၀၃၅၂၂၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဥမ္မာညွန့် ၁၂/ဥကတ (နိုင်) ၀၆၁၂၁၄ က အပြီးအပိုင် လွှဲပြောင်းဝယ်ယူပြီး တိုက်ခန်းနှင့်တကွပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများအားလုံးကို လက်ရောက်ရရှိပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်သူ၏ ညွှန်ကြားချက်ဖြင့်-**
**ဒေါ်နေရီရီလင်းLL.B,D.B.L,D.I.L,D.M.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၃၈)**
**အမှတ်-၅၆၁၊ ပထမထပ်၊ ကုန်သည်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ၇/၂၀၁၇၊ တသထလ/တိုး(၅၄)၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်(ဆေးပြား) - TMR 004815(0320) / (ဆေးမှုန့်)TMR 000394(0320)
RE GD.
ဝေဟင်ပြင်မှာ ဘုံဗိမာန်ပေါ်ရာ အောင်ဆိုးနေဝါဒေနျှင်း ကွမ်းရှက်ပုံ ဆေးကောင်း
မြန်မာ့တိုင်းရင်း ဆေးဖက်ဝင် စစ်မှန်သော ပရဆေး ပစ္စည်းများဖြင့် ဖော်စပ်ထားသောကြောင့် အံ့ ဩ လောက် အောင်အထူးပင် ဆေး စွမ်းထက်မြက်လှပါသည်။

များနာကိုက်ခဲ တုပ်ကွေးပျောက်လို့ နာမည်ကျော်
ဆေးစွမ်းထက်လို့နာမည်ကျော် ပြည်သူ့ကျန်းမာရေးအကျိုးမျှော်
စိန်ဘယက် ငန်းနီကျော်
အမျိုးသမီးများသွေးသားနှင့်ပတ်သက်၍ ကိုက်ခဲခြင်းကင်းပြီး သွေးသားစိုပြည် လှပစေပါသည်။

## ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ရခိုင်ပြည်နယ်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း၌ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဘဏ္ဍာနှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်ရန် ရှိပါသဖြင့် ဆောင်ရွက်လိုသော မြန်မာနိုင်ငံသားပိုင် ဆောက်လုပ်ရေးလိုင်စင်ရ ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်-

| Lot | လုပ်ငန်းအမည် |
|---|---|
| Lot(1) | ပင်မစာသင်ဆောင်နှင့်အုပ်ချုပ်မှုအဆောင် RC (၃)ထပ်ဆောက်လုပ်ခြင်း |
| | (က) (၁၅၀'x၈၀') (၁)ထပ်အဆောက်အဦ (၁)လုံး (ရေ၊ မီး၊ ပါ) |
| | (ခ) (၁၀၀'x၅၀') (၃)ထပ် အဆောက်အအုံ (၂)လုံး (ရေ၊ မီး၊ ပါ) |
| Lot(2) | သင်တန်းသား/သူများ အိပ်ဆောင် (၄၂'x၂၀၀')RC (၃)ထပ်၊ (၁)လုံး (ရေ၊ မီး၊ ပါ) |
| Lot(3) | (၁) ထမင်းစားဆောင် (၁၀၀'x၇၀') RC(၃)ထပ် (၁)လုံး (ရေ၊ မီး၊ ပါ) |
| | (၂) ထမင်းချက်ဆောင် (၂၀'x၅၉' . ၃'')RC (၁)ထပ် (၁)လုံး) (ရေ၊ မီး၊ ပါ) |
| Lot(4) | (၁) အစောင့်ဂိတ်တဲ (၁၀'x၁၀') RC (၁)လုံး |
| | (၂) ၄'' (၃၀၀' အရှည်) ရေရရှိရေးစက်ရေတွင်း (၁)တွင်း တူးဖော်ခြင်း |
| | (၃) စင်မြင့်ရေလှောင်ကန် (၁၀၀၀)ဂါလန်ဆံ့ (၂၀)လုံးတည်ဆောက်ခြင်း |
| | (၄) မြေပြင်ရေလှောင်ကန် RC (Ground Tank) (၂၀၀၀၀)ဂါလန်ဆံ့ (၂)လုံး |
| | (၅) ထရန်စဖော်မာ (315 KVA) (၁)လုံး |
| | (၆) 11. KV (1000') လျှပ်စစ်မီးသွယ်တန်းခြင်း |
| | (၇) သင်တန်းကျောင်းဆိုင်းဘုတ် (၁၄'x၉'x၉') |

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို စစ်တွေမြို့၊ သူနာပြုနှင့်သားဖွား သင်တန်းကျောင်းတွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပြီး ၁၁-၁၂-၂၀၂၀ရက် ညနေ ၄:၀၀ နာရီနောက်ဆုံးထား၍ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း စစ်တွေမြို့သို့ အဆိုပြုလွှာများကို တင်သွင်းရမည်ဖြစ်ပါသည်။

၃။ လုပ်ငန်းလိုအပ်ချက်အရ Lot နံပါတ် အပြောင်းအလဲရှိနိုင်သည်။ အိတ်ဖွင့်တင်ဒါနှင့် ပတ်သက်၍ သိရှိလိုပါက အသေးစိတ်အချက်အလက်များကို သူနာပြုနှင့် သားဖွားသင်တန်းကျောင်း၊ ရှုခင်းသာလမ်း၊ စစ်တွေမြို့၊ ဖုန်း-၀၉-၄၂၁၇၁၅၇၁၆၊ ၀၉-၄၅၈၄၀၅၀၈၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ -၂၀)
## ကော့သောင်းခရိုင်တရားရုံး၌
## ၂၀၂၀ပြည့်နှစ်၊ တရားမကြီးမှုအမှတ်-၁၂

ဒေါ်အေးအေးမွန် **နှင့်** ၁။ မောင်ခင်မောင်ဝင်း
၂။ ဒေါ်မိုးသီတာ

**တရားလို** **တရားပြိုင်များ**

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်၊ အောင်သုခရပ်ကွက်၊ သဇင်လမ်း၊ အမှတ်(၅၆၃)နေ မောင်ခင်မောင်ဝင်းနှင့် ဒေါ်မိုးသီတာ(ယခုနေရပ်လိပ်စာမသိသူ)တို့အား သိစေရမည်။ သင်တို့အပေါ်၌ တရားလို ဒေါ်အေးအေးမွန်က နေအိမ်နှင့်မြေကွက်ရောင်းချ၍ ရယူသွားသော ငွေကျပ် ၂၀၀၀၀၀၀၀/-(ကျပ်သိန်းနှစ်ရာတိတိ)နှင့် နစ်နာကြေးငွေကျပ် ၅၀၀၀၀၀၀/-(ကျပ်သိန်းငါးဆယ်တိတိ)၊ စုစုပေါင်း ငွေကျပ် ၂၅၀၀၀၀၀၀/-(ကျပ်သိန်းနှစ်ရာ့ငါးဆယ်တိတိ)ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ ကိုချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ပြည့်နှစ် ဒီဇင်ဘာ ၁၁ရက် (၁၃၈၂ခုနှစ် တန်ဆောင်မုန်းလ ပြည့်ကျော် ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ ကိုယ်စားလှယ်ရှေ့နေလက် တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် နိုဝင်ဘာ ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စူးစမ်း)**
**ဒုတိယခရိုင်တရားသူကြီး**
**ကော့သောင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ရှင်သိဒ္ဓတ် (၉)လမ်း၊ အမှတ်(၅၅၂၊ (ခြောက်ထပ်တိုက်၊ ငါးလွှာ၊ ခေါင်းရင်းခြမ်း) တိုက်ခန်းအား ဒေါ်မြင့်မြင့်ထွေး ၁၂/ဥကတ(နိုင်)၀၀၄၄၁၈က အရှုပ်အရှင်းကင်းကြောင်း ကတိပြု၍ ကျွန်တော် ဦးဝေဇင် ၁၂/အစန(နိုင်)၀၀၇၁၀၆က အပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ ပိုင်ဆိုင်ခွင့်နှင့်ပတ်သတ်၍ ရောင်းချခွင့်မရှိကြောင်း ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများအား တင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးဝေဇင်**
**ဖုန်း-၀၉-၂၅၀၇၀၀၂၂၅**

## လက်ထပ်ပြီးစီးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ နန်းရှေ့နေ
(ဒေါက်တာဦးသန်းဆွေ)-ဒေါ်စန်းစန်းတို့၏သားထွေး

**မောင်ဉာဏ်ဝင်းဆွေ** B.E(Production Technology)
Director (Next Wave Co.,Ltd.)

နှင့်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ မြစ်ခြေမြို့နေ
(ဦးစံရွှေ)(အလုပ်ရုံစုမှူး)-ဒေါ်လှပိုတို့၏သမီးလတ်

**မသင်းသင်းစံ** B.E(Ch.E),M.E (Ch.E,Thesis)
**ကထိက ၊ မန္တလေးနည်းပညာတက္ကသိုလ်**

တို့သည် ၁၂-၁၁-၂၀၂၀ရက်တွင် မန္တလေးခရိုင် တရားရုံးတွင် မင်္ဂလာလက်မှတ်ရေးထိုးခဲ့ပြီး ၁၃-၁၁-၂၀၂၀ရက်တွင် မန္တလေးမြို့၊ ဓမ္မရတနာမိုးကုတ်ဝိပဿနာကျောင်းတိုက်၌ နှစ်ဖက်သော မိဘများနှင့်အတူ မင်္ဂလာဦးဆွမ်းကျွေးပြုလုပ်ပြီးစီးပါကြောင်း။

**နှစ်ဖက်သော မိဘများနှင့်**
**မောင်ဉာဏ်ဝင်းဆွေ-မသင်းသင်းစံ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် (၁၃)ရပ်ကွက်၊ စိုက်ပျိုးရေး(၁)လမ်း၊ အမှတ်(၅၉၄)ပေ(၄၀'x၆၀')မှပေ(၂၀'x၆၀')(ခြေရင်း) ခြမ်းကို ပိုင်ဆိုင်သည့် ဦးပိုလင်း ၁၃/သပန(နိုင်)၀၀၃၁၂၉မှပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံကတိပြုသဖြင့် ကျွန်ုပ် ဒေါ်မေဖြူဝင်းမှ ဝယ်ယူရန်အတွက် ရောင်းခဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသည့်စာရွက်စာတမ်းနှင့်တကွလူကိုယ်တိုင် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မေဖြူဝင်း ၅/တမန(နိုင်)၀၃၅၃၈၁**
**ဖုန်း-၀၉-၄၂၀၁၄၇၆၄၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ရုံးကြီးရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် ၁/ကောင်စီ၊ဦးပိုင်အမှတ် (၉)၊ ဧရိယာ (၀.၀၅၇)ဧကရှိ မြေအား ဦးဝေဖြိုးသန့်စင်အမည်ဖြင့် မြေငှားစာချုပ်(အသစ်)လျှောက်ထားရာကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့်ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်းကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမှမရှိပါက လျှောက်ထားသူများအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်ထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ အိုးဘိုတောင်ရပ်ကွက်၊ ကွက်အမှတ်နှင့်အမည် (၃၃၃-က၊ကွေ့ကြီးအနောက်)၊ဦးပိုင်အမှတ်(၁၄လမ်း၊၃၃)၊ ဧရိယာ(၀.၁၄၇)ဧကရှိ မြေအား ဒေါ်လဲ့လဲ့ဝင်း အမည်ဖြင့် မြေငှားစာချုပ်(အသစ်)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမှမရှိပါက လျှောက်ထားသူများအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်ထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကြော်ငြာစာ
### (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃)
### မန္တလေးခရိုင်တရားရုံး
### ၂၀၂၀ ပြည့်နှစ် တရားမအထွေထွေမှုအမှတ်-၉၆

**ကွယ်လွန်သူ ဦးကျော်မြင့်၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

မန္တလေးမြို့၊ချမ်းမြသာစည်မြို့နယ်၊ ၅၃ လမ်း၊၁၀၅လမ်းနှင့် ၁၀၆ လမ်း ကြား၊ (စစ-၇/၅၆)အောင်ပင်လယ်ရပ်ကွက်၌ နေထိုင်ခဲ့သော ကွယ်လွန်သူဦးကျော်မြင့်၏ ကျန်ရစ်သောပစ္စည်းများအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်ဝင်းရီ(ဘ)ဦးတင်မောင်က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂ ရက်(၁၃၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်)တွင် ဆိုင်ဆိုကြားနာရန်ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးကျော်မြင့်၏ ကျန်ရစ်သောပစ္စည်း (မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အင်ကျယ်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်(၄၆၉-က)/ကျောက်ကြမ်းတောင်)၊ ဦးပိုင်အမှတ်(၆၈+၆၉+၇၂+၇၃)၊ဧရိယာ ၀.၉၂+၀.၈၆+၀.၇၀+၂.၉၅)အကျယ်အဝန်းရှိ ယာမြေကွက်များတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်)၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂ ရက် (၁၃၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်ဝင်းရီ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၀ပြည့်နှစ် နိုဝင်ဘာ ၁၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်စိုးခိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၁၀)**
**မန္တလေးခရိုင်တရားရုံး**

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားနှင့်ပတ်သက်၍အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ရန်အောင်(၁)လမ်း၊ အမှတ်(၁၉၇)၌ နေသူ ဒေါ်တွယ်တာနိုင် (၁၂/တမန (နိုင်) ၁၁၀၂၀၉)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

LAMBO
Local Services

မှတ်ပုံတင်စာချုပ်အမှတ် - (၄/၄၀၀၄/၂၀၂၀)

အထက်တွင်ဖော်ပြထားသော "LAMBO Local Services "ကုန်အမှတ်တံဆိပ်အမည်ပါ စာတမ်းအမှတ်အသားကို ရန်ကုန်မြို့ စာချုပ် စာတမ်း မှတ်ပုံတင်ရုံး၌ (၂၀-၃-၂၀၂၀)ရက်နေ့တွင် မှတ်ပုံတင်အမှတ်(၄/၄၀၀၄/၂၀၂၀)ဖြင့် မှတ်ပုံတင်သွင်းပြီး ဖြစ်ပါသည်။ အထက်အမည်ပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားတွင် "ပြည်တွင်းဝန်ဆောင်မှုလုပ်ငန်းအမျိုးမျိုး " တို့ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတဝှမ်းလုံးတွင် လုပ်ကိုင်သွားမည်ဖြစ်ပါသည်။ ထို့အပြင်"LAMBO Local Services "ကုန်အမှတ်တံဆိပ် အမည်အမှတ် အသားကို ဆိုင်းဘုတ်၊ ဘလောက်၊ တံဆိပ်၊ မဂ္ဂဇင်း၊ စာစောင်၊ ဗလာစာအုပ်၊ ကြော်ငြာ၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး၊ Name Card, Letter head, E-mail, Internet, Website, Logo, Invitation letter, Social Media အစရှိသည်တို့တွင် အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ "LAMBO Local Services "ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားအား အခြားမည်သူတစ်ဦးတစ်ယောက်မျှ ပုံတူကူး၍ဖြစ်စေ၊ အတု ဖြစ်စေ၊ ဆင်တူယိုးမှား၊ သံတူကြောင်း ကွဲဖြစ်စေ မည်သူမဆို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြုလုပ်သုံးစွဲ လက်ဝယ်ထားရှိခြင်းမပြုလုပ်ပါရန်နှင့် အကယ်၍များ ပြည်သူထင်ယောင်ထင်မှားဖြစ်စေရန် အတုအပ ပြုလုပ်သုံးစွဲလျှက်ရှိကြောင်း တွေ့မြင်ကြားသိရပါက တည်ဆဲဥပဒေများနှင့်အညီ ကျွန်ုပ် အမှုသည်၏အကျိုးစီးပွား ထိခိုက်နစ်နာဆုံးရှုံးကုန်သမျှသော အရပ်ရပ်စရိတ်ကြေးငွေများအတွက် တရားမကြောင်း အရသော်လည်းကောင်း၊ ပြစ်မှုကြောင်းအရသော်လည်းကောင်း တည်ဆဲဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်စိမ့်ယမင်း
အထက်တန်းရှေ့နေ (စဉ်-၅၂၆၂၆) LL.B
အမှတ်(၂၇)၊မင်္ဂလာသိဒ္ဓိလမ်း၊ဆရာစံ(တောင်)စံပြရပ်ကွက်
ဗဟန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ ၀၉ - ၂၅၄၁၁၅၃၆၂

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ မြို့သစ်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၃၃၄-က)၊ ဦးပိုင်အမှတ် (ဗိုလ်ချုပ်လမ်း-၅၀)ဧရိယာ(၀.၁၄၇)ဧကရှိ မြေအား ဒေါ်မြတ်မြတ်မော် အမည်ဖြင့် မြေငှားစာချုပ်(အသစ်)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှ စ၍ ရက်ပေါင်း(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ကွက်မှုမရှိပါက လျှောက်ထားသူများအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်) ခွင့်ပြုမည်ဖြစ်ကြောင်းအသိပေး ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ အလယ်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၁၈-အလယ်ရပ်) ဦးပိုင်အမှတ် (၇၃-က)၊ ဧရိယာ(၀.၀၈၁)ဧကရှိမြေကို အမှုတွဲအမှတ်၄၃၀ V၄၁၊၂၀၀၄-၂၀၀၅ အရ(၂၂-၄-၂၀၀၅ မှ ၂၁-၄-၂၀၃၅)ထိ ဒေါ်လှအေးအမည်ဖြင့် နှစ်(၃၀)မြေငှားဂရန်ရရှိထားသည့်မြေကို ဦးမျိုးသန့်၊ ဒေါ်လဲ့လဲ့ဝေမြင့်မှ မြေငှားစာချုပ် (အမည်ပြောင်း) လျှောက်ထားရာကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့် ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှ စ၍ ရက်ပေါင်း(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ကွက်မှုမရှိပါက လျှောက်ထားသူများအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ မြေငှားစာချုပ်(အမည်ပြောင်း)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ မုံရွာခရိုင်ထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် (ဃ)ရပ်ကွက်၊သိင်္ဂီလမ်း၊ အမှတ် (၅၂၆) ဖလွှာ(A) (ခေါင်းရင်းခန်း) တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ပိုင်ဆိုင်သည့် ဦးမင်းမင်းဦး-ဒေါ်မြင့်မြင့်ဝေမှပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ် ဦးမိုးကျော်ဆွေ-ဒေါ်ခင်စန္ဒာမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသည့်စာရွက်စာတမ်းနှင့်တကွ လူကိုယ်တိုင် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးမိုးကျော်ဆွေ-ဒေါ်ခင်စန္ဒာ**
**ဖုန်း-၀၉-၅၀၀၁၃၉၄**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ပေပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၃၀)၊ ဦးပိုင်အမှတ်(၃၆/၁)၊ မြေဧရိယာ (၅ဒသမ၈၀)ကော၊ ဦးပိုင်အမှတ်(၃၆/၂)၊ မြေဧရိယာ(၉ဒသမ၅၀)ကော၊ ဦးပိုင်အမှတ်(၃၆/၃)၊ မြေဧရိယာ(၉ဒသမ၀၀)ကေနှင့် ဦးပိုင်အမှတ် (၃၆/၄)၊ မြေဧရိယာ(၁ဒသမ၈၀)ကေတို့ရှိ မြေနှင့် အကျိုးခံစားခွင့်များသည် ကျွန်တော်ဦးဝင်းထိုက် ၁၃/မနန(နိုင်) ၀၁၀၃၃၈ အမည်ပေါက် ပိုင်ဆိုင်ခဲ့ပါသည်။ အထက်ဖော်ပြပါ မြေ၏လယ်ယာမြေ လုပ်ကိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)မူရင်းမှာ ပျောက်ဆုံးနေပါသဖြင့် မိတ္တူမှန်လျှောက်ထားနိုင်ရန်အတွက် ကန့်ကွက်လိုသူများသည် အထောက်အထားခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်တော့်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းထိုက် ၁၃/မနန(နိုင်) ၀၁၀၃၃၈**
**၂၁-မိုင်၊ ပေပင်ကျေးရွာအုပ်စု၊ ပြင်ဦးလွင်မြို့နယ်**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ပေပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၃၀)၊ ဦးပိုင်အမှတ်(၃၆/၆)၊ မြေဧရိယာ( ၆ဒသမ၀၀)ကော၊ ဦးပိုင်အမှတ်(၃၆/၇)၊ မြေဧရိယာ (၅ဒသမ၄၀) ကေနှင့် ဦးပိုင်အမှတ်(၃၆/၈)၊ မြေဧရိယာ(၅ဒသမ၀၀) ကေတို့ရှိ မြေနှင့်အကျိုးခံစားခွင့်များသည် ကျွန်မ ဒေါ်ကြည်ကြည်ခိုင် ၁၃/မနန(နိုင်) ၀၁၂၆၂၄ အမည်ပေါက် ပိုင်ဆိုင်ခဲ့ပါသည်။ အထက်ဖော်ပြပါ မြေ၏လယ်ယာမြေ လုပ်ကိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)မူရင်းမှာ ပျောက်ဆုံးနေပါသဖြင့် မိတ္တူမှန် လျှောက်ထားနိုင်ရန်အတွက် ကန့်ကွက်လိုသူများသည် အထောက်အထားခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက် အတွင်း ကျွန်မထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆက်လက်လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကြည်ကြည်ခိုင် ၁၃/မနန(နိုင်) ၀၁၂၆၂၄**
**၂၁-မိုင်၊ ပေပင်ကျေးရွာအုပ်စု၊ ပြင်ဦးလွင်မြို့နယ်**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၃-၁၁-၂၀၂၀ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၇) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် ဦးစည်သူကျော် ဖုန်း-၀၉-၇၉၇၁၃၃၀၁၄ အစား ဖုန်း-၀၉-၇၉၇၁၃၃၀၄၁ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ အကွက်အမှတ် (၁၅၅)၊ ဦးပိုင်အမှတ်(၂)၊ ၂၁ လမ်းပေါ်၊ ၈၂လမ်းနှင့် ၈၃လမ်းကြားရှိ ဦးရှိပ်အာမက် အမည်ပေါက် ဘိုးဘမြေကွက်အား အဘိုး ဦးရှိပ်အာမက်၊ အဘွားဒေါ်ဟာဖီးဇန်၊ ဖခင် ဦးကာစင်၊ မိခင်ဒေါ်ဆိုင်ရာဘီတို့ အသီးသီး ကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၄၂၀/၂၀၁၆)ဖြင့် အမွေဆက်ခံခဲ့သော (မြေး/သား)ဖြစ်သူ မာမက်အူးမား (ခ)ဦးသက်ထွန်း ၉/မနမ(နိုင်)၀၇၇၇၀၁ က ဘိုးဘအမည်ပေါက် မြေပုံတင်ပြ၍ အမည်ပြောင်း လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

**ဇီဝ**
**မျိုးစုံမျိုးကွဲတွေ**
**ကြွယ်စေဖို့**
**သဘာဝ**
**တောတွေ**
**ထိန်းသိမ်းစို့**

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ**

ဝမ်းနည်းကြေကွဲခြင်း

## နိုင်ဖေအောင်

### အသက်(၈၃)နှစ်

သူငယ်ချင်း ဗိုလ်ကြီးမင်းညီညီအောင်(ငြိမ်း)-ဒေါ်မိထိုက်စုဆွေတို့၏ ဖခင် နိုင်ဖေအောင်သည် ၁၁-၁၁-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့)တွင် မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ကော့ဒွတ်ကျေးရွာ နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၂၂)မှ သူငယ်ချင်းများ**

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးစစ်ကြည်

### အဏ္ဏဝါဦးပိုင် ကုမ္ပဏီလီမိတက် ရန်ကုန်မြို့

### အသက်(၈၀)

ထားဝယ်မြို့၊ ရွှေတောင်စားစေတီတော်မြတ်ကြီးနှင့်လောကမာရဇိန် ဘုရားကြီး အစဉ်ထာဝရသပွာယ်တင့်တယ် ကြည်ညိုဖွယ်ရာဖြစ်စေရေးအတွက် ဘက်စုံ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဘုရားကြီးဂေါပကအဖွဲ့ကိုယ်စား ရန်ကုန်မြို့ ရှိစေတနာရှင်၊ အလှူရှင်များအား အပင်ပန်းခံစည်းရုံးလှုံ့ဆော်၍ အလှူငွေများကောက်ခံပေးခဲ့သော ဦးစစ်ကြည်(ထားဝယ်)သည် ၁၃-၁၁-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်း ကြေကွဲရပါသည်။

**ဘုရားကြီးဂေါပကအဖွဲ့
ထားဝယ်မြို့**

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးလင်းမြင့်လှိုင်(ကိုလင်း)

### (Ex: သစ်တော)

### အသက်(၆၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၃၅)ရပ်ကွက်၊ လောပိတလမ်း၊ အမှတ် (၇၉၆)နေ ဦးလင်းမြင့်လှိုင်(ကိုလင်း)သည် ၁၄-၁၁-၂၀၂၀ရက်(စနေနေ့)တွင် SSC ဆေးရုံကြီး၌ နှလုံးရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကိုကျော် + မသက်
မိသားစု**

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးလင်းမြင့်လှိုင်(ကိုလင်း)

### (Ex: သစ်တော)

### အသက်(၆၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၃၅)ရပ်ကွက်၊ လောပိတလမ်း၊ အမှတ် (၇၉၆)နေ ဦးလင်းမြင့်လှိုင်(ကိုလင်း)သည် ၁၄-၁၁-၂၀၂၀ရက်(စနေနေ့)တွင် SSC ဆေးရုံကြီး၌ နှလုံးရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစုများ
ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးလင်းမြင့်လှိုင်(ကိုလင်း) အသက်(၆၃)နှစ်

### (Ex: သစ်တော)

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၃၅)ရပ်ကွက်၊ လောပိတလမ်း၊ အမှတ် (၇၉၆)နေ ဦးလင်းမြင့်လှိုင်(ကိုလင်း)သည် ၁၄-၁၁-၂၀၂၀ရက်(စနေနေ့)တွင် SSC ဆေးရုံကြီး၌ နှလုံးရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစုများ
တည်ဆောက်ရေး(၉)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးလင်းမြင့်လှိုင်(ကိုလင်း) အသက်(၆၃)နှစ်

### (Ex: သစ်တော)

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၃၅)ရပ်ကွက်၊ လောပိတလမ်း၊ အမှတ် (၇၉၆)နေ ဦးလင်းမြင့်လှိုင်(ကိုလင်း)သည် ၁၄-၁၁-၂၀၂၀ရက်(စနေနေ့)တွင် SSC ဆေးရုံကြီး၌ နှလုံးရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစုများ
တည်ဆောက်ရေး(၆)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးလင်းမြင့်လှိုင်(ကိုလင်း) အသက်(၆၃)နှစ်

### (Ex: သစ်တော)

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၃၅)ရပ်ကွက်၊ လောပိတလမ်း၊ အမှတ် (၇၉၆)နေ ဦးလင်းမြင့်လှိုင်(ကိုလင်း)သည် ၁၄-၁၁-၂၀၂၀ရက်(စနေနေ့)တွင် SSC ဆေးရုံကြီး၌ နှလုံးရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကိုကိုဦး(ညွှန်ကြားရေးမှူး)နှင့် ဇနီး ဝန်ထမ်းမိသားစုများ
ပဲခူးတိုင်းဒေသကြီး(ပဲခူးမြို့)၊ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ ရွှေမင်းဝံသာသနာ့ရိပ်သာ (ပန်းတင့်ရတနာစံကျောင်းတော်ကြီး) (ရန်ကုန်) သောဘနာရာမ ရွှေမင်းဝံသာသနာ့ရိပ်သာ(ပဲခူး) ဆွမ်းစားကျောင်းတော်ကြီး၊ ဣစ္ဆာသယ စံကျောင်းတော်(အင်းတကော်မြို့) တို့၏ ဒါယိကာမကြီး

# သီရိသုဓမ္မသိင်္ဂီကျောင်းအမကြီး ဒေါ်ခင်တင့်(မိုးကုတ်)

## အသက်(၈၃)နှစ်

မိုးကုတ်မြို့နေ (ဦးထယ်-ဒေါ်ဖုံ)တို့၏ သမီးထွေး၊ (ဦးအုံ့-ဒေါ်ချစ်)တို့၏ သမီးချွေးမ၊ (ဦးကိုလေး-ဒေါ်အုန်းကြည်)၊ (ဦးအုန်းဖေ-ဒေါ်တင်တင်)၊ ဦးဗိုလ်သောင်း-(ဒေါ်မြကြည်)၊ (ဦးဘဖေ-ဒေါ်ခင်မြင့်)တို့၏ညီမ၊ (ဗိုလ်မှူးပန်းကြိုင်)၏ ချစ်လှစွာသောဇနီး၊ တူ၊ တူမ ၂၉ ယောက်၊ မြေး၊ မြစ် ၆၀ယောက်တို့၏ အဘွား၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ၂၉လမ်း၊ အမှတ်(၅၀)နေ ဦးမိုးပိုင်စိုး-ဒေါ်ဖွန်မေအောင်တို့၏အဘွားသည် ၁၄-၁၁-၂၀၂၀ရက် (စနေနေ့) မွန်းလွဲ ၁၂:၀၅နာရီတွင် ကန်သာယာဆေးရုံ၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၁-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၁-၂၀၂၀ ရက် (သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်အေးအေးစိုး

### Advisor to CEO(MPT Joint Operation)

### အထွေထွေမန်နေဂျာ(ဘဏ္ဍာရေး-ငြိမ်း)

### မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

### အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)၊ ရှမ်းကုန်းလမ်း၊ အမှတ်(၃၅)နေ Advisor to CEO(MPT Joint Operation)အထွေထွေမန်နေဂျာ(ဘဏ္ဍာရေး-ငြိမ်း) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဒေါ်အေးအေးစိုးသည် ၁၂-၁၁-၂၀၂၀ရက် ညနေ ၃နာရီတွင် ရွှေလမင်းဆေးရုံ၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇော်မင်း(ခ)ဦးလုလု-(ဒေါ်အေးအေး)
မိသားစု**

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်အေးအေးစိုး

### Advisor to CEO(MPT Joint Operation)

### အထွေထွေမန်နေဂျာ(ဘဏ္ဍာရေး-ငြိမ်း)

### မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

### အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)၊ ရှမ်းကုန်းလမ်း၊ အမှတ်(၃၅)နေ Advisor to CEO(MPT Joint Operation)အထွေထွေမန်နေဂျာ(ဘဏ္ဍာရေး-ငြိမ်း) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဒေါ်အေးအေးစိုး သည် ၁၂-၁၁-၂၀၂၀ရက် ညနေ ၃နာရီတွင် ရွှေလမင်းဆေးရုံ၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Elite Tech Manufacturing Co.,Ltd.
Elite Tech IT Service Co.,Ltd.**

---

ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ညွန့်ကြည်

### အသက်(၇၅)နှစ်

ညောင်လေးပင်မြို့နယ် ဆရာဝန်ကြီး ဒေါက်တာသောင်းဒန်ဦး(LYC 84,85,86)-နန်းအေးယေ့တို့၏ မိခင် ဒေါ်ညွန့်ကြည်သည် ၁၃-၁၁-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ **လူရည်ချွန်သူငယ်ချင်းများ**

**Prof ဒေါက်တာအောင်ဇော်မျိုး၊ ဒေါက်တာ ကျော်ငြိမ်းအေး၊
ဦးခင်မောင်ထွန်း၊ AP ဒေါက်တာသိန်းထွန်းဦး၊
ဒေါက်တာနန်းဘွာဘွာ၊ ဒေါ် ဖြူဝင်းခိုင်၊ ဦးစိုးနန္ဒာ-ဒေါ်ကေသီမွန်**

---

## ဦးတင်ဝင်း

### အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းဘောင် ၁၄ လမ်း၊ အမှတ် ၁၁၆၂ နေ ဦးစိန်မောင်-ဒေါ်သန်းမြတို့၏ သား၊ ဒေါ်ဌေးဌေးစိုး၏ ခင်ပွန်း၊ ကိုကျော်ဖြိုးမင်း၊ ကိုနေလမင်း၊ ကိုအောင်ဇေမင်းတို့၏ ဖခင်သည် ၁၄-၁၁-၂၀၂၀ရက် (စနေနေ့) နံနက် ၉:၅၄နာရီတွင် ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်/ ဘဲ/ငုံးခြံများတွင် အဆိုပါ ရောဂါကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင် ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြု ဆောင်ရွက်ရန်၊

(ခ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဂ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူနှင့် ယာဉ်အဝင်/အထွက် ထိန်းချုပ်ရန်၊

(ဃ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/ လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရန်၊

(င) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊

(စ) ကြက်၊ ငှက်များကိုကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေး ခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်း ရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(ဆ) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(ဇ) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်း အဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(ဈ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်း များတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

---

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများရေ ငွေ့ပျံပြီးရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသော ငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း၊ ရေထုညစ်ညမ်း ပြီးဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာခတ် ထည့်သွင်းခြင်းနှင့် ငါးအစာအလွန် အကျွံကျွေးခြင်းကို လျှော့ချရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသော ရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခပ်ခြင်း၊ကမ်းစပ်သို့ စုပြုံလာခြင်းမျိုး ရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန် အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လှေလှော်ပေးခြင်း စသည့်နည်းလမ်းများကို ရေတွင်ပျော်ဝင်အောက်ဆီဂျင် မြင့်တက် စေရေးဆောင်ရွက်ပေးရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးရန်။
- ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက် လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့်နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်း ရွှေ့ခြင်းမပြုရန်။
- ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာ အတွင်းရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိရပါမည်)။
- ကန်ရေအပူချိန်မြင့်မားသော အချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါးစော်ဖတ်များ ကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးရန်။
- အစာကျွေးပြီးပါက အစာကျန်များ ရှိ/ မရှိကို ပုံမှန်စစ်ဆေး ရန်။
- မွေးမြူရေးကန်ကို လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်း ရေသန့် သိုလှောင်သည့် အရန် ကန် စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင် ထားရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေ အနေများကို နေ့စဉ် နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကိုတွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ငါးလုပ်ငန်းဦးစီးဌာန**

## ဘုရား၊ စေတီ ၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

# ဒေါ်ခင်အေး

### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကမ္ဘောဇရိပ်သာလမ်း၊ အမှတ် ၁၄ (က)နေ (ဦးအောင်မြင့်-ဒေါ်အေးကျင်)တို့၏သမီး၊ (ဦးလှမောင်-ဒေါ်ခင်မြင့်)တို့၏သမီးချွေးမ၊ ဦးမိုးဝင်းမောင်(Htoo Htet Company)၏ချစ်လှစွာသောဇနီး၊ ဦးထူးထက်-ဒေါ်မွန်ပိုင်ဇော၊ ဦးနေအောင်(Oway Founder)တို့၏ မိခင်၊ မော်လမြိုင်မြို့နေ (ဦးစိန်မြင့်-ဒေါ်ခင်လှ)၊ ရန်ကုန်မြို့နေ ဒေါ်လဲ့လဲ့ဦး၊ ဒေါ်သီတာလှမောင်-ဦးအောင်စိုး၊ ဦးထိန်လင်းမောင်-ဒေါ်ချယ်ရီ၊ ဒေါ်စန္ဒာလှမောင်-ဦးသန့်ဇင်တို့၏ ညီမ၊ မေမိုးထက်၊ နေသန်ထက်တို့၏ အဘွားသည် ၁၂-၁၁-၂၀၂၀ရက် (ကြာသပတေးနေ့) ည ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၁-၂၀၂၀ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ဦးလင်းမြင့်လှိုင်(ကိုလင်း)

## (Ex:သစ်တော)၊ Panasonic-Director အဖွဲ့ဝင်

### အသက်(၆၃)နှစ်

(ဦးထွန်းလှိုင်)(ဒု-ညွှန်/ချုပ်-ငြိမ်း၊ ဆည်မြောင်း)-ဒေါ်ခင်လှမြင့်တို့၏သား၊ [ဦးခင်မောင်သွင် (အငြိမ်းစား ရဲမှူးကြီး)-ဒေါ်ခင်မေနှင်း]တို့၏သားသမက်၊ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၅)ရပ်ကွက်၊ လောပိတလမ်း၊ အမှတ်(၇၉၆)နေ ဒေါ်မေနှင်းလွင်(ငယ်ငယ်)၏ခင်ပွန်း၊ (ဦးဝင်းမြင့်လှိုင်)-ဒေါ်သိဂီလွင်တို့၏ညီ၊ ဦးကျော်မြင့်လှိုင်(ညွှန်ချုပ်-ငြိမ်း၊ ဆည်မြောင်း)-ဒေါ်စန္ဒာခင်(ဒု-ဝန်ကြီး-ငြိမ်း၊ ယဉ်ကျေးမှု)၊ ဦးဇော်မြင့်လှိုင်တို့၏ အစ်ကို၊ တူ၊ တူမ လေးယောက်တို့၏ဦးလေးသည် ၁၄-၁၁-၂၀၂၀ရက် (စနေနေ့) နံနက် ၁၀:၄၅နာရီတွင် SSCဆေးရုံ၌ နှလုံးရောဂါဖြင့် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ဦးလင်းမြင့်လှိုင်(ကိုလင်း)

## (Ex:သစ်တော)၊ Panasonic-Director အဖွဲ့ဝင်

### အသက်(၆၃)နှစ်

(ဦးထွန်းလှိုင်)(ဒု-ညွှန်/ချုပ်-ငြိမ်း၊ ဆည်မြောင်း)-ဒေါ်ခင်လှမြင့်တို့၏ သား၊ [ဦးခင်မောင်သွင် (အငြိမ်းစားရဲမှူးကြီး)-ဒေါ်ခင်မေနှင်း]တို့၏သားသမက်၊ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၅)ရပ်ကွက်၊ လောပိတလမ်း၊ အမှတ်(၇၉၆)နေ ဒေါ်မေနှင်းလွင်(ငယ်ငယ်)၏ခင်ပွန်း၊ ဦးကိုကိုကျော်-ဒေါ်မေမြလွင် (ပေါက်ပေါက်)၊ ဦးမောင်မောင်ဇော်သိန်း-ဒေါ်မေညွန့်(မိုးမိုး)တို့၏ညီ/မောင်၊ (ဦးပြည်ကျော်)-ဒေါ်မေပြုံးလွင်(ပြုံး)တို့၏အစ်ကို၊ တူ၊ တူမလေးယောက် တို့၏ဦးလေးသည် ၁၄-၁၁-၂၀၂၀ရက် (စနေနေ့) နံနက် ၁၀:၄၅နာရီတွင် SSCဆေးရုံ၌ နှလုံးရောဂါဖြင့် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးကယ်ဗင်ဘုန်းနိုင်ဦး

**(EO/EE)ငြိမ်း**

**အသက်(၆၁)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြ ဖ.ဆ.ပ.လ ရပ်ကွက်၊ တိုက်ပေါင်း(၂)၊ အခန်း(၇)နေ [ဦးစီဦး(ခ)ဦးဘီမြင့် ဆွေ]-ဒေါ်ရိုဇီစီဦးတို့၏ သား၊ ဒေါ်ခင်မေဆင့်၏ချစ်လှစွာသော ခင်ပွန်း၊ မခင်ဆင့်ဆင့်ဦး၊ ဒေါက်တာ မေဖုန်းသစ်တို့၏ ချစ်လှစွာသောဖခင်၊ ဦးဝင်းနိုင်ဦး-ဒေါ်သန်းသန်းအေး တို့၏ ညီ၊ ဦးရှမ်း-ဒေါ်မာရီခင်စီဦးတို့၏ မောင်၊ ဦးခက်ပန်-ဒေါ်လူစီတင်မေဦး၊ (ဦးရဲနိုင်ဦး)၊ (ဦးထွန်းနိုင်ဦး)၊ (ဦးသန်းဌေး)-ဒေါ်နှင်းနွယ်ဦး၊ ဦးသန်းထိုက်ဦး-ဒေါ်စုစုကြည်၊ ဦးအေးနိုင်ဦး၊ ဦးအောင်နိုင်ဦး၊ ဦးမျိုးနိုင်ဦး၊ ဦးဝင်းကျော်ထွန်း-ဒေါ်ထားနွယ်ဦး၊ ဦး Cyril အောင်မျိုးဦး-ဒေါ်သက်နွယ်ဦးတို့၏ အစ်ကိုသည် ၁၃-၁၁-၂၀၂၀ရက် (သောကြာနေ့) ညနေ ၅:၁၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ အဆုတ်ကင်ဆာရောဂါဖြင့် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၁၅-၁၁-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၁၀:၃၀ နာရီတွင် ထိန်ပင်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်း ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

**အနိစ္စ**

### အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးဘရှိန်

**A.G.T.I(Civil)**

**အင်းစိန် G.T.I ဆရာကြီး(အငြိမ်းစား)**

**အသက်(၈၁)နှစ်**

ထားဝယ်မြို့၊ ဘုရားကြီးဂေါပကအဖွဲ့ဝင် ဦးအောင်ရှိန်၏ အစ်ကို ဆရာကြီး ဦးဘရှိန်ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဘုရားကြီးဂေါပကအဖွဲ့**
**ထားဝယ်မြို့**

### ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ညွန့်ကြည်

### အသက်(၇၅)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး၊ မြို့နယ် ဆရာဝန်ကြီး ဒေါက်တာသောင်းဒန်ဦး၏ မိခင် ဒေါ်ညွန့်ကြည်သည် ၁၃-၁၁-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဆရာဝန်များ**
**ညောင်လေးပင်မြို့နယ်ဆရာဝန်အသင်း**

### ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်အေးအေးစိုး

**အထွေထွေမန်နေဂျာ(ငြိမ်း) ငွေစာရင်းဌာန**
**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

**အသက်(၆၃)နှစ်**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာ(ငြိမ်း) ဒေါ်အေးအေးစိုး အသက်(၆၃)နှစ်သည် ၁၂-၁၁-၂၀၂၀ရက် (ကြာသပတေးနေ့) တွင်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ငွေစာရင်းဌာန၊မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**
**အငြိမ်းစားအမှုထမ်း အရာထမ်းများ**

# ဒေါ်ကြည်ကြည်စိန်

### အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၆)မိုင်၊ (၁၀)ရပ်ကွက်၊ ခပေါင်းလမ်း၊ အမှတ် (၅၇၂)နေ [ဦးဖေစိန်(သစ်တောအရေးပိုင်-ငြိမ်း)- ဒေါ်သန်းတင်]တို့၏သမီး၊ (ဦးတင်အေး-ဒေါ်အုန်းအုန်း)တို့၏ညီမ၊ (ဒေါက်တာဦးအောင်သန်း-ဒေါ်ရီရီစိန်) တို့၏အစ်မ၊ တူ၊ တူမ ငါး ယောက်တို့၏ အဒေါ်၊ ကြီးကြီး၊ မြေးငါးယောက် တို့၏အဘွားသည် ၁၃-၁၁-၂၀၂၀ရက် (သောကြာနေ့) နံနက် ၁၁:၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂:၃၀နာရီတွင် ထိန်ပင် သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ အားအသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးသန်းတင်

**လောပိတရေအားလျှပ်စစ်စီမံကိန်းစက်ကြီးဌာန၊**
**လက်ထောက်အမှုဆောင်အင်ဂျင်နီယာ**
**Stand Hotel, Inya Lake Hotel, သမ္မတဟိုတယ်တို့၏**
**Chief Engineer(အငြိမ်းစား)**

**အသက်(၈၅)နှစ်**

[ဦးဘသင်( H.Q.A)-ဒေါ်တင်တင်]တို့၏သား၊ အငြိမ်းစားအတွင်းဝန်သီရိပျံချီ (ဦးဘညွန့်-ဒေါ်သောင်း)တို့၏သားသမက်၊ ဒေါ်သန်းသန်းခင်-ဦးလှိုင်မြတ်တို့၏ အစ်ကို၊ ဆရာမ ဒေါ်ကြည်ကြည်ခင်၏ခင်ပွန်း၊ ဦးဆန်းထွန်းဦး၊ ဒေါ်နီလာသန်း-ဦးစိုးနောင်၊ ဦးကျော်ကျော်သန်း၊ ဒေါ်မာလာသန်း-Neilhome၊ ဒေါ်မိုးမိုးသန်း-ဦးခင်မောင်မြ တို့၏ဖခင်၊ ခင်ဒီပါမိုး၊ ထွဋ်မြတ်နောင်၊ သဇ္ဇာမိုး၊ သင်းသန္တာ၊ Su Kyi Homeတို့၏ အဘိုးသည် ၁၃-၁၁-၂၀၂၀ရက် ညနေ ၅:၀၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊
## ပိဋကတ်သုံးပုံ ဒါယိကာမကြီး

# ဒေါ်သိန်းရီ(ကြည့်မြင်တိုင်)

**သူနာပြုဆရာမကြီး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး(ငြိမ်း)**

**အသက်(၈၁)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့၊ ဗိုလ်မြဒင်လမ်းနေ (ဦးထွန်းစိန်-ဒေါ်အေးညို)တို့၏သမီး၊ ဇီးကုန်းမြို့နေ (ဦးခင်- ဒေါ်မြခင်)တို့၏သမီးချွေးမ၊ (ဦးချစ်မောင်-ဒေါ်တင်ရီ)၊ (ဦးမောင်မောင်ကြင်-ဒေါ်တင်ကြည်)၊ (ဦးကျော်မြင့်-ဒေါ်ခင်ညွန့်)၊ (ဒေါ်သောင်း)၊ (ဦးမောင်စ)-ဒေါ်သိန်းကြည်တို့၏ညီမ၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ တန်ဆောင်းကြီးလမ်း၊ အမှတ်(၇၇)နေ (ဦး အေးလှိုင်)(ဌာနခွဲထိန်း၊ ရဲချုပ်ရုံး)၏ဇနီး၊ ဦးသန်းဇော်ဦး-ဒေါ်မေမျိုးသန့်၊ ဒေါ်စုရီလှိုင်(လက်ထောက်ကထိက၊ ရူပဗေဒဌာန၊ ဆေး-၂)တို့ ၏မိခင်၊ မသီရိထက်ထက်ဦး(အထက-၄၊ အလုံ)၏အဘွားသည် ၁၃-၁၁-၂၀၂၀ရက် နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၁-၂၀၂၀ရက် နံနက် ၁၀နာရီတွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးသက်ဆွေ(ရန်ကင်း)

### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၄)ရပ်ကွက်၊ ရန်နိုင်လမ်းသွယ်(၅)၊ အမှတ်(၁၂၆၊ အခန်း -၇)နေ (ဦးတင်လတ်-ဒေါ်ရင်မြိုင်)တို့၏သား၊ ဦးညိုမင်း-ဒေါ်ကျင်ဝင်းတို့၏ညီ၊ ဦးသက်လွင်(ကပရ-ငြိမ်း)၊ ဦးသက်အောင်-ဒေါ်မိုးစန္ဒာဦး၊ ဒေါ်နှင်းနှင်းလတ်၊ (ဦးနိုင်ဦး)-ဒေါ်နွဲ့နွဲ့စိန်၊ ဦးချိုမင်း-ဒေါ်မေနွယ်အေး(ထ-၆၊ ဗိုလ်တထောင်-ငြိမ်း)၊ ဦးရဲမြင့်(စာရင်းကိုင်-၂၊ ဝန်ကြီးရုံးဌာနခွဲ-၄၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်သင်းသင်းလတ် (ဦးစီးအရာရှိ၊ ကုသရေးဦးစီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)၊ ဦးဝင်းမင်း (Mega Products)-ဒေါ်ဖြူဖြူဦး၊ ဒေါ်ဝင်းဝင်းမြိုင်တို့၏အစ်ကို၊ ဦးသီဟ-ဒေါ်ကေသီဝင်း၊ ဦးကျော်နန္ဒ-ဒေါက်တာဝေမာသန်းအောင်၊ မဝင့်မြတ်နိုင်၊ မရွှေယမင်းဦး၊ မဆုစန္ဒာထွန်း၊ မအေးမြတ်မွန်၊ မမျိုးမြတ်မြတ်ခိုင်၊ မောင်အောင်ပြည့်ဟိန်းတို့၏ ဘကြီး၊ မောင်အောင်ကောင်းသန့်၏အဘိုးသည် ၁၃-၁၁-၂၀၂၀ရက် ည ၁၀:၃၀နာရီတွင် ရန်ကင်း နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁၁-၂၀၂၀ရက် နေ့လယ်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### အထူးဝမ်းနည်းကြေကွဲခြင်း

# ဒေါက်တာဥမ္မာမိုးမြင့်

### အသက်(၆၃)နှစ်

ဦးမိုးမြင့်(CEO MPRL E & P Group of Companies)၏ ချစ်လှစွာသောဇနီး ဒေါက်တာဥမ္မာမိုးမြင့်သည် ၉-၁၁-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခဒေါက်တာကျော်မြင့်နှင့် ဇနီးဒေါ်နီလာသော်**

### ရဟန်းဒါယကာကြီး

## ဦးမြတ်ဇော်ထွန်း

**ASSISTANT VICE PRESIDENT(6) BRANCH MANAGER**

**(မြန်မာ့ရှေ့ဆောင်ဘဏ်ခွဲ၊ ကမာရွတ်-၃၊ ဆင်ရေတွင်း)**

**အသက်(၄၇)နှစ်**

ရန်ကုန်မြို့နေ (ဦးတင်ထွန်း)-ဒေါ်ကြည်ကြည်ဆွေ(မော်ကွန်းထိန်း-ငြိမ်း၊ YUFL) တို့၏သား၊ ရွှေညောင်မြို့နေ ဦးဝင်းဦး-ဒေါ်အေးကြင်တို့၏ သားသမက်၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၂)ထူပါရုံ၊ ထူပါရုံ(၂)လမ်း၊ အမှတ်(၃၆၊ နှစ်လွှာ)နေ ဒေါ်စုစုမွန်၏ ချစ်လှစွာသောခင်ပွန်း၊မအေးမြတ်မွန်၊ မောင်ဖွဲ့ဆက်ဦးတို့၏ ဖခင်၊ ဒေါ်ယုလင်းထွန်း-ဦးမျိုးဝင်း၊ ဒေါ်နေခြည်ထွန်း(လ/၅-ရွှေပြည်သာ)-ဦးကျော်စည်သူထွန်း(ခေတ္တ- ကိုရီးယား) တို့၏အစ်ကို၊ တူ၊ တူမ လေးယောက်တို့၏ဘကြီးသည် ၁၃-၁၁-၂၀၂၀ရက် နံနက် ၁၁:၄၅နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ နှလုံးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၁-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေး သုသာန်သို့ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (သာကေတနေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၉-၁၁-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိအထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွ ရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

# ဘဒ္ဒန္တ ဥဏ္ဏိက

### သက်တော်(၇၉)နှစ်၊ သိက္ခာတော်(၅၉)ဝါ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၇)ရပ်ကွက်၊ ကျန်စစ်သားလမ်းရှိ ဇီးကုန်းကျောင်းတိုက်၏ ဆရာတော် ဘဒ္ဒန္တ ဥဏ္ဏိကသည် ၁၄-၁၁-၂၀၂၀ရက် (စနေနေ့) (၁၃၈၂ခုနှစ် သီတင်းကျွတ်လကွယ်နေ့) နံနက် ၈:၄၅နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြား အပ်ပါသည်။

**တပည့် ဒါယကာ၊ ဒါယိကာမများ**

# ဦးသန်းလှိုင်(ဓနုဖြူ)

## မြန်မာ့အာမခံလုပ်ငန်း(ကြီး/မှူး-ငြိမ်း)

### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၄/တောင်ရပ်ကွက်၊ မေယုလမ်းသွယ်၊ အမှတ်(၄၃၃-A)နေ (ဦးဘိုးသီ-ဒေါ်စိန်ညွန့်)တို့၏သား၊ (ဦးမောင်မောင်လှိုင်-ဒေါ်ခင်မေ)တို့၏သားသမက်၊ ဦးလှကြိုင်-ဒေါ်မာလာညွန့်တို့၏ ညီ၊ ဒေါ်ခင်အုန်း၏ ချစ်လှစွာသောခင်ပွန်း၊ ကိုမျိုးမင်းလှိုင်၊ ကိုဖြိုးမင်းလှိုင်၊ မခင်ဖြူလှိုင်တို့၏ ဖခင်သည် ၁၃-၁၁-၂၀၂၀ရက် (သောကြာနေ့) နံနက် ၉:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၉-၁၁-၂၀၂၀ရက် (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးစိုးဝင်း (ကျောက်တန်း)

**မြို့နယ်ဥပဒေအရာရှိ(ငြိမ်း)**

**အသက်(၇၀)**

ကျောက်တန်းမြို့နေ (ဦးတင်မောင်)-ဒေါ်သန်းရွှေတို့၏ သား၊ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၁)ရပ်ကွက်နေ ဒေါ်နန်းလှမြင့်၏ခင်ပွန်း၊ ကိုကျော်ဇောဟိန်း-မဝင့်မွန်ဦး(ခေတ္တ-စင်ကာပူ)၊ ကိုစိုးမြတ်မင်း-မမေသန္တာစိုး(ခေတ္တ-စင်ကာပူ)တို့၏ ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၁၀-၁၁-၂၀၂၀ရက် (အင်္ဂါနေ့)တွင် ကွယ်လွန် သွားပါသဖြင့် ၁၂-၁၁-၂၀၂၀ရက် (ကြာသပတေးနေ့) တွင်ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ် ပြီးဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ဒေါ်ခင်လေးညွန့်(ခ)မမညွန့်

### အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်းရပ်ကွက်၊ အပိုင်း(၇)၊ စေတနာလမ်း၊ အမှတ်(၁)နေ (ဗိုလ်ကြီးမောင်ကလေး-ဒေါ်ခင်မမကြီး)တို့၏သမီး၊ ဦးခင်အောင်ထွန်း-ဒေါ်ဆွေဆွေမြင့်၊ ဦးခင်မောင်ကြီး-ဒေါ်ခင်မာတင်၊ (ဦးခင်မောင်ငယ်)၊ ဦးခင်မောင်သန်း၊ ဦးခင်မောင်စန်း-ဒေါ်တင်တင်လှိုင်၊ ဦးအောင်သန်းတိုး၊ (ဒေါ်ခင်မြတ်သင်း)၊ (မောင်မင်းသူ)တို့၏အစ်မသည် ၁၂-၁၁-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၈:၁၅ နာရီတွင် မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁၁-၂၀၂၀ရက် တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ။

ကွယ်လွန်သူအားရည်စူး၍ ၁၈-၁၁-၂၀၂၀ရက် နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ဒေါ်သိန်းသိန်းနွယ်(ခ)မဂျာပု

### အသက်(၅၉)နှစ်

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့၊ အင်းတောင်ရပ်ကွက်နေ [ဦးထွန်းသိန်း(Malaria Inspector၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေးအဖွဲ့၊ ကျန်းမာရေးဌာန)-ဒေါ်အေးနွယ် (မူလတန်းပြ ဆရာမ-ငြိမ်း)]တို့၏တစ်ဦးတည်းသောသမီး၊ ရန်ကုန်မြို့နေ ဦးကျော်ညွန့်အောင်(ကုန်သည်)၏ချစ်လှစွာသောဇနီး၊(ကိုလင်းထူးနိုင်)-မကလျာနွယ်၊မနှင်းကြူကြူလှိုင်(လက်ထောက်ညွှန်ကြားရေးမှူး၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်ရုံး)၊ ကိုအောင်သူရ-မသင်းကြူကြူခိုင်၊ မဝင်းဖြိုးဖြိုးနိုင်(Marketing Manager, Canadian International College-Myanmar)၊ မလှခွာညိုဝင့်(ဒုတိယဦးစီးမှူး၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး)၊ မလှချယ်ရီဝင့်(ဒုတိယဦးစီးမှူး၊ ပြည်ထောင်စုဝန်ကြီးရုံး၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန)တို့၏ မိခင်၊ မောင်ဥက္ကာဟိန်း၊ မခေတ်မြတ်ရတနာ(ခ)မရှင်းသန့်ဖြူ၊ မောင်လင်းမြတ်ဘုန်းမိုရ်တို့၏အဘွားသည် ၁၁-၁၁-၂၀၂၀ရက် မွန်းလွဲ ၁နာရီ တွင် ကွယ်လွန်သွားပါသဖြင့်၁၃-၁၁-၂၀၂၀ရက်(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီး ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ဒေါ်ချယ်ရီအောင်(ဝန်းသို)

### အသက်(၅၈)နှစ်

ဝန်းသိုမြို့နယ်၊ စစ်ကဲကြီးအုပ်စု၊ မြကန်သာ(ကုလားတန်း) ရပ်ကွက်နေ (ဦးအောင်ထွန်း-ဒေါ်ခင်အုံး)တို့၏ သမီး၊ ဒေါ်ရိုစီအောင် (အထက်တန်းသူနာပြု၊ ဝန်းသိုဆေးရုံ)၏ညီမ၊ ဒေါ်သင်းသင်းအောင် (ဌာနခွဲစာရေး၊ ဝန်းသိုထွေ/အုပ်)၊ ဒေါက်တာ စန်းယုအောင် (ကထိက၊ သမိုင်းဌာန၊ မန္တလေးတက္ကသိုလ်)၊ ဒေါ်သက်နိုင်အောင်(အလပြ၊ ကျမိုင်းကြီး၊ မူလွန်)၊ ဦးမျိုးမြင့်အောင်တို့၏အစ်မ၊ ကိုလှိုင် မင်းဆက်အောင်(မန္တလေးတက္ကသိုလ်)၊ မစုစုမွန်(မန္တလေးတိုင်းထွေ/အုပ်)တို့၏ မိခင်သည် ၁၄-၁၁-၂၀၂၀ရက် မွန်းလွဲ ၁၂:၃၀နာရီတွင် ကွယ်လွန် သွားပါသဖြင့် ယင်းနေ့ ညနေ၃နာရီတွင် မြို့မသုသာန်၌ သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၂၅၉ / ၂၀၂၀ )
၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်
(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၄ ရက်)

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ အမည်စာရင်းကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၉ (ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်အရ အောက်ဖော်ပြပါပုဂ္ဂိုလ်သည် ယှဉ်တွဲပါ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူဖြစ်ကြောင်း ကြေညာလိုက်သည် -

| အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ |
|---|---|---|---|
| ကချင်ပြည်နယ် | | | |
| ဦးရယ်ဒမ်းတန် | ၁/မကန(နိုင်)၀၃၆၈၇၀ | နောင်မွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |

(ပုံ) လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်



## ကမာရွတ်မြို့နယ် ပြည်လမ်း မြေအောက်လမ်းကူး လူသွားဥမင် တည်ဆောက်ရေးလုပ်ငန်းမှ မြေအောက်လုပ်ငန်းများ ၈၅ ရာခိုင်နှုန်းခန့်ပြီးစီး

ရန်ကုန် နိုဝင်ဘာ ၁၄

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ရန်ကုန်ပညာရေးတက္ကသိုလ်အနီး ပြည်လမ်းအောက်တွင် တည်ဆောက်လျက်ရှိသော မြေအောက်လမ်းကူး လူသွားဥမင်တည်ဆောက်ရေး လုပ်ငန်း၌ ယခုအခါ မြေအောက်လုပ်ငန်းများ ၈၅ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း ဥမင်တည်ဆောက်ရေးလုပ်ငန်းခွင်မှ သိရသည်။

နိုင်ငံတကာအဆင့်မီဈေးဆိုင်ခန်းများပါဝင်သော ပြည်လမ်းမ မြေအောက်လမ်းကူး လူသွားဥမင် တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် စတင်ခဲ့ပြီး ယခုအခါ Junction Square ဘက်ရှိ အတက်စက်လှေကား မုခ်ဦးတစ်ပေါက်မှာ ဆောက်လုပ်ဆဲဖြစ်၍ ကျန်အပိုင်းများမှာ အချောသပ်လုပ်ငန်းများ *စာမျက်နှာ ၁၅ ကော်လံ ၁* ❑

## နေးရှင်းလိဂ်ဆီမီးဖိုင်နယ်ရောက်ရှိရန် ဘယ်လ်ဂျီယံကို အနိုင်ရရှိရေး လိုအပ်နေသည့် အင်္ဂလန်အသင်း

ယူအီးအက်ဖ်အေ နေးရှင်းလိဂ်ပြိုင်ပွဲ ပွဲစဉ် (၅)အဖြစ် နိုဝင်ဘာ ၁၆ ရက် နံနက် ၂ နာရီ ၁၅ မိနစ်တွင် နာမည်ကြီး ဘယ်လ်ဂျီယံအသင်းနှင့် အင်္ဂလန်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ ဘယ်လ်ဂျီယံအသင်းသည် နေးရှင်းလိဂ်ပြိုင်ပွဲတွင် လေးပွဲယှဉ်ပြိုင် ကစားထားပြီး သုံးပွဲနိုင်၊ တစ်ပွဲရှုံး ရမှတ် ကိုးမှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားနိုင်သည်။ အင်္ဂလန်အသင်းက လေးပွဲကစားပြီး နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြင့် ဒိန်းမတ်အသင်းနှင့် ရမှတ် ခုနစ်မှတ်တူ ဂိုးကွာခြားချက်ကြောင့် ဒုတိယနေရာတွင် ရပ်တည်နေသည်။ *စာမျက်နှာ ၂၇ ကော်လံ ၁* ◆




အင်္ဂလန်အသင်း ကစားသမားများ။

ဖိလစ်ပိုင်နိုင်ငံတွင် တိုင်ဖွန်းမုန်တိုင်း ဗမ်ကို ဝင်ရောက်မှုကြောင့် ၅၃ ဦး သေဆုံးပြီး ၂၂ ဦး ပျောက်ဆုံးနေ (စာ-၁၂)

တောင်ကိုရီးယားတွင် ပါးစပ်နှာခေါင်းစည်း မဝတ်ဆင်သူများကို ဒဏ်ရိုက် (စာ-၁၃)

